www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ခြင်းဖြင့်

ချစ်သူတို့၏ နယ်မြေဒေရိယာအတွင်းရောက်ရှိနေပါသဖြင့်



DESIGN T[illegible] SHWE KYI

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၁၇၉၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
မတ်လ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ●,၁၀၀ ကျပ်

ဖြန့်ချိရေး ● ဗိုလ်ပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ချစ်မျှားရှင်

ချစ်သူတို့၏ နယ်မြေဧရိယာအတွင်း ရောက်ရှိနေပါသဖြင့်/
ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။

၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။

(၁) ချစ်သူတို့၏ နယ်မြေဧရိယာအတွင်း ရောက်ရှိနေပါသဖြင့်


www.burmeseclassic.com

www.burmeseclassic.com



အပြုံးလေးနဲ့ မရေမရာပြန်ဖြေတော့ ကောင်လေးစိတ်ပျက်သလိုဖြစ်သွား၏။

သူကကောင်မလေးကို မျက်စောင်းထိုးသည်။ သူ့စိတ်ထဲမှာ ချစ်သူတစ်ယောက်လုံးကိုတောင် အလေးအနက်မထားသောကောင်မလေး၏ချစ်သူကိုဆွဲထိုးချင်နေ၏။ ကောင်မလေးကိုတော့ မပြောတော့ပါ။ ဒီလိုကိစ္စတွေကိုလည်း သူမပေါ့ပေါ့တန်တန်သဘောထားတာပဲလားလို့ သူတွေးနေသည်။

'ဒါဆို... ဘာလို့အခုချိန်ထိရောက်မလာသေးတာလဲ'

ကောင်လေး၏အမေးကို ကောင်မလေးကပြုံးရင်း ပြန်ဖြေ၏။

'အင်း... တကယ်တော့... လူရောက်တာမရောက်တာထက် တစ်ယောက်စိတ်ထဲမှာ တစ်ယောက်ရှိနေဖို့ပဲလိုတယ်။ အဓိကက စိတ်ပဲ... ငါ့စိတ်ထဲမှာတော့ သူအမြဲရှိနေတာပါ၊ အင်း...သူ့စိတ်ထဲမှာလည်း ငါရှိ မယ်ထင်တာပဲ'

ကောင်လေးက ကောင်မလေးကိုမျက်စောင်းထိုးပြန်၏။ ဒါ ကောင်မလေးက မသိယောင်ဆောင်နေသည်။

'ဒါဆို... ဘာလို့မလာသေးလဲ'

ကောင်လေးကမေးတော့ ကောင်မလေးကမော့ကြည့်ပြီး ပေ ကျစ်ပြောသည်။

'ဘာလဲ... ငါနဲ့အတူမနေချင်လို့လား၊ ဒါဆိုလည်း ပြန် ငါတစ်ယောက်တည်းပဲ ထိုင်စောင့်တော့မယ်'

ကောင်လေးက ကောင်မလေးကိုတစ်ယောက်တည်းထားခဲ့ ပါ။ သူကသက်ပြင်းကိုချပြီး...

'ဒီလိုတော့မပြောပါနဲ့ဟာ... ငါနဲ့အတူနင့်ချစ်သူကိုဒီခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်လာတာ အခါပေါင်းလည်းမရေနိုင်တော့ဘူး။ သူချိန်းတိုင်းလည်း နင်ငါ့ကိုခေါ်လာတယ်၊ ခေါ်လာတိုင်းလည်း သူမရောက်လာဘူး၊ သူဖျားသလား မဲသလားတောင် ငါမသိခဲ့ရဘူး'

ပြောတော့ ကောင်မလေးက ခေါင်းလေးငုံ့ပြီးနားထောင်နေ၏။ ကောင်လေးကကောင်မလေး၏ နဖူးဝင်းဝင်းလေးကိုကြည့်ပြီး တစ်ချက်ပြုံးသည်။ ဘာကြောင့်ပြုံးတာလဲတော့မသိပါ။

'ငါနင်နဲ့ အတူထိုင်ရတာပျော်ပါတယ်။ တကယ်လည်း အမြဲတမ်းထိုင်ရရင်ကောင်းမယ်'

'ဟုတ်လို့လား'

သူတို့နှစ်ယောက်အကြည့်ချင်းဆုံသွားကြ၏။ သို့သော် ကောင်မလေး၏မျက်ဝန်းထဲမှ လျှို့ဝှက်မှုတွေကိုကောင်လေးမမြင်နိုင်ခဲ့ပါ။ ခဏကြာတော့ ကောင်လေးက အကြည့်လွှဲသွားပြီး၊ ကောင်လေးက သက်ပြင်းကိုခိုးချလိုက်တော့သည်။

'ကဲပါ... နင်ပျင်းနေမယ်ဆို စကားပြောကြတာပေါ့'

ကောင်မလေးစကားကိုကြားပြီး ကောင်လေးကရယ်သည်။ ဒါပေမဲ့ အသက်မပါပါ။ (ရယ်ရင်းအသက်ပါသွားရင်တော့ သေပြီပေါ့နော်) မရယ်ချင်ရယ်ချင်နဲ့ ရယ်တာကိုဆိုလိုခြင်းပါ။

'ရယ်တော့ရယ်ရသား... နောက်ဆုံးနင်နဲ့ငါပဲ စကားတွေပြောပြီးပြန်ရတာချည်းပဲ၊ သူတစ်ခါမှကို မရောက်လာဘူး။ ဒီတော့ နင်ငါ့ကိုကြိုက်လိုက်တာမကောင်းဘူးလား'

'နင်နော်...'

ကောင်မလေးမျက်နှာနီသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ… စတာပါဟာ… ငါသိပါတယ် ငါတို့ကသူငယ်ချင်းတွေပဲ…ဟုတ်တယ်… သူငယ်ချင်း'

ကောင်လေးစကားအဖျားပြန်ရှုံးသွား၏။ ကောင်မလေးနဲ့အကြည့်ချင်းဆုံသွားပြန်တော့ မလုံမလဲနဲ့ ကန်ရေပြင်ကိုကြည့်သည်။ ကန်ရေပြင်က ပြန်ငြိမ်နေပေမယ့် ထိုစကားကိုပြောပြီးချိန်မှာ ကောင်လေးရင်ထဲတွင် လှိုင်းထနေ၏။

ကောင်မလေးကတော့ မသိနိုင်ပါ။ (တကယ်လို့တစ်ယောက်ရဲ့ရင်ထဲမှာ ဘာရှိလဲဆိုတာ တစ်ခြားတစ်ယောက်သိမယ်ဆို လောကကြီးမှာ ဘာလျှို့ဝှက်ချက်များရှိနိုင်တော့မှာလဲ) ကောင်မလေးက ကောင်လေးကိုကြည့်ပြီး နှုတ်ခမ်းကိုကိုက်လိုက်၏။

ကောင်လေးကလည်း မကြည့်တော့မသိပါ။ (ကောင်မလေးက ကောင်လေးကိုမကျေနပ်လို့ ဒါမှမဟုတ် ကောင်လေးဆီက တစ်စုံတစ်ရာကိုမျှော်လင့်နေတာလား… အင်း…သူ့ဘာသာ နှုတ်ခမ်းယားလို့ကိုက်တာလဲ ဖြစ်နိုင်တာပဲ) ကောင်မလေးက ဘာမှန်းမသိ နှုတ်ခမ်းကိုကိုက်ပြီး သက်ပြင်းကိုခိုးချလိုက်ပြီးမှ ပြောသည်။

'ငါလေ… ဒီနေရာကိုရောက်ရင် အရမ်းပျော်တယ် သိလား။ နင်ပြောမှပဲ ငါတစ်ခုခုကိုသတိရတယ်'

'ဘာကိုလဲ'

ကောင်လေးကမေးတော့ ကောင်မလေးကရှက်ဝဲဝဲနဲ့ပြောသည်။

'အဟင်း… နင်ပြောသလိုပဲ…တခြားလူတွေမြင်ရင် ငါတို့ကို အတွဲလို့ထင်ကြမှာ'

ကောင်လေးကဝမ်းသာသလိုပုံစံနှင့် ကောင်မလေးကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ချက်ချင်းပြန်မှိုင်သွားပြီး ကောင်မလေးကိုမလိုတမာလေသံနှင့် ပြော၏။

'နင့်မှာချစ်သူမရှိခဲ့ရင် ကောင်းမှာ… အခုတော့ သူများတွေထင်သလိုလက်တွေ့မှာငါတို့မဖြစ်နိုင်တော့ပါဘူးဟာ'

'ချစ်သူ… ဟုတ်လား…ဟင်း ဟင်း'

ကောင်မလေးက ကောင်လေးကိုကြည့်ပြီး ချစ်စရာကောင်းအောင် အသံလွင်လွင်လေးနှင့် ရယ်သည်။ ကောင်လေးက နားမလည်သလိုငေးနေ၏။ တကယ်တော့… သူဒီကောင်မလေးရဲ့သဘောထားကို နားမလည်နိုင်ခဲ့တာ အခုမှမဟုတ်ပါ… ။

+ + +



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အတန်းထဲဝင်လိုက်သည်နှင့် အသံစွာစွာတွေကိုကြားပြီး ငြိမ်းချမ်း ကောင်မလေးတွေကို မျက်စောင်းထိုးသည်။ကိုယ့်ဘာသာအိမ်မှာ မကျက်ဘဲ ကျောင်းရောက်မှ အသံကောင်းဟစ်ပြနေသည်။ ကြားရတာ ဘယ်လိုမှ မကောင်းပါ။ ဆက်ရက်သံရော စာကလေးအသံပါစုံ၏။

ကောင်မလေးတွေကလည်း သူ့ကိုဂရုမစိုက်ပါ။ အသံ(volume) တွေကို ဂိတ်ကုန်တင်ပြီး စာကိုသာအော်ကျက်နေကြ၏။ သူကယောကျ်ားလေးများဘက်အခြမ်းနောက်ဆုံးအတန်းမှာ ဝင်ထိုင်လိုက်၏။

အတန်းထဲဝေ့ကြည့်ပြီး ထူးခြားမှုတစ်ခုကိုမြင်လိုက်လို့ ပြုံးသွားသည်။ တခြားမဟုတ်ပါ။ ဒီနေ့အတန်းပိုင်ဆရာရဲ့သမိုင်းဘာသာကို လပတ်ဖြေရမည်။ ထို့ကြောင့်…

ယနေ့ကျောင်းတက်သော ကျောင်းသားများ(Row)သည် ကျောင်းသူတွေ(Row)ထက် လူအတော်နည်းနေ၏။ ဆရာထိုင်သောစားပွဲပေါ်မှာလည်းခွင့်တိုင်စာတွေ တစ်ထပ်ကြီးပင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အတန်းထဲဝင်လိုက်သည်နှင့် အသံစွာစွာတွေကိုကြားပြီး ငြိမ်းချမ်းကကောင်မလေးတွေကို မျက်စောင်းထိုးသည်။ကိုယ့်ဘာသာအိမ်မှာ မကျက်ဘဲ ကျောင်းရောက်မှ အသံကောင်းဟစ်ပြနေသည်။ ကြားရတာ ဘယ်လိုမှ မကောင်းပါ။ ဆက်ရက်သံရော စာကလေးအသံပါစုံ၏။

ကောင်မလေးတွေကလည်း သူ့ကိုဂရုမစိုက်ပါ။ အသံ(volume) တွေကို ဂိတ်ကုန်တင်ပြီး စာကိုသာအော်ကျက်နေကြ၏။ သူကယောက်ျားလေးများဘက်အခြမ်းနောက်ဆုံးအတန်းမှာ ဝင်ထိုင်လိုက်၏။

အတန်းထဲဝေ့ကြည့်ပြီး ထူးခြားမှုတစ်ခုကိုမြင်လိုက်လို့ ပြုံးသွားသည်။ တခြားမဟုတ်ပါ။ ဒီနေ့အတန်းပိုင်ဆရာရဲ့သမိုင်းဘာသာကို လပတ်ဖြေရမည်။ ထို့ကြောင့် . . .

ယနေ့ကျောင်းတက်သော ကျောင်းသားများ(Row)သည် ကျောင်းသူတွေ(Row)ထက် လူအတော်နည်းနေ၏။ ဆရာထိုင်သောစားပွဲပေါ်မှာလည်းခွင့်တိုင်စာတွေ တစ်ထပ်ကြီးပင်။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေရာမှ ပြန်မဲ့သွား၏။ သူများတွေလို ခွင့်လုပ်တိုင်ပြီး ကျောင်းမတက်လည်းရသည်။ ထိုအကြံအစည်ကို အခုမှရ၍ သူ့ကိုယ်သူကျိန်ဆဲလိုက်သည်။

(သေဟဲ့ ငြိမ်းချမ်းရဲ့)အတန်းထဲရောက်လာပြီးမှ ပြန်ထွက်သွားလို့မကောင်းပါ။ ထို့ကြောင့် မေးလက်ထောက်ထိုင်ပြီး ကောင်မလေးတွေ၏စာအော်ကျက်သံကို လိုက်မှတ်နေ၏။ စာကျက်နည်းတစ်မျိုးပင်။

ဝိဇ္ဇာတွဲသမားတွေကို တစ်ခန်းထားပြီး၊ သိပ္ပံတွဲတွေကို တစ်ခန်းထားသည်။ သူကဝိဇ္ဇာတွဲကိုပဲ ယူထားသည်။ ကျောင်းတက်ချိန်နီးပေမယ့်အတန်းဖော်တင်ကိုလတ်နှင့် ကျော်ခင်ထွန်းတို့ အရိပ်အယောင်တောင် မတွေ့ရသဖြင့် သူအားငယ်သွား၏။ ဒီကောင်တွေကိုအားကိုးပြီး သူစာတစ်လုံးတစ်လေတောင်မကျက်ခဲ့ပါ။ သူတို့ မလာရင် သူ့ဘဝကဆန့်ငင်ငင်ဖြစ်နေတော့မည်။

ဒီအချိန်မှမလာရင် သင်းတို့လည်း ဘယ်သူ့ကိုအဖေအငှားတင်လို့ခွင့်တိုင်စာရေးပြီး ဘယ်ဂိမ်းဆိုင်လစ်သွားပြီလဲ (ခွေးသူခိုးတွေ ငါ့ကိုကျတော့ထားခဲ့တယ်) တွေးပြီး သူတင်းနေ၏။

တင်းနေစဉ်မှာပဲရှေ့ခုံမှာထိုင်နေသောအောင်ပုက မျက်နှာအငယ်စားနှင့်သူ့ကိုလှည့်ရယ်ပြ၏။နာမည်ကအောင်အောင်ဖြစ်သည်။ သို့သော်အရပ်ကမအောင်သောကြောင့်ပုနေ၏၊ ပုနေသောကြောင့် အောင်ပုဖြစ်သွားသည်။

'အဟီး… ငမြွေထိုး ‥ မင်းလပတ်လာဖြေတယ်နော်…ဟဲဟဲ'

ငြိမ်းချမ်းကို ငမြွေထိုးဟုခေါ်ကြ၏။ ငါးမြွေထိုးသည် နွံတောထဲမှာပတ်ထိုးသလို ငြိမ်းချမ်းသည်လူတောထဲမှာပတ်မွှေသည်။ထို့ကြောင့်ငမြွေထိုးဖြစ်သွား၏။ သူကအောင်ပုကို 'ဘု'ကြည့်ကြည့်လိုက်သည်။

www.burmeseclassic.com



'ငါ့ဘာသာလာဖြေတာ မင်းအကြောင်းဘာပါလဲ'

'အဟီး'

ငနဲက ဟီးခနဲမျက်နှာချိုသွေးပြီး ညောင်နာနာအသံနှင့်ပြောပြသည်။

'မင်းကလည်း ဒေါသကြီးပဲ၊ ဒီလိုကွ ငါညကစာကျက်မယ်ဆိုပြီး စာအုပ်တွေထုတ်လိုက်တယ်ကွ၊ အဲဒီမှာ ပြဿနာကစတာပဲ၊ ကျောပိုးအိတ်ထဲကနေဝတ္ထုစာအုပ်တွေထွက်ကျလာတယ်ကွ'

'ထွက်ကျလာတာနဲ့ ငါစာမေးပွဲဖြေတာ ဘာဆိုင်လဲ'

ငနဲက ဖြဲခနဲထပ်ရယ်ရင်းပြောသည်။

'အဟဲ… မင်းသိတဲ့အတိုင်း… သမိုင်းဆိုတာ ဟိုး…ဟိုး…ငယ်ငယ်လေးကတည်းကသင်လာတာဆိုတော့ စိတ်ဝင်စားစရာမကောင်းဘူးကွ'

'အင်း…ဒါတော့ အမှန်ပဲ…ငါလည်းပျင်းတာပဲ'

သူ့ဆီကထောက်ခံချက်ကိုရ၍ ငနဲအားရဝမ်းသာဆက်ပြော၏။

'အဲဒါပဲ…ဒီတော့…ငါလည်းဝတ္ထုစာအုပ်တွေကို စိတ်ဝင်တစား ဖတ်လိုက်တာ…အဟီး…မိုးလင်းခါနီးမှအိပ်ပျော်သွားတယ်ကွာ၊ ကဲ… ဘယ်လောက်ဆိုးလဲ'

သူစိတ်တိုသွား၏။ ဒီငနာဝတ္ထုစာအုပ်ဖတ်ပြီး အိပ်ပျော်သွားခြင်းသည် သူနှင့်ဘာမှမဆိုင်သည့်အပြင် သူ့အပူတစ်ပြားဖိုးမှမပါ။ အနေသာကြီး ပင်ဖြစ်သည်။ ဒါပေမဲ့…

'အဟီး…အဲဒါနဲ့ ငါစာမကျက်ခဲ့ရဘူး၊ မကျက်မှတော့ တစ်လုံးမှ ကိုမရဘူးပေါ့'

'ဟော့ကောင်… ငါနဲ့ဘာဆိုင်လဲလို့ပြောနေတယ်နော်'

'ဟာ… ဆိုင်ပါပြီကောကွာသူငယ်ချင်းရာ… မင်းစာဖြေလို့ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကရေးရင် ပါးစပ်ကအော်ပေးပါလားဟင် ဆရာလစ်ရင်လစ်သလို နှစ်ကိုယ်ကြားလေးလေ'

သူကပြုံးကပြုံးနှင့်ငြင်းတော့ အောင်ပုမျက်နှာလေးကိုအိုး၍ ကောင်မလေးကိုကပ်ပြီး ရည်းစားစကားပြောသံနှင့်...

'လုပ်ပါကွာ... သယ်ချင်းရာ၊ ငါတကယ်မရလို့ပါ'

အပျော့ဆွဲဆွဲပေမယ့် သူကခါးခါးသီးသီးငြင်းသည်။

'ဟာ...ဘာလို့အော်ရမှာလဲ ဘာမှကိုအော်စရာမရှိဘူးကွ'

အောက်ကျခံပြောလို့မရတော့ သူ့ကို ကြိတ်မနိုင်ခဲမရလေသံနှင့်ကြိမ်း၏။

'အေး...ငမြွေထိုး မင်းတွေ့မယ်။ မင်းအလှည့်လည်းကြုံလာမှာပါကွ၊ အဲဒီအခါ ငါကလည်း တော့တာပဲ ဟော့ကောင်'

'ဘာလဲ... ငါကမင်းကို တမင်အကျွင့်ပုပ်ပြီး မပြောပြတာလို့ထင်နေလား'

'မဟုတ်လို့လား'

သူကအောင်ပုကို ဟီးခနဲရယ်ပြပြီးမှ ငိုမဲ့မဲ့နှင့်...

'မထင်ပါနဲ့ကွာ... အဲဒီလို အော်ဖတ်ဖို့အတွက် ငါ့ခေါင်းထဲမှာဘာမှမရှိဘူးကွ'

ပြောသည်။ အောင်ပုက ကကျိုးကကြောင်နှင့်မေး၏။

'ဘာလို့မရှိရတာလဲဟ'

'ဟ...မရှိဆို...ငါလည်း စာတစ်လုံးတစ်လေမှကို မကျက်ခဲ့တာငါ့ကောင်ရေ...ဒီတော့...'

သူကစကားကိုဖြတ်ပြီး အောင်ပုကို မျက်နှာငယ်လေးနှင့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်ပုကလည်း သူ့ကိုမျက်နှာသေနှင့်ပြန်ကြည့်သည်။

'ဒီတော့… မင်းလည်းငါနဲ့ဘာမှမထူးဘူးပေါ့'

'အေး… အတူတူနဲ့ အတူတူပဲကွ'

နှစ်ယောက်သားငိုမဲ့မဲ့ဖြစ်နေကြစဉ် ကျောင်းတက်ခေါင်းလောင်းသံကိုကြားပြီး မဲ့သွားကြလေ၏။

+ + +

ညနေကျောင်းဆင်းသောအခါ ငြိမ်းချမ်းစက်ဘီးကိုတွန်းပြီး ကျောင်းဝင်းထဲကထွက်လာသည်။နောက်ကနေတဖုတ်ဖုတ်ပြေးလိုက်လာသောခြေသံနှင့်အတူ စူစူဆောင့်ဆောင့်စကားသံကို ကြားလိုက်ရ၏။

'ငြိမ်းချမ်း… ဟဲ့ အကောင်…ငါ့ကိုစောင့်ဦး'

သူလှည့်ကြည့်လိုက်တော့ နှုတ်ခမ်းထော်နေတဲ့ မိုးမြင့်သူကိုတွေ့လိုက်ရ၏။ တစ်လမ်းတည်းနေသော သူငယ်ချင်းတွေဖြစ်သည်။ အိမ်ချင်းမျက်စောင်းထိုးပေမယ့် လူချင်းကတည့်ကြသည်။

'မြန်မြန်လာပါဟ… မိမိုးရ'

'ဟဲ့… လာနေတာပဲ မမြင်ဘူးလား ကောင်စုတ်ရဲ့'

သူက စိတ်မရှည်စွာလှမ်းပြောတော့ မိုးသူကလည်း ရန်ပြန်တွေ့သည်။ ဒီကောင်မလေးတော်တော်လှလာတာပဲလို့ သူ့စိတ်ထဲကတွေးပြီး မျက်နှာကပြုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ်နှင့် လမ်းလျှောက်လာဟန်လေးမှာ အတော်ကြည့်ကောင်းသည်။ အနားရောက်လာတော့ သူကမိုးမြင့်သူကို စသည်။

'နှင်ဟာ... နေးလိုက်တာ...စိတ်ချ နှင်ဘယ်လောက်ပဲနွဲ့ပြပြငါ စိတ်မဝင်စားဘူး သိလား'

'အံမယ်လေး... ဝမ်းသာလိုက်တာဟယ်... ငါ့မှာနှင်စိတ်ဝင်စားမှာကိုပဲလန့်နေရတာ။ နှင့်လိုကောင်စားမျိုး စိတ်ဝင်စားတဲ့ကောင်မလေးကတော့ မျက်ရည်ကိုဇလားနဲ့ခံထားရမယ်။ ကျေးဇူးပါပဲဟယ်...တစ်သက်လုံး စိတ်မဝင်စားလေ ငါစိတ်ချမ်းသာလေပဲ'

'အထင်ကြီးလိုက်ပုံများ... သူငယ်ချင်းအရင်းကြီးပဲဟာ ဒီလောက် မြှောက်စရာမလိုပါဘူးဟ... ဟဲဟဲဟဲ'

'ငါကတော့... နှင့်ကို ဝလကလ ပဲ'

'အဲဒါ... ဘာပြောတာလဲ ဟဲ့'

'ဝေးလေကောင်းလေလို့ပြောတာပေါ့... ငတုံးရဲ့'

သူကလှောင်ရယ်ရယ်တော့ သူမကမျက်စောင်းထိုး၏။ ထို့နောက် နှစ်ယောက်သားစက်ဘီးနှင့်အတူ ပြန်ခဲ့ကြသည်။

'နှင်တို့ စာမေးပွဲဖြေရလား'

'ဟင့်အင်း... နှင်တို့ရော'

'အင်း... ဖြေရတယ်...ပြောတော့...နှင်တို့ဝိဇ္ဇာတွဲသမားတွေ ဒီနေ့ဖြေရမယ်ဆို'

'ဟုတ်တယ်... ပြောရဦးမယ်...အဟဲ...ရယ်တော့ရယ်ရတယ် ဒီနေ့ငါတို့ဆီက ကျောင်းသားတွေအတော်များများ လူတွေမရောဘဲခွင့်တွေချည်းပဲလွှတ်လိုက်လို့ ဆရာကမနက်ဖြန်မှဖြေရမယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်'

မိုးမြင့်သူက ဘာရယ်မသိဩော်ပြီးတိတ်သွား၏။ ခဏကြာမှဆရာ လုပ်သည်။

'ငြိမ်းချမ်း…နင်စာကြိုးစားပါဟာ… ငါတို့တက္ကသိုလ်အတူတက် ရအောင်လေ… နင့်ကိုကြည့်ရတာ စာကိုကျက်ရမှန်းလည်း သိပုံမပေါ်သလို ဘဲ၊ ဂစ်တာလေး ခေါက်လိုက်…လက်ဖက်ရည်ဆိုင်ပြေးထိုင်လိုက်၊ဘောလုံး ပြေးကန်လိုက်နဲ့ စာကျက်တာတစ်ခါမှ မတွေ့ဘူး'

'အံမာ…ဆရာမကြီးလာမလုပ်နဲ့ နင်နဲ့တစ်နှစ်တည်းတက္ကသိုလ် တက်ရအောင်လည်း စာမကြိုးစားချင်ဘူး။နဂိုကတည်းကလည်း စာကြိုးစား ဖို့အစီအစဉ်မရှိဘူး။ နင်တို့စာကြိုးစားနေတာကိုကြည့်ရတာ စိတ်ညစ်စရာကြီး စာပဲကျက်နေကြရတာ၊ စာအုပ်နဲ့မျက်နှာကော်ကပ်ထားသလိုပဲ။ ကြာရင်မျက် မှန်တွေတပ် ပါဝါတွေတိုးတာပဲ အဖတ်တင်တယ်…ဟွန်း…ဘွဲ့ရလည်း ခြေလက်နှစ်ချောင်းအပိုထွက်လာမှာ မဟုတ်ဘူး၊ ဝတ်ကျေတန်းကျေပဲ… အချိန်တန်ရင် ဘွဲ့ရလည်းသေရမှာပဲ'

သူကမဲ့ပြီးပြောတော့ မိုးမြင့်သူကလည်း ရွဲ့ပြီးပြော၏။

'အေး… ဘွဲ့ရတဲ့သူနဲ့မရတဲ့သူ သေတဲ့အခါကွာတယ်ဟဲ့၊ အဲဒါကို နင်သိလား'

'အင်း… ဘယ်လိုကွာလဲ'

သူအူကြောင်ကြောင်ဖြစ်သွားပြီး မေး၏။အတွေးထဲမှာလည်း ဘွဲ့ ရသူကနတ်ပြည်သွားပြီး၊ ဘွဲ့မရသူကငရဲပြည်သွားလား တွေးနေ၏။

'ငါတို့ဘွဲ့ရရင်သေတဲ့အခါ နာမည်နောက်မှာဘွဲ့လေးတွေပါတယ် လေ…ဥပမာ… မောင်ငြိမ်းချမ်း (M.B.B.S) '



www.burmeseclassic.com

www.burmeseclassic.com



'အင်… သေမှတော့နင့်ဘွဲ့က ဘာလုပ်မှာလဲ… နေဟာ…အဲဒီ အကြောင်းဆက်ပြောရင် ငါ့စက်ဘီးပေါ်ကကန်ချခဲ့မှာနော်'

'အဟိ'

သူတကယ်တင်းသွားတော့ မိုးမြင့်သူကရယ်သည်။ခဏတိတ်သွား ပြီးမှ စကားလမ်းကြောင်းပြောင်းသွား၏။

'နင့်ကိုပြောရဦးမယ်…ဟိုကောင်ဇော်လတ် ငါ့ကိုအတင်းလိုက်ကပ် နေတယ်၊ ဘယ်လိုမှ ပြောမရဘူးဟယ်'

'အင်း…ဒါကမဆန်းပါဘူး… နင့်မှာအမတေတ်တွေရှိမှတော့ အဖို့ မာတ်တွေရှိနေတဲ့ အရာတိုင်းကနင့်ဆီပြေးကပ်ကြမှာပဲလေ… သေချာတာက တော့ နင့်ရဲ့အမတေတ်ဆွဲအား အတော်ပြင်းလာပြီဆိုတာပဲ…ဟဲ ဟဲ…ကန် ကလေး… ကျပ်ကျပ်သတိထားပါ'

'သေနာ'

မိုးမြင့်သူရှက်သွားပြီး သူ့ကျောကိုထုတော့ ရယ်နေလိုက်သည်။ နောက်မှ မကျေမနပ်နှင့်ပြောသည်။

'အဲဒါနင်မကောင်းတာ…နင်ဝိဇ္ဇာတွဲယူလို့ ငါနဲ့အခန်းမတူတာ… ဒီတော့…အခန်းတူတဲ့ ဒီကောင်အခွင့်အရေးရနေတာ… နင်ရှိရင်မကပ်ရဲ ဘူး'

'ဩော်… နင်ကလှတော့လည်း ကပ်မှာပေါ့။ ပြောလိုက်ပါလား မီးတို့ကစာကလွဲပြီး စိတ်မဝင်စားဘူးလို့'

'ဟယ်… ကိုးတန်းကတည်းက ငါပြောပါတယ်…မကြိုက်ပါဘူး ဆိုတာ နင့်ယောက်ဖကရမှမရဘဲ'

ကက်ကက်လန်ရှန်ပြန်တွေ့လို့ သူပြုံးသွားသည်။ဇော်လတ်နှင့်အ



www.burmeseclassic.com

www.burmeseclassic.com



သူပါကပ်ချင်နေ၏။ သည်အရွယ်သည် အချစ်အတွက်စိတ်ကူးယဉ်လို့ အကောင်းဆုံးအချိန်ပင်။

'ဒီကောင့်ကိုငါပြောပါဦးမယ်… မရရင်တော့ ဒီတစ်ခါဆရာနဲ့တိုင်ဟာ'

'ဩော…အဲဒါတော့ နင်ပြောမှလား၊ တိုင်လိုက်မှတစ်ကျောင်းလုံး အော်ကျက်ဖြစ်ပြီး ငါသိက္ခာကျတာပေါ့ ဟဲ့'

သူစိတ်လေသွား၏။ ကိုယ့်ကိစ္စမဟုတ်ဘဲ နားငြီးနေခြင်းပင်။ နားအေးပြီးရောသဘောနှင့်သူပြောလိုက်သည်။

'ကဲပါဟာ… နောက်မနှောင့်ယှက်ဖို့ ငါပြောပေးပါ့မယ်။ ဒါနဲ့… နင်သူ့ကိုတကယ်မကြိုက်ပါဘူးနော်'

'ဘာ…သေနာ…တကယ်ကြိုက်မှတော့ ငါ့ဘာသာတိုးတိုးတိတ်တိတ်ပဲအဖြေပေးမှာပေါ့ နင့်ကိုပြောစရာလား'

ဒေါသကြောင့် အသံ(volume) ပိုကောင်းလာသည်။ ထို့ကြောင့် သူအလျှော့ပေးလိုက်၏။

'အေးပါဟာ… အေးပါ၊ငါပြောပါ့မယ် ကပ်ချင်းကပ်…ငါပဲကပ်မယ်…လို့'

မိုးမြင့်သူက သူ့ကျောကိုနောက်မှဆိတ်သည်။ပါးစပ်ကအေးပေမယ့် အတွေးထဲမှာတော့ သူကအဖြေတောင်းပြီး ရှက်ပြုံးလေးနှင့်မိုးမြင့်သူကအဖြေပြန်ပေး၏။ ထို့ကြောင့်သူ့မျက်နှာပြုံးဖြီးဖြီးဖြစ်သွားသည်။ သူတို့လမ်းထဲရောက်လာပြီး မိုးမြင့်သူ၏အိမ်ရှေ့သို့ရောက်လာသည်။

ကောင်မလေးစက်ဘီးပေါ်ကဆင်းသွားမှ သူကအသာကပ်ကာတိုးတိုးပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'မိမိုး… ငါ့ကိုအဖြေပေးတဲ့အခါလည်း တိုးတိုးတိတ်တိတ်နော်'

'အင်'

ကောင်မလေးအိုးတို့အမ်းတန်းနှင့်ဖြစ်နေစဉ် သူကရယ်ရင်းစက်ဘီးကိုအားကုန်နင်းပြေး၏။

'ဘာ.. သေနာကျ…နင်တွေ့မယ်၊ နက်ဖြန်နင်နဲ့ငါတွေ့မယ်'

နောက်ပိုင်းတွင် မိုးမြင့်သူ ခုန်ဆွခုန်ဆွဖြစ်ကျန်ခဲ့သည်။

'ဟားဟားဟား…တိုးတိုးပဲနော်…သိလား…'

ခြံတံခါးကိုဖွင့်၍ သူခြံထဲပြေးဝင်လိုက်ပြီး မျက်နှာရဲနေသောမိုးမြင့်သူကို ပြောင်ပြသည်။ ကောင်မလေးက မျက်စောင်းကြီးဝင့်ပြီး အိမ်ထဲခြေဆောင့်ဝင်သွားတော့သည်။

+ + +



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မိုးမြင့်သူအိမ်ထဲဝင်လိုက်တော့ ဧည့်ခန်းထဲသတင်းစာထိုင်ဖတ်နေသောငြိမ်းချမ်း၏ဖခင် ဦးခင်ငြိမ်းကသတင်းစာပေါ်က ကျော်ကြည့်သည်။

'သမီးလေး… ထိုင်ဦး'

'ဟုတ်ကဲ့'

သူမဝင်ထိုင်လိုက်ပြီး ခေါင်းကုတ်မိ၏။ ဦးခင်ငြိမ်းက သားဖြစ်သူကိုမကြည့်ပါ။ ထို့ကြောင့်သူမ ငြိမ်းချမ်းရှိလား မေးဖို့အတွက်မဝံ့မရဲဖြစ်နေသည်။

'ဪ…သမီးလေး… သားကိုလာခေါ်တာလား့ကွဲ့'

တော်သေးသည်။ ငြိမ်းချမ်း၏အမေ ဒေါ်စုမြတ်အိမ်ထဲကထွက်လာ၍အသက်ရှုချောင်သွားသည်။

'ဟုတ်ကဲ့…ကျူရှင်သွားဖို့ အချိန်ကပ်နေလို့ သွားမသွားလာမေးတာပါ အန်တီ'

'ဪ… ဒီကလေးအခုတင်ထမင်းစားပြီး အိပ်ခန်းထဲဝင်သွားတာ၊ နေဦး အန်တီသွားခေါ်လိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကိုချ၏။ မိုးမြင့်သူလည်း ဘာမှမပြောရဲသောကြောင့် တိတ်နေသည်။

'အဖေရယ်စိတ်မပူပါနဲ့ လပတ်ကအခိကမဟုတ်သလို ထူးချွန်မပါလဲ ဘာမှမဖြစ်ပါဘူး။ စာမေးပွဲကြီးမှာဖြေနိုင်ပြီးအောင်စာရင်းထဲကိုယ့်နာမည်ပါဖို့က အဓိကပါတဲ့လေ၊ သင်းအသုံးမကျတာကို ဝန်မခံဘူး'

ပြောရင်း ဒေါသ၏အရှိန်က အတော်မြင့်လာပြီ။ မိုးမြင့်သူဘာပြောရမည်မသိဖြစ်နေစဉ် မသာမယာမျက်နှာပေးနှင့် အိမ်ထဲကထွက်လာသော ငြိမ်းချမ်းကိုတွေ့လိုက်ရ၏။

'လာ… သွားကြမယ်'

ငြိမ်းချမ်း အိမ်ထဲကအမြန်ထွက်သွားခြင်းကြောင့် သူမလည်း အဖိုးကြီးနှင့်အဖွားကြီးကို ပြုံးပြပြီးပြေးလိုက်သွားရသည်။

ဒေါ်စုမြတ်ကမိုးမြင့်သူကိုကြည့်ပြီး သဘောကျစွာပြုံးကာယောက်ျားဖြစ်သူကိုပြော၏။

'ယောက်ျား… ကောင်မလေးက အချောလေးနော်၊ ကြွနွေလည်းရတယ်၊ သားနဲ့မလိုက်ဖက်ဘူးလား… အဟင်း'

'ဟွန်း… မလိုက်ဘက်ဘူးကွ၊ မင်း သားနဲ့တန်ကိုမတန်တာ ကောင်မလေးဘက်ကတောင် နာသေး'

'တော်ဟာလေ'

ဦးခင်ငြိမ်းက မိန်းမဖြစ်သူ၏မျက်စောင်းဒဏ်ကို သတင်းစာကာ၍ ကွယ်လိုက်၏။

+ + +

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းစက်ဘီးကိုပဲနင်းပြီး မိုးမြင့်သူ့ကိုစကားတစ်ခွန်းမှမပြောပါ။ သူ့အဖေရှိရင် ကျောင်းစာနဲ့ပတ်သက်တဲ့ကိစ္စမပြောပါနဲ့လို့ ငြိမ်းချမ်းကကြို ပိတ်ပြီးသား။

ဒါပေမဲ့ မိုးမြင့်သူက ဒီနေ့အမှတ်မဲ့ဝင်ခေါ်သောကြောင့်ငြိမ်းချမ်း စိတ်ဆိုးနေသည်။

မိုးမြင့်သူက ငယ်ပေါင်းအကြောင်းသိဖြစ်လို့ အပြုံးနှင့်ချော ၏။

'နင့်အဖေ အစောကြီးပြန်ရောက်နေတာကို မသိလို့ပါဟာ… ပြီးတော့ အချိန်ကကပ်နေပြီ၊ တမင်ချောက်ချတာမဟုတ်ပါဘူး'

'ဘာပဲဖြစ်ဖြစ် ငါလာခဲ့ပါ့မယ် နင့်ကိုလာမခေါ်ပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ။ ပြီးတော့… နင်တစ်ယောက်တည်းဖြစ်နေမှာစိုးလို့ ငါကဒီသင် တိုင်းချာနေတဲ့ သင်္ချာကိုကျူရှင်ယူရတာ။ ငါ့လိုသာဆို ဖေးသေး…သင်ရ တာပျင်းစရာကောင်းတယ်။အေး…. နောက်တစ်ခါနင်လာခေါ်ရင် ဒီကျူရှင် ဘယ်တော့မှ မလာတော့ဘူး…ရှင်းတယ်နော်'

'အေးပါဟယ်… အေးပါ… နှုတ်သီးကလည်း ကောင်းလိုက် တာ'

မိုးမြင့်သူက သူ့ကိုသရော်ပြီးရယ်သည်။ သူလည်းစိတ်ကအကြာ ကြီးမဆိုးတတ်တော့ ပြုံးမိသွား၏။

'နင်နဲ့အဖေ ဘာတွေပြောနေကြလဲ'

'အဟိ… နင့်မကောင်းကြောင်းလေ'

'ထင်သားပဲ…နင်ကလည်း ချွန်နေတာမို့လား…ဟွန်း… ချွန်ဗင် ကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ငါကချွန်စရာလားဟဲ့… သူ့ဘက်ကလည်းလိုက်ပြောပေးရသေးတယ်၊ စေတနာနဲ့မတန်ဘူး'

စကားခဏပြတ်သွားကြ၏။ ငြိမ်းချမ်း၏အစီအစဉ်ထဲတွင် ကျူရှင်သွားဖို့မရှိပါ။ သူကကျူရှင်ကိုအကြောင်းပြပြီး အပေါင်းအသင်းတွေနှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်၍ တွေ့သမျှကောင်မလေးတွေကို မျက်စေ့အစာကျွေးမည်။ ဒါပေမဲ့… မိုးမြင့်သူက အိမ်အထိလိုက်ခေါ်၍ အစီအစဉ်တလွဲဖြစ်သွားသည်။ တွေးလေလေ တင်းလေလေဖြစ်နေသည်။ သို့သော်မိုးမြင့်သူက အလိုက်ကမ်းဆိုးမသိ လျှာဆက်ရှည်နေ၏။

'စာကြိုးစားပါဟယ်… နင့်အဖေက နင်စာမေးပွဲကျရင် ဆက်မထားတော့ဘူးတဲ့'

'မထားတော့လည်း မနေရုံဘဲ၊ စာကျက်သက်သာတယ်။ ဘာလဲ နင်ကငါ့ကို့ အထင်သေးတယ်ပေါ့လေ'

သူတင်းသွားသောကြောင့် မိုးမြင့်သူကချော့၏။

'နင်ကလည်းဟယ်… ငါပြောတာ ဒီလိုသဘောမဟုတ်ပါဘူး'

'ဟွန်း…ကြည့်ထား… D ပါမပါအာမမခံပေမယ့် အောင်အောင်မြေပြမယ်။ ဒါမှ အထင်သေးတဲ့ ပါးစပ်တွေပိတ်သွားကြမှာ'

'အထင်သေးလို့မဟုတ်ပါဘူး။ ငါကနင့်မိဘတွေ နင့်ကိုချစ်စေချင်လို့ပါ'

'အပိုတွေပြောမနေနဲ့ ငါ့မိဘတွေက ငါ့ကိုချစ်ပြီးသားပဲ၊ နင်ဘာမှ တိုင်လာပတ်မြှနေစရာမလိုဘူး။ လျှာကိုပြောတာနော် အားကြီးရှည်တယ် ကိုယ့်အလုပ်ကိုယ်လုပ်'

'နေဟာ… မပြောတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်… မပြောတော့ နားမငြီးတော့ဘူးပေါ့၊ နင်တို့မိန်းမတွေဟာ အားကြီးစကားပြောများတာပဲ၊ စိတ်ကုန်တယ်'

မိုးမြင့်သူ့ဆီက ဘာသံမှမကြားရတော့ဘဲ ကောက်သွား၏။ ကျူရှင်ရောက်သောအခါ စာသင်နေပြီ။ မိုးမြင့်သူကပျာပျာသလဲဖြစ်နေပေမယ့်သူစိတ်ပျက်လက်ပျက်နှင့်ခေါင်းရမ်းရင်း အထဲဝင်လိုက်ကြ၏။

၄

+ + +

'မြွေထိုး လာပြီဟေ့'

ကျောင်းစာသင်ခန်းထဲဝင်လိုက်စဉ် တင်ကိုလတ်က ကျော်ဇင်ထွန်းကိုပြောသည်။ ငြိမ်းချမ်းက ထိုနှစ်ယောက်ကို ဘုကြည့်ကြည့်၍ခုံတွင်ဝင်ထိုင်လိုက်၏။

'မင်းတို့ အပေါင်းအသင်းကောင်း မပီသဘူး'

'ဟင်… ဘာလို့လဲဟ'

သူကရောက်ရောက်ချင်း ဆောက်နှင့်မထွင်းဘဲ ရန်တွေ့၍တင်ကိုလတ်နှင့်ကျော်ဇင်ထွန်း စပ်ဖြီးဖြီးဖြစ်သွား၏။ (အေးလေ ဆောက်နှင့်ထွင်းအောင် သူကလက်သမားမဟုတ်သလို ဟိုကောင်တွေကလည်း သစ်သားမဟုတ်ဘဲ)ဟုတွေးသည်။ ပြီးမှ…

'ဘာလို့လဲ… ဟုတ်လား…မနေ့ကမင်းတို့ကျောင်းလစ်သွားတာငါ့ကိုဘာလို့မပြောလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်... ဒါလား...ဟဲဟဲဟဲ'

ကျော်ခင်ထွန်း(ခေါ်)အဆီပိတ်က အကျိုးသင့်အကြောင်းသင့်ရှင်းပြသည်။ ဝလွန်းလို့ အဆီပိတ်ဟုဝိုင်းခေါ်ကြခြင်းပင်။

'ဒါကဒီလိုကွ ငါတို့သုံးယောက်လုံး ကျောင်းလစ်ပြေးတော့ ဆရာရိပ်မိမှာပေါ့...ပြီးတော့... စာမေးပွဲဖြေရတာ အဆင်ပြေမပြေသိချင်လို့ မင်းကိုထားခဲ့တာပါကွ...ဟဲဟဲ'

'ဟုတ်တယ်ကွ...ရှိတာမှ သုံးယောက်... အားလုံးအတူပြေးရင် သိသာမှာစိုးလို့ပါကွ'

'အခုရောမသိသာဘူးလို့ မင်းထင်လို့လား၊ တော်တော်တရားကျဖို့ကောင်းတယ်။ မင်းတို့တော့ခံ ငါ့ကျတော့ခံပေါ့လေ... ဟုတ်လား'

တင်ကိုလတ်လို့ခေါ်သော ငါးခူ၏စကားအဆုံးမှာ သူ့အသံက ဆောင့်အောင့်စွာ ပေါ်လာ၏။

တင်ကိုလတ်က နှုတ်ခမ်းမွှေးထားပေမယ့် နှုတ်ခမ်း၏အလယ်တွင် မပေါက်ပါ။

နှုတ်ခမ်း၏တစ်ဘက်တစ်ချက်တွင် တစ်ပင်စနှစ်ပင်စ ခပ်ကျဲကျဲသာပေါက်နေသောကြောင့် ငါးခူတစ်ကောင်ကဲ့သို့ စပ်ဖြဲဖြဲဖြစ်နေသည်။ ထို့ကြောင့် ငါးခူဟုခေါ်ကြ၏။

'ဒီအဆီပိတ်ပြောတာ ဟုတ်တယ်ကွ...သယ်ချင်း...မင်း စာဖြေနိုင်ရဲ့လား... ဟဲဟဲဟဲ'

'မဖြေဘူး...လုံးဝကို မဖြေရတာ'

'ဟော'

ငါးခူတို့နှစ်ယောက် သူ့စကားကြောင့် တစ်ယောက်မျက်နှာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြည့်လိုက်ကြ၏။ နောက်ဆက်တွဲစကားကိုကြားပြီးမှ ငိုချင်သွားကြ
သည်။

'မပောနဲ့… မနေ့က လူမစုံလို့ ဒီနေ့မှဖြေမှာတဲ့ ဟဲဟဲဟဲ'

'တကယ်…သေပါပြီကွာ… တောက်… စာတစ်လုံးမှကိုကျက်
မလာခဲ့ဘူး'

ငါးခူငိုချင်ပက်ကျိုနှင့်ညည်းပြီး… အဆိပ်တက ရှေ့တန်းတွင်ထိုင်
နေသော အောင်ပုခေါင်းကိုလှမ်းထုသည်။

'သောက် ကျင့်မကောင်းတဲ့ အောင်ပု… မင်းပြောတော့ ဖြေဖြစ်
တယ်ဆို… ခွေးသူခိုး'

အောင်ပုကမျက်စောင်းနှင့်ပိုင်းထိုးနေကြတာကိုကြည့်ပြီး ဟီးခန်
ရယ်သည်။

'အဟီး… ငါကစေတနာနဲ့ပါကွ၊ မင်းတို့ကျောင်းခဏခဏလစ်
ရင် အရိုက်ခံရမှာစိုးလို့ပါ။ ပြီးတော့ ဆရာကလည်း ဒီနေ့မှဖြေမယ်ဆိုတာ
အသိမပေးရဘူးတဲ့'

'ဟုတ်တယ်… မင်းတို့အောင်ပုကို ပြဿနာမရှာနဲ့၊ဆရာကမပြော
ခိုင်းတာကွ'

သူအောင်ပုဘက်က ဝင်ပြောလိုက်လို့တော်တော့၏။ မဟုတ်ရင်
ငါးခူတို့က အောင်ပုကိုလည်ပင်းထညှစ်ကြတော့မည်။ ဒါပေမဲ့… အရင်နေ့
ကကျောင်းလာတက်သည့်ငနဲတွေကို မေးတော့လည်း ဖြေပြီးပြီဟုတစ်
တည်းထွက်ထားကြ၏။

ကောင်မလေးတွေကိုတော့ သိပ်အရေးတဝင်မနေကြပါ။ သင်းတို့
နှုတ်သီးစွာ၏။ငြိမ်းချမ်းက အတန်းထဲဝေ့ကြည့်ပြီး ပြုံးလိုက်မိသည်။မနေ့



www.burmeseclassic.com

www.burmeseclassic.com



ကခွင့်တိုင်စာနှင့်အတူ နေမကောင်းကြသောသူအားလုံး ဒီနေ့ချက်ချင်းကြီး ကိုနေကောင်းပြီး ကျောင်းရောက်လာကြသည်။ ထို့ကြောင့် ပြုံးသွားခြင်းဖြစ်၏။

ထိုင်မှိုင်နေကြသော ငနဲနှစ်ကောင်ကို သူကမေးသည်။

'နေပါဦး… မနေ့ကခွင့်တိုင်စာကို မင်းတို့ဘယ်လိုဖန်လဲ'

'လွယ်လွယ်လေးပါကွာ… ဟဲဟဲ… ငါးခူကို ငါ့အဖေနေရာခဏ ထားပြီး ခွင့်စာရေးခိုင်းသလို၊ ဒီကောင့်အဖေငါလုပ်ပြီး သူ့အတွက်ခွင့်ငှိုင် ပေးလိုက်တာလေ…ကဲ… မပိုင်ဘူးလား'

'ဩော'

အဆီပိတ်၏စကားကိုနားထောင်ပြီး အတော်ပိုင်တဲ့အကြံလို့သူတွေး နေသည်။ ငါးခူကလည်း အပြုံးနှင့်ပြော၏။

'ရွှေပြည်စိုးနဲ့လိပ်ပုလည်း ငါတို့နဲ့လိုက်လာတာ၊ပြီးတော့…တခြား ကောင်တွေလည်းအများကြီးပဲ၊ ရုပ်ရှင်သွားကြည့်ကြတာ တစ်ပျော်ကြီးပဲ'

အားပါးတရပြောနေလို့ သူမနာလိုစွာနှင့် ရွှေပြည်စိုးနှင့်လိပ်ပုကို မျက်စောင်းထိုး၏။ဒီနှစ်ကောင်က အောင်ပုနှင့်တစ်တန်းတည်းဖြစ်ကာ အရင် အတော်ရှည်သော မင်းမင်းထိုက်ကို ရွှေပြည်စိုးဟုခေါ်ပြီး၊ ကျော်စွာဦးကို လိပ်ပုဟုခေါ်ကြ၏။ လိပ်ပုနှင့်အောင်ပုအရပ်ချင်းက သူမသာ ကိုယ်အသာ တွေဖြစ်သည်။

ငါးခူက ငြိမ်းချမ်းကိုဟီးခနဲရယ်ပြသည်။

'သယ်ချင်း… မင်းစာကျက်ခဲ့တယ်မို့လား… အဟဲ… ငါတို့ နောက်ဆုံးခုံမှာ မင်းကအတော်ဆုံးလေ၊ ဒီတော့… စာညွှံတဲ့ငါတို့ကိုပြောပြ နော်'



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ဖားဖားတော့ သူကလည်း…

'အင်း…တတ်သလောက် မှတ်သလောက်တော့ ပြောပြရမှာ ပေါ့'

အတော်အားကိုးချင်စရာကောင်းအောင် ပြော၏။ ငါးခူတို့နှစ် ယောက်လည်း လူပေါင်းမှားပြီဟု တွေးကာမဲ့သွားကြသည်။

ငါးခူတို့နောက်ဆုံးခုံတန်းကနေပြီး စာမေးပွဲမဖြေဖြစ်ဘူးဆိုသော သတင်း ရှေ့ဆုံးအတန်းတွင်ရှိသော လေစ်တွေဆီရောက်သွားသည်။ သို့သော် ဘာမှမတတ်နိုင်ကြပါ။ မကြာခင်အချိန်မှာပဲ ကျောင်းတက်ခေါင်းလောင်းသံ ကြားလိုက်ကြရတော့သည်။

+ + +

မနက်ခင်း၏နောက်ဆုံးသမိုင်းချိန်တွင် ကျောင်းသားတွေမျက်နှာ ငယ်နေကြ၏။ သမိုင်းဆရာသည် သဘောကောင်းသလို အရိုက်လည်း ကောင်းသည်။ စာကိုဟုတ်တိပတ်တိရသော ကျောင်းသားမရှိကြပါ။ကျောင်း သူတွေကတော့ တော်ကြပါသည်။

သင်ထားသောစာတွေကများသလို (ဘယ်အပုဒ်တွေကို မေးမယ် ဘယ်ဟာတွေပါမယ်)လို့ကြိုမပြောထားပါ။ ထို့ကြောင့်မိုးပြိုမှာကြောက်သော ယုန်ငယ်လေးများလို မျက်လုံးလေးတွေပြူးနေကြလေ၏။ ထိုစဉ် သမိုင်းဆရာ အခန်းထဲဝင်လာသောကြောင့် အားလုံးထ၍နှုတ်ဆက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါ… ထိုင်ကြပါ'

မင်္ဂလာပါဆိုပေမယ့် စာမရလို့တကယ်မင်္ဂလာရှိပါ့မလားလို့ ငြိမ်းချမ်းတွေးနေမိသည်။

ဆရာက အခန်းထဲတွင်ရှိသော လူစုံတက်စုံကိုဝေ့ကြည့်ကာ ပြုံးလိုက်၏။

'ဩော… ဒီနေ့တော့ လူတွေစုံတယ်နော်… အင်း…မနေ့ကစာမေးပွဲမဖြေဖြစ်တာကို မသိဘူးနဲ့တူတယ်'

ခနဲ့တဲ့တဲ့ပြောပေမယ့် အားလုံးငြိမ်နေကြသည်။ ဆရာကကျောင်းသားတွေဘက်ဝေ့ကြည့်သည်။

'မနေ့က နေမကောင်းတဲ့လူတွေ ဒီနေ့ချက်ချင်းကြီးကိုနေကောင်းလာကြတယ်ဆိုတော့… အင်း…ဆေးစွမ်းကောင်းတွေနဲ့တိုးလာကြပြီနဲ့တူတယ်'

ကျောင်းသားတွေ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ မဲ့သွားကြ၏။

'ဖြေပြီးတာနဲ့ ဆရာ့ဘာသာမှာအဆင့်တစ်ခါတည်းချွမယ်၊ အမှတ်လည်းတစ်ခါတည်းစစ်မယ်။ နောက်နေ့ဒါမှမဟုတ်ညနေကျူးရင် နေမကောင်းထပ်ဖြစ်ချင်ဖြစ်ကြမှာ… ဒီတော့'

ဆရာကစကားကိုဖြတ်၍ ကျောင်းသားတွေကိုကြည့်၏။ ကျောင်းသားတွေမျက်လုံးပိုပြူးသွားကြသည်။

'ဒီတော့… နေ့လည်မုန့်စားကျောင်းလည်း ဆင်းချင်မှဆင်းရမယ် အင်းလေ… ပညာရေးဆိုတော့ လုပ်နိုင်ကြမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏စကားမဆုံးသေးပေမယ့် ကျောင်းသားတွေအားလုံးမျက်နှာများအိုသွားကြသည်။ ဆရာက ဆရာလိုပြုံးသည်။

'အမှတ်အစိတ်ဖိုးပဲဖြေကြရမှာပါ မအောင်မှာမပူကြနဲ့၊ ဆရာ့တပည့်တွေ ဒီလောက်တော့ တော်ကြလိမ့်မယ်ထင်ပါတယ်၊ (၅)မှတ်တန်မေးခွန်း (၅)ပုဒ်တည်းပါ… ကဲ…မင်းသူ…ဘလက်ဘုတ်မှာ မေးခွန်းတွေထွက်ရေးစမ်းကွာ။ ပြော်… အားလုံးပဲ ဘောပင်ကလွဲပြီး လွယ်အိတ်တွေကို ဆရာ့စားပွဲပေါ်လာတင်ကြပါ'

မင်းသူက ကုပ်ချိချိနှင့်ထသွားပြီး မြေဖြူတစ်ချောင်းကိုယူ၍ ဘလက်ဘုတ်မှာ ဆရာရေးခိုင်းသောမေးခွန်းများကိုရေး၏။ လွယ်အိတ်သွားပုံကြသော ကျောင်းသားကျောင်းသူများကို ဆရာက အဖြေလွှာစာရွက်များ ပြန်ပေးလိုက်သည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ…

'ကဲ… အားလုံးပဲ အချိန်နာရီဝက်ပဲရမှာ၊ ဒါပေမဲ့ (၁၅)မှတ်ဖိုးလောက်တော့ ဖြေနိုင်ကြမယ်ထင်ပါတယ်'

ပါးစပ်ကပြောရင်း ကြိမ်တံတစ်ချောင်းကိုလက်တွင်ကိုင်၍ ဆရာက (Row)နှစ်ခုကြား ရှေ့နောက်အစုန်အဆန်သွားပြီး (Round)လှည့်နေသည်။ ခိုးချခြင်း ခိုးကူးခြင်းများလုပ်ဖို့ဘယ်လိုမှ မဖြစ်ပါ။

ဆရာနောက်နားကိုရောက်နေစဉ် ရှေ့ဆုံးအတန်းတွင် ဖြေနေသော မင်းသူနှင့်ကျောင်းသားတစ်ယောက် အသံပလူးပလူးနှင့်ကြိတ်ထွက်လာ၏။ ဆရာ့ဆီက ဘာသံမှထွက်မလာသော်လည်း လက်ထဲတွင်ကိုင်ထားသော ကြိမ်တံနှင့်…

'ဒေါင်… ဒေါင်'

နဖူးတစ်ယောက်တစ်ချက်စီ တွယ်လိုက်လို့ ကျောင်းခန်းခေါင်းလောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



အသံကြီးများထွက်လာကြ၏။မျက်လုံးတွေ ဒူဝေဝေဖြစ်သွားကြသော မင်းသူ တို့နှစ်ယောက်ကိုနမူနာယူ၍ ဘယ်ကျောင်းသားမှပလူးသံများ မထွက်ရဲကြ တော့ချေ။

မုန့်စားကျောင်းဆင်းချိန်တွင် တခြားအတန်းများလွှတ်ပေမယ့် ဆယ်တန်း(B)ခန်းမလွှတ်သေးပါ။ ထို့ကြောင့် တစ်ယောက်မှမုန့်မစားရသေးပေ။ ဒါပေမဲ့ ကြိမ်လုံးစားရဖို့တော့ မြင်နေကြလေသည်။

ဆရာကစစ်ပြီးသား အဖြေလွှာတွေကို ရှေ့မှာပုံပြီး ကျောင်းသူတွေ ကိုအဖြေလွှာတွေပေး၍ အဆင့်တွေအော်ပြောပြ၏။ အဆင့်(၂၀)အထိကျောင်း သူများမှာ အမှတ်(၂၀)ဝန်းကျင်ရကြ၏။ ထို့ကြောင့်အရိုက်မခံကြရပါ။ ကျောင်းသူတွေပြီးနောက် ဆရာကကျောင်းသားတွေဘက်သို့ အပြုံးနှင့်ကြည့် လိုက်သည်။

'အဆင့်(၂၁) မင်းသူ'

(၂၁)ဆိုတော့ ယောကျ်ားလေးအားလုံးထဲတွင် အတော်ဆုံးဖြစ်၍ မဆိုးပါ။ ကျောင်းသားအားလုံး စပ်ဖြီးဖြီးနှင့်ပြုံးနေသောမင်းသူကို မနာလို စွာဝိုင်းကြည့်ကြ၏။ မင်းသူက ဆရာပုံစံနှင့်ရင်ကော့၍ဆရာ့ဆီကအဖြေလွှာ ကိုထွက်ယူသည်။

'အင်း··· မင်းသူ···ငါတပည့်တော်တယ်၊ ယောကျ်ားလေးတွေ ထဲမှာ မင်းအတော်ဆုံးပဲ'

'ဟီး··· ဟုတ်ကဲ့ဆရာ'

မင်းသူ၏မျက်နှာကြီး အတော့်ကိုဖြီးသွားပေမယ့် ဆရာ့နောက်ဆက် တွဲစကားကိုကြားပြီး မဲ့သွားသည်။

'ဒါပေမဲ့··· (၁၃)မှတ်ပဲရလို့ တစ်ချက်တော့ ရိုက်ရမယ်ကွဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'ဖြန်း'

ဆရာက မင်းသူရဲ့ခြေသလုံးကိုကြိမ်နှင့်တစ်ချက်ဆွဲပြီးမှ...

'ဒါပေမဲ့... မင်းစိတ်မပျက်ပါနဲ့၊ယောက်ျားလေးတွေထဲမှာ မင်းက နံပါတ်တစ်လေ... ဆက်ကြိုးစား...ကဲ... သွားတော့ရပြီ'

မင်းသူလည်း မျက်နှာငယ်လေးနှင့်ကုပ်ချိုချိုပြန်ထိုင်သည်။ ဝမ်းသာရမလို ဝမ်းနည်းရမလိုနှင့်ပေကြောင်ကြောင်လေးပြန်ထိုင်နေသော မင်းသူကို ကြည့်၍ အားလုံးပြုံးလိုက်ကြလေသည်။

အတော်ဆုံးတောင်တစ်ချက်အတွယ်ခံရမှတော့ ကျန်လူတွေဆိုဖွယ် ရာမရှိတော့ပြီ။

'အဆင့်(၂၂) တင်လင်းထွန်း'

'ဖြန်း...ဖြန်း'

'ခွန်ခင်မောင်ချင်း အဆင့်(၂၃)'

'ဖြန်း...ဖြန်း...ဖြန်း'

လင်ကွင်းကိုတူနှင့်ထုသကဲ့သို့သော အသံများအဆက်မပြတ်ပေါ် နေသည်။ထိုအသံများကြောင့် တခြားအတန်းက ကျောင်းသားကျောင်းသူများ အခန်းဝတွင် စုပြုံနေကြ၏။

သူများတွေ ယယ်ပယ်နယ်နယ်ကြီးအရိုက်ခံနေခြင်းကို ဝမ်းသာအားရ ဝိုင်းအားပေးကြသည်။ အယောက်သုံးဆယ်ကျော်ချိန်ထိ ငြိမ်းချမ်းတို့အဖွဲ့ နာမည်မပါသေးပါ။ အဆင့်သုံးဆယ်ခြောက်ဖြစ်သော (၃၆)ယောက်မြောက် မှ...

'အဆင့်(၃၆)လာခဲ့... (၃၆)ကောင် အပိုကောင်ငြိမ်းချမ်း'

ငြိမ်းချမ်းလည်း ရှုံ့မဲ့ကုပ်ချို၍ ဆရာ့နားရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြန်း…ဖြန်း…ဖြန်း… ရော့…(၅)မှတ်ပဲရတယ်'

ရိုက်လည်းပြီးရော ငြိမ်းချမ်းကမဲ့ရွဲ့ရင်းမေး၏။

'ဆရာ… သွားလို့ရပြီလားဟင်'

'ဘာကွ…ထပ်ပြီးအရိုက်ခံချင်သေးတယ်ပေါ့'

ဆရာက ကြိမ်လုံးကြီးတရွယ်ရွယ်နှင့်တင်းပြီး မေးတော့မှသူက အတင်းရှင်းပြသည်။

'မ… မဟုတ်ပါဘူး ဆရာရယ်… ဟိုလေ… ဗိုက်ဆာလို့ အဲဒါ အပြင်ထွက်လို့ရပြီလား မေးတာပါ'

'မရဘူး… အားလုံးပြီးမှသွားရမယ်'

ငြိမ်းချမ်းလည်း ခပ်ကုပ်ကုပ်နှင့်ပြန်လာရ၏။

'ကျော်ဇင်ထွန်း… အဆင့်(၃၇)'

'ဖြန်း…ဖြန်း…ဖြန်း'

'တင်ကိုလတ်… အဆင့်(၃၈)'

'ဖြန်း…ဖြန်း…ဖြန်း'

'မင်းမင်းထိုက်… အဆင့်(၃၉)'

'ဖြန်း…ဖြန်း…ဖြန်း'

'အောင်အောင်… အဆင့်(၄၀)'

'ဖြန်း…ဖြန်း…ဖြန်း'

'ကျော်စွာဦး… အဆင့်(၄၁)'

'ဖြန်း…ဖြန်း…ဖြန်း'

ကျော်စွာဦးက နောက်ဆုံးပင်။ သူ့နောက်တွင် တကယ်နေမကောင်း၍တကယ်လာမဖြေနိုင်သော ကျောင်းသားတစ်ယောက်ပဲရှိ၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်တွင်တစ်ယောက်ရှိသေး၍ ကျော်စွာဦးကဂုဏ်တောင်ယူနေသေး၏။

ဆရာဖြစ်သူအတန်းထဲက ပြန်ထွက်သွားသောအခါလက်တစ်ဘက် လှုပ်မရတော့ပါ။

ငြိမ်းချမ်းတို့တစ်တွေစာတော်ပုံက ထိုကဲ့သို့ဖြစ်၏။

+ + +



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ကျောင်းပိတ်သော စနေ့တစ်ရက်တွင် ငြိမ်းချမ်းတို့သုံးယောက် လက်ဖက်ရည်ဆိုင်တွင်ဆုံဖြစ်ကြ၏။ မိဘတွေက ထိုသို့လတ်လျားလတ်လျားနေသည်ကို မကြိုက်။ သို့သော် သူတို့ကကြိုက်၏။

ငြိမ်းချမ်းက ဆေးလိပ်မသောက်ပေမယ့် ကျော်ဇင်ထွန်းနှင့် တင်ကိုလတ်က အသောက်သင်၏။ ထိုကိစ္စကိုလည်း မိဘများကမကြိုက်ကြပါ။ ဒါပေမဲ့... သူတို့က ကြိုက်ကြသည်။ ငြိမ်းချမ်းက လက်ဖက်ရည်သောက်ရင်း လမ်းပေါ်တွင် သွားလာနေကြသော ကောင်မလေးများကို ငမ်း၏။

ထိုကောင်မလေးများကိုမြင်လျှင် သူ့ရင်ထဲ၌ ရေငတ်သလိုခံစားရသည်။ ထို့ကြောင့်လက်ဖက်ရည်ကုန်သွားသောအခါ ရေနွေးကိုတစ်ခွက်ပြီးတစ်ခွက်ဆင့်၍သောက်သည်။ သို့သော်ရေကဆာမပြေ အာကခြောက်ဆဲဖြစ်၏။

ခဏအကြာတွင် ဘယ်အဆိုတော်က ဘယ်လိုကောင်းကြောင်းနှင့် ဟာသကားများတဖြည်းဖြည်းညစ်ညမ်းလာကြောင်းကို ပြောနေကြသည်။

တစ်ဖန် ကိုရီးယားမများ၏ပေါင်တံများလှသော်လည်း အသားအရေမှာ ကြမ်းတမ်းတမ်း ပွစောင်းစောင်းကြီးများဖြစ်ကြောင်း၊ မြန်မာများ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်တံများသည် မလှသော်လည်း၊ အနာရွတ်နှင့်ဝဲများထူကြောင်း အာပေါင် အာရင်းသန်သန်နှင့် ပြောနေကြ၏။

နောက်ဆုံးနေ့စကြဝဠာ၏အပြင်ဘက်တွင် တခြားဂြိုဟ်များ ရှိသေးကြောင်းကို ပေါင်တံမှသည် စကြဝဠာအဆုံးကျယ်ပြန့်စွာ ပြောနေကြ၏။ ကျော်ဇင်ထွန်းက ရေနွေးတစ်အိုးထပ်တောင်းလိုက်ပြီး၊ တင်ကိုလတ်က လမ်းပေါ်ပြန်ငေးသွားသည်။

ငြိမ်းချမ်းက မိုးမြင့်သူ့အကြောင်းတွေးနေ၏။ သူမကျူရှင်သို့ တစ်ယောက်တည်းသွားသည်။ ရိုးရိုးသွားခြင်း မဟုတ်ပါ။ ရှယ်သွားခြင်းလည်းမဟုတ်။ ကောက်၍သွားခြင်းပင်။ မြွေလို တွန့်လိမ်ကောက်ကွေး၍ သွားခြင်းမဟုတ်ဘဲ ငြိမ်းချမ်းကိုစိတ်ကောက်သွားခြင်းပင်။

ကျူရှင်သို့အတင်းခေါ်ပေမယ့် ငြိမ်းချမ်းလိုက်မသွားသောကြောင့် တစ်ယောက်တည်း ပေစောင်းစောင်းနှင့် သွားတာကို မြင်လိုက်ရသည်။ ငြိမ်းချမ်းကိုလည်း မျက်စောင်းထိုးသွားသေး၏။ မျက်စောင်းထိုးသောဟန်လေးသည် ချစ်ဖို့ကောင်းလေသည်။ ထိုမျက်စောင်းလေးကို ပြန်တွေးရင်း သူကြည်နူးနေစဉ်...

'ဟာ... ဟိုမှာကြည့်စမ်း မိထက်ပဲ၊ ဒီကောင်မလေးထွားလာချက်ကတော့ တစ်လုံးတစ်လုံးသပိတ်လုံး...အဲလေ...တစ်လုံးတစ်ခဲကြီးနဲ့ အားပါးတရကြီး ဖြစ်လာပါလားဟ...'

တင်ကိုလတ်၏ ကြိတ်မနိုင်ခဲမရစကားသံကြောင့် သူ့အတွေးပျက်ပြီး စိတ်ဆိုးသွားပေမယ့် ကျော်ဇင်ထွန်းကလမ်းပေါ်လှမ်းကြည့်ကာ မှုံးနေသောမျက်လုံးပြူးသွား၏။

'ဟုတ်တယ်ကွ... ဒီကောင်မလေးဒီနှစ်မှလှလာတာကို ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိတယ်… ဘယ်လိုလဲ ကိုလတ်မင်းစမှာလား… ငါစရမလား'

လမ်းပေါ်တွင်လျှောက်လာနေသော ဖြူဖြူကစ်ကစ်ကောင်မလေးကို နှစ်ယောက်သားကြည့်၍ ညိုနေကြ၏။ သူလည်းအမြင်ကတ်ကတ်နှင့်ဘာမှ မပြောဘဲ စောင့်ကြည့်နေသည်။

'မင်းအသာနေပါ အဆီပိတ်ရာ၊ ငါနဲ့က မျက်လုံးချင်းစကားပြော ပြီးသားကွ'

'နေလေ… ပေါတောတောစကားတွေလာ မပြောနဲ့ငါကတော့ လက်တွေ့ပဲ… မင်းမသွားရင် ငါသွားမယ်'

'ဟာ…ငါသွားမှာပါကွ… မင်းနေ…ဟော့ကောင်…အချင်းချင်း စားမာန်မခုတ်နဲ့'

နှစ်ယောက်သား ထွက်ကွင်းပြင်ရှုံနှင့်ရွာသားကြီးပဲရောက်တော့မှာလို လေးထောင့်ကန်ကိုပဲပြေးရမှာလိုဖြစ်နေစဉ် ကောင်မလေးက တက္ကစီတစ်စီး ငှားပြီးထွက်သွားမှပဲ ပြန်ထိုင်ကျသွားကြ၏။

'မင်းလုပ်လို့ လွတ်သွားပြီကွ… တောက်'

'အောင်မာ… မင်းမကောင်းလို့ ငါ့ရှုပါနဲ့ဆိုဖြူးနေမှာ'

'အဟာ… ဘာလဲ ငါးခူရ… ကောင်မလေးက ပိုးသေအောင် အိမ်သာခွက်ကို ထုံးဖြူးသလို မင်းမျက်နှာကိုဖြူးပေးမှာလား'

နှစ်ယောက်သားကောင်မလေးမရှိမှ အချစ်စစ်ခင်းနေကြ၏။ သူက အဝေမတည့်သောထိုနှစ်ယောက်ကို ပြုံး၍ကြည့်၏။

'ဟွန်း… အဖြစ်ဖြင့်မရှိဘဲ'

ထိုစကားကြောင့် ငနဲနှစ်ကောင်၏မျက်စောင်းတွေက သူ့အပေါ်ပြိုင် တူကျလာတော့သည်။ ထိုစဉ်လမ်းပေါ်သို့ ငြိမ်းချမ်းအကြည့်ရောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကဝင်းသွားသည်။ ထို့ကြောင့်ကျန်နှစ်ယောက်ကပါလိုက်ကြည့်ပြီး မဲ့ရွဲ့သွားကြ၏။

'မင်းကျတော့ရော ဘာထူးလို့လဲ'

'အေးလေ… အတူတူနဲ့အတူတူကို ငထူလုပ်ယူနေသေးတယ်'

သူတို့ပြောသောစကားများကို မကြားဟန်နှင့်ငြိမ်းချမ်းက စက်ဘီးစီး၍ကျူရှင်ကပြန်လာသော မိုးမြင့်သူကိုငေးနေသည်။

ဆိုင်ရှေ့ရောက်တော့ ကောင်မလေးကသူတို့သုံးယောက်ကို ကြည့်ပြီးမျက်နှာရှုပ်သွားသည်။ ထို့နောက်ငြိမ်းချမ်းတစ်ယောက်တည်းကိုခွက်၍ မျက်စောင်းထိုးသွားပြန်၏။ ငြိမ်းချမ်းကစက်ဘီးကျော်သွားပြီး နောက်ဆုံးမြင်ကွင်းထဲကပျောက်သွားသောအချိန်အထိ လိုက်ငေးနေသဖြင့်ကျန်နှစ်ကောင်ကမဲ့ရွဲ့သွားကြလေသည်။

'ငတ်တုတ်မေ့တယ်ဆိုတာ… ဒါမျိုးဖြစ်မှာ'

'မဟုတ်ပါဘူး ငါးခူရာ၊ ထိုင်လျှက်သေနေတာလို့ခေါ်တယ်'

သူတို့စကားကိုမကြားသလိုနှင့် ငြိမ်းချမ်းကရေနွေးခွက်ကိုယူသောက်၏။

'ဘာလဲ… မင်းရင်ထဲမှာ ပူနေပြီမဟုတ်လား'

'ဟုတ်တယ်… ငါသူ့ကိုတွေ့ရင် အလိုလိုရင်တုန်လာတယ်'

'အဲဒါကြောင့်ပြောတာ စူပါပလိန်းသောက်ရင် ရေနွေးအရမ်းမနည်းနိုင်းနဲ့လို့၊ ဒီကောင်ကပြင်းတော့ ရင်တုန်တယ်'

ငြိမ်းချမ်းက ငါးခူကိုမျက်စောင်းထိုး၏။ သူ… မိုးမြင့်သူကို တိတ်တဆိတ်ချစ်နေသည်။ ထိုအကြောင်းကို သူငယ်ချင်းနှစ်ယောက်အား ပြောပြထားသည်။ ဒါပေမဲ့… မိုးမြင့်သူကိုမပြောရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကွာ… ဒီလောက်ရင်းနှီးနေတာ ဖွင့်ပြောလိုက်ပေါ့'

'အေးလေ…မင်းတခြားကောင်တွေကိုကျတော့ လိုက်အောင်သွယ်ပေးပြီးတော့ မင်းကိုယ်တိုင်ကျတော့မစွံဘူး'

'မင်းတို့ပြောလည်း ခံရမှာပဲ… ငါသူ့ကိုတစ်သက်လုံးဖွင့်ပြောဖြစ်မယ်မထင်ဘူး'

'ဘာဖြစ်လို့လဲ'

ငါးခူ၏အမေးကြောင့် သူပြုံးလိုက်သည်။

'ငါ… သူ့ကို… အရမ်းချစ်လို့ပေါ့'

သုံးယောက်သား ခဏငိုင်သွားကြသည်။ နောက်မှအဆီပိတ်၏အသံပေါ်လာ၏။

'အဓိပ္ပာယ်မရှိလိုက်တာ ငမြွေထိုးရာ၊ မင်းတကယ်ချစ်တာနဲ့ပဲဖွင့်မပြောဘူးဆိုတာ… ဘာ…ဘာ… ဘာမှမဆိုင်ဘူး'

တင်ကိုလတ်ခေါ် ငါးခူကလည်း…

'ဟုတ်တယ်… မင်းကျန်ခဲ့မယ်နော်၊ ဒီကောင်မလေးကို လိုက်နေတဲ့လူ ဆယ်ယောက်ထက်မနည်းဘူးကွ၊ တော်ကြာ မင်းယူကြုံးမရနဲ့အပူလုံးကြွပြီး ကြွေနေခဲ့မယ်သိလား'

ဝိုင်းပြော၏။ ငြိမ်းချမ်းက သူငယ်ချင်းနှစ်ယောက်ကိုမျက်နှာငယ်လေးနှင့်ကြည့်သည်။ ဝိုင်းသာမြှောက်ပေးကြပေမယ့် သူ့စိတ်ထဲကခံစားချက်ကိုသူတို့သိနေကြသည်။

'မင်းတို့လည်းသိသားနဲ့… ငါတို့နှစ်ယောက်က နီးပေမယ့်စည်းခြားထားတဲ့တောင်နဲ့မြောက်ကိုရီးယားလိုပဲ ပေါင်းစည်းဖို့မလွယ်ဘူး… ဘာလို့လဲဆိုတော့…ငါတို့နှစ်ယောက်ကြားမှာလည်း သူငယ်ချင်းဆိုတဲ့စည်းကခြားနားထားတယ်လေ… ဒီစည်းကိုငါဘယ်လိုကျော်ရမလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



သူကခံစားချက်နှင့်ပြောပြီး အားကိုးတကြီးမေး၍ ကျွန်နှစ်ယောက် ငြိမ်သွားကြသည်။ လည်လိမ်နေသော ငြိမ်းချမ်းကိုစိတ်မညစ်ရလေအောင် ငါးခူက စပ်ဖြီးဖြီးနှင့်ပြောလိုက်သည်။

'အဟဲ… အလွယ်လေး… ဟော့သလိုပုဆိုးလေးကိုမပြီး သာသာ လေးခွကျော်လိုက်ပြီးပြီ… အဟီး'

ပုဆိုးကိုမပြီး ဇာတ်မင်းသားလို ခြေဖျားကော့၍ခွပြသော ငါးခူကို သူပျစ်ပျစ်နှစ်နှစ်ဆဲလိုက်တော့သည်။

+ + +

မိုးမြင့်သူ ဒေါသကြောင့်မျက်နှာလေးစူပုပ်နေသည်။ ငြိမ်းချမ်းကို လည်းစိတ်ဆိုးနေ၏။ တစ်ယောက်တည်းသွားရသဖြင့် စိတ်ဆိုးရသည့်အပြင် ဓော်လတ်ကငြိမ်းချမ်းမပါသောကြောင့် အသွားရေအပြန်ပါ ရည်းစားစကား လိုက်ပြော၏။

ထို့ကြောင့်သူမ၏ဒေါသများသည် ငြိမ်းချမ်းပေါ်သို့ပုံကျနေသည်။ နှုတ်ခမ်းကိုကိုက်ရင်း စဉ်းစားနေသည်။ သင်းကတော့ လက်ဖက်ရည်ဆိုင်မှာ အေးဆေးငြိမ့်နေတယ်၊ ငါ့မှာတော့ သူ့အတွက်အိမ်ကိုညာပေးရတာ…

'တွေ့မယ်… ဒီတစ်ခါတော့နာပြီမှတ်'

လို့တွေးနေသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ သူမကိုခွင့်ိုးလုပ်ပြီး ကျူရှင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဘဲ လက်ဖက်ရည်ဆိုင်ထိုင်၏။ အရင်တစ်ခေါက်တွေတုန်းကတော့ လိုက်ပို့လိုက်ကြိုသည်။သည်တစ်ခေါက်တော့ သူမကိုအရေးမစိုက်ဘဲ လက်ဖက်ရည်ဆိုင်မှာ မထုံတတ်တေးနှင့်ထိုင်နေသည်။ သူမပြန်လာတာကိုတောင် အရေးမလုပ်ပါ။

ထို့ကြောင့် သူမတင်းသွားတော့သည်။ မိန်းကလေးများသည် သူတို့ကိုဂရုမစိုက်လျှင် အားကြီးစိတ်ဆိုးစိတ်ပုပ်၏။ သူမအိမ်ပြန်ရောက်သော အခါ စက်ဘီးကိုခြံဝန်းထဲထည့်ပြီး လူကတော့ ငြိမ်းချမ်းတို့အိမ်ထဲဝင်သွားတော့သည်။

'သြော်… သမီးလေးပြန်လာပြီလား သားရော… ဘယ်မှာကျန်ခဲ့လဲဟင်… ဒီကောင်လေးဟာလေ'

ဒေါ်စုမြတ်ကပြောတော့ သူမကမျက်နှာငယ်လေးနှင့်ဝင်ထိုင်သည်။ ပြီးမှ မပြောချင်ပြောချင်ဟန်နှင့်ပြောသည်။

'သမီးလည်း အဲဒါပြောမလို့… ငြိမ်းချမ်းလေ… ဒီနေ့ကျူရှင်မလိုက်ဘူး'

'ဘာ… ဒီကောင်ကျူရှင်မလိုက်ဘဲ ဘယ်မှာအလေလိုက်နေလဲ'

ဒေါ်သထွက်သွားသော ဒေါ်စုမြတ်ကို သူမကကြောက်ရွံ့သော မျက်နှာလေးဖြင့်မော့ကြည့်၏။ တကယ်ကြောက်တာမဟုတ်ဘဲ ချွန်ဖို့ဖြစ်၏။

'ဟိုလေ… သူ…သူက… သမီးကိုပြန်ပြောရင် ရန်လုပ်မယ်လို့ ကြိမ်းထားလို့ မပြောပါရစေနဲ့'

'အိုး… ဒီကောင့်ကိုကြောက်စရာမလိုဘူး၊ အန်တီရှိတယ်ပြောသာ ပြော… သမီးဘက်က အန်တီရှိတယ်'

အတင်းကာရောမေးသောကြောင့် မပြောပြချင်သောသူမကရေပက်



www.burmeseclassic.com

www.burmeseclassic.com



မဝင်အောင်ပြောတော့သည်။ အရင်ကဘယ်နှစ်ခါလစ်တာ၊ အခုရောဆိုဘယ်နှစ်ခါရှိပြီစသည်ဖြင့် နာရီဝက်နီးပါးကြာအောင်ချွန်တော့သည်။(ဒါတောင်သိမ်မပြောချင်လို့လေ) ငြိမ်းချမ်းပြောသော ချွန်စက်ကြီးတကယ်ဖြစ်လာသည်။

'အဲဒါပါပဲအန်တီရယ်… သူစာမေးပွဲကျမှာစိုးလို့ သမီးကစေတနာနဲ့ပြောရတာပါ။ သူတအားလေနေတယ်…ဟွန်း…သူ့အပေါင်းအသင်းတွေကလည်းအတူတူပဲ ကလေတွေ၊ ကြာရင်သူပျက်စီးတော့မှာမို့ပြောရတာပါ'

'သမီးမှန်တယ် … ပြောသင့်တာကြာပြီ၊ ကျေးဇူးတင်လိုက်တာကွယ်၊ သင်းလာမှ သူ့အဖေနဲ့ပေးတွေ့လိုက်မယ်'

ဒေါ်စုမြတ်ကိုပိုပိုသာသာချွန်ပေးလိုက်သောကြောင့် ပိုထွက်သွား၏ဒေါသကိုပြောပါသည်။အံတကြိတ်ကြိတ်နှင့်ကြိမ်းဝါးနေစဉ် သူမကရုပ်တည်လေးနှင့်နှုတ်ဆက်ပြန်ခဲ့၏။ ခြံပြင်လည်းရောက်ရော…

'နင့်တော့နာပြီ ငမြွေထိုးရေ'

လို့အူမြူးစွာတွေးရင်း ပျော်နေ၏။

ရေမိုးချိုးစားသောက်ပြီးသည်နှင့် ဝရန်တာတွင်ထွက်၍စာကျက်ချင်ဟန်ဆောင်ကာ ငြိမ်းချမ်းတို့အိမ်သို့ချောင်းနေသည်။ နာရီဝက်လောက်ကြာသောအခါ ငြိမ်းချမ်းလေလေးတစ္စီစွီနှင့် စက်ဘီးစီး၍ခြံထဲဝင်သွားတာ တွေ့ရသည်။

ခြံထဲရောက်သောအခါ လေချွန်သံပျောက်၍ ဒေါ်စုမြတ်၏ပြောဆိုကြိမ်းမောင်းနေသံကို ကြားရသည်။ ပတစ်ပတစ်နှင့်မရပ်မနားဆူနေသောဒေါ်စုမြတ်၏အသံကို ပီပြင်စွာကြားနေရသည်။ ငြိမ်းချမ်းအသံကတိတ်သည်၊ ဒါပေမဲ့ ခဏပဲဖြစ်၏။

'ငါမွေးတဲ့မျောက်က ငါ့ပြန်လိမ်ရတယ်လို့ ခံရခက်လိုက်တာဟယ်…ကြည့်စမ်း ဖအေနဲ့တစ်ကျင့်တည်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ… အမေပြောမှ ကျွန်တော်တို့သုံးယောက်စလုံး ငှက်ပျော သီးပဲဝယ်စားရမလိုဖြစ်နေပြီ… အဟီး'

'ဘာ'

ငြိမ်းချမ်း၏ပြန်ပက်သံကိုကြားရပြီး သူမတဟိဟိနှင့်ကြိတ်ရယ်နေ ပေမယ့် ဒေါ်စုမြတ်ကတော့ အတော်ပေါက်ကွဲသွားသည်။ခဏကြာပြီးနောက် ဦးခင်ငြိမ်းပြန်ရောက်လာတော့သည်။

ထိုတော့မှပွဲက ရိုက်သံတဖုန်းဖုန်းနှင့် ပိုမြိုင်သွား၏။

+ + +

မိုးမြင့်သူကျောင်းသွားဖို့ ငြိမ်းချမ်းခြံထဲကထွက်အလာကို စောင့်နေ သည်။ သူမအတွေးထဲတွင် ငြိမ်းချမ်းက သူ့မိဘတွေနှင့်တိုင်သောကြောင့် ရန်လုပ်နေသည်။

ဒါပေမဲ့… ဒီကောင်က အချော့အလွန်ကြိုက်ဆိုတော့ ပြန်ချော့လိုက် လည်း ရပါတယ်ဟုတွေးပြီး ပြုံးနေသည်။

'ဟယ်'

သို့သော်ခြံထဲက ထော့နဲ့ထော့နဲ့နဲ့ထွက်လာသော ငြိမ်းချမ်းကိုကြည့် ၍သူမမျက်လုံးပြူးသွားသည်။ ပြူးမည်ဆိုလည်း ပြူးသင့်ပါသည်။ ငြိမ်းချမ်း သည်အရင်လိုမဟုတ်ပါ။ဘယ်လက်တစ်ဘက်က ပတ်တီးနှင့်အတူကြိုးသိုင်း ထားရသည်။ ထို့အပြင် နဖူးမှာပလာစတာ၊ မျက်လုံးနှစ်ဘက်က ဖိတ်ပြီး၊ ပါးတွေကဖောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှလောက်အထိအရိုက်ခံရမည်မထင်သောကြောင့် သူမကြည့်ပြီး သနားသွားတော့သည်။ ငြိမ်းချမ်းကတော့ သူမနားကပ်ပြီး ပြုံးပြ၏။သို့သော် သူ့အပြုံးသည် မဲ့နေသလိုကြီး။ သူမရင်ထဲမှာ ဘယ်လိုမှမကောင်းဘဲ ငိုချင် နေမိသလို တစ်ခါမှမခံစားဘူးသော ခံစားမှုများဖြစ်ပေါ်နေသည်။သူမမဝံ့မရဲ နှင့်မေး၏။

'နင်ဘယ်လိုဖြစ်တာလဲဟယ်'

'ဟုတ်တယ်… အဟဲ… အဖေ့လက်ရာလေ…ဒါနင်မြင်ရတဲ့ အစိတ်အပိုင်း… နင်မမြင်ရတဲ့ ကျောကုန်းနဲ့ခြေသလုံးဆို ပိုဆိုးတယ်… ဒီမှာလေ'

ငြိမ်းချမ်းက ကောင်းနေတဲ့လက်တစ်ဘက်နှင့်ပုဆိုးကိုမပြတော့ ခြေသလုံးတွင်အရှိုးရာများနှင့်ယောင်ကိုင်းနေသည်။

'ကဲ… နင်ကျေနပ်ပြီလား'

'ငါလေ…ဒီလောက်ဖြစ်မယ်မထင်လို့ ပြောလိုက်မိတာပါ…ဖြစ်ရ လေဟယ်'

သူမစိတ်မကောင်းစွာပြောပေမယ့် သူကတော့ အပြုံးမပျက်သည့် အပြင်စပ်ဖြီးဖြီးနှင့်…

'ဒီနေ့…ငါ…နင့်ကိုစက်ဘီးနဲ့လိုက်မပို့နိုင်တော့ဘူးလေ၊ အဲဒါကို လာပြောတာပါ'

ပြောပြီးနောက် ငြိမ်းချမ်းက ထော့နဲ့ထော့နဲ့နှင့်ပြန်လှည့်သွား၏။ သူမမျက်ရည်ဝိုင်းသွားပြီး လှမ်းပြောသည်။

'နင်… ငါ့ကိုစိတ်မဆိုးဘူးလားဟင်'

ငြိမ်းချမ်းခဏရပ်သွားပေမယ့် လှည့်မကြည့်ပါ။ခဏကြာမှသူ့အသံ ညောင်နာနာကိုကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါနင့်ကို ဘာလို့စိတ်ဆိုးရမှာလဲ…နင်ကျေနပ်ဖို့အတွက်…ဒါမှမဟုတ်…နင်ပျော်နေရင်…ငါဘာပဲဖြစ်ဖြစ်…အဟဲ…လုပ်ပေးမှာပါဟာ…ငါလေ…နင့်ကို…အရမ်း…အင်း… ခင်တယ်…ဒီတော့ဟာ နင်ပျော်ရင်ပြီးတာပဲ'

ထိုစကားများကိုပြောပြီးနောက် ငြိမ်းချမ်းကတာရှေ့ရှေ့နှင့်သူ့ခြံထဲပြန်ဝင်သွားလေသည်။ သူမမျက်ရည်အဝိုင်းသားနှင့် ငေးကြည့်နေသည်။ စိတ်ထဲတွင် သနားခြင်း၊ စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ…။

+ + +



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

သုံးလေးရက်လောက် အိမ်ထဲတွင်နေလိုက်ရသောကြောင့် သူငြီးငွေ့ သလိုဖြစ်လာသည်။ နာမည်ကသာ ငြိမ်းချမ်း၊ လူကတော့ ပူပူလောင်လောင် ကိုပဲသဘောကျသည်။

'ပညတ်သွားရာ ဓာတ်သက်မပါဘဲ၊ဖအေဖြစ်သူလက်ချက်ကြောင့် ကံကောင်းလို့အသက်မပါတယ်'

လို့ သူမသက်မသာနဲ့တွေးနေသည်။

'ဒီနေ့တော့ ကျောင်းသွားရမယ်'

လို့ဆုံးဖြတ်လိုက်သည်။ မိုးမြင့်သူကို သူစိတ်မဆိုးခဲ့ပေ။ စိတ်ဆိုး လို့လည်း မရခဲ့ပါ။ မိုးမြင့်သူဆိုသော ထိုကောင်မလေးသည် စိတ်ဆိုးစရာ မကောင်းဘဲ ချစ်စရာကောင်း၏။

ကျန်ခဲ့သောရက်များတွင် သူ့ဆီကိုမျက်နှာငယ်လေးနှင့် ရောက် ရောက်လာတတ်သည်။ ပြီးတော့လည်း စကားတစ်ခွန်းတစ်လေတောင်မပြော ဘဲခေါင်းလေးငုံ့ပြီး ပြန်ပြန်သွားသည်။

သူ့စိတ်ထဲတွင် ပြောင်းလဲသွားသော ထိုကောင်မလေးကို ဘယ်လို မှနားမလည်ပါ။ အရင်ကမှ ဖော်ဖော်ရွှေရွှေနှင့် စကားတွေရပက်မဝင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ် ဆရာလုပ်တတ်ပေမယ့်၊ မှတ်မှတ်ရရသူအရိုက်ခံရပြီးကတည်းက စကားသိပ်မပြောတော့။

ထို့ကြောင့် သူလည်းသူမနှင့်တွေ့လျှင် အလိုလိုစကားပြောဖို့ဆွံ့အသွားတတ်သည်။ အနေနီးပေမယ့် အခုနောက်ပိုင်းသူစိမ်းဆန်သွားတော့သည်။ တွေ့တိုင်းလည်း သူမသည် မပွင့်မလင်းမျက်နှာနှင့်ဖြစ်နေတတ်သည်။

သူ မရိုးသားတာကို သူမသိသွားပြီလားဆိုသော စိုးရိမ်စိတ်က သူ့ကိုခြောက်လှန့်နေသည်။ ဒါပေမဲ့သူ့စက်ဘီးနောက်ကတော့ လိုက်ဦးမည်ထင်သည်။

သူအတွေးကိုဖြတ်၍ ရေမိုးချိုးအဝတ်အစားလဲပြီး စက်ဘီးတွန်းကာ ခြံထဲကထွက်သည်။ အိမ်နောက်ဘက်ရောက်နေသော မအေးဖြစ်သူက လှမ်းအော်၍နှုတ်ဆက်သည်။

'သား··· ကျောင်းသွားမယ်ဆို မုန့်ဖိုးယူသွားလေ'

'မယူတော့ဘူး'

သူလည်း ပြတ်ပြတ်ပဲပြောပြီးထွက်ခဲ့၏။ မအေးဖြစ်သူကို စိတ်ဆိုးမပြေသေးသလို ပိုက်ဆံလည်းမလိုပါ။ မလိုဆို ဖအေးဖြစ်သူပိုက်ဆံအိတ်ထဲက လစ်တုန်းနှိုက်ထားပြီးပြီ။

လက်တစ်ဘက်က နည်းနည်းနာနေသေးပေမယ့် စက်ဘီးလောက်တော့ ကိုင်နိုင်သည်။ မိုးမြင့်သုံ့တို့ အိမ်ရှေ့ရောက်တော့ လှမ်းခေါ်၏။

'မိမိုး···ကျောင်းသွားကြမယ်လေ'

'သြော်···သားရေ···ခဏ အထဲဝင်ဦးလေ မင်းသူငယ်ချင်းအလှပြင်တုန်းကွဲ့'

'သြော···အပြင်ကပဲစောင့်တော့မယ် အန်တီ'



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲတွင် ထူးဆန်းသွားသည်။ (ဒီကောင်မလေး အလှပြင်တယ်…ကြည့်စမ်း ငါမရှိတဲ့ရက်ပိုင်းလေးမှာ ရည်းစားများရသွားလား)လို့ သူရင်ထိတ်စွာတွေးနေသည်။

နောက်မှ (မဖြစ်နိုင်ဘူး ဒီလောက်အညာလွယ်တဲ့အထဲမှာ ဒီကောင်မလေးမပါဘူး၊ ငါစိတ်ထင်တာပါ)လို့ ဖြေတွေးတွေးနေပြန်သည်။ ခဏကြာတော့ ပထမဆုံးအနံ့ပေါင်းစုံနေအောင် ရှူပြီးမှ၊ လှလှပပပြင်ဆင်ထားသောမိမိုးကို သူတွေ့လိုက်ရသည်။

သူပါးစပ်အဟောင်းသားနှင့်ငေးတော့ မိုးမြင့်သူက ရက်သွားသည်။ သူမကခေါင်းလေးငုံ့ရင်း အနားကပ်လာသည်။ သူက မမြင်ဖူးသလို ငေးနေသည်။ ကောင်မလေးက မျက်ပြူးလေးနှင့် မော့ကြည့်၏။

'သွားကြမယ်လေ'

'ဩော်… အင်း'

သူမဆီကစကားသံသည် မာမာထန်ထန်မဟုတ်တော့ဘဲ ချိုချိုသာသာလေးထွက်လာသောကြောင့် သူအိုးတို့အန်းတမ်းနှင့်စက်ဘီးကိုနင်းသည်။ သူမကဒေါ့ရင်လိုလွှားခဲနဲ့ခုန်မတက်တော့ဘဲ သာသာလေးတက်သည်။အတော့်ကိုနွဲ့သွားသောကြောင့် သူအံ့သြနေသည်။

'နင်… နေပြန်ကောင်းသွားပြီလားဟင်'

'အင်း… နေကောင်းလို့ ကျောင်းတက်တာပေါ့'

သူကတော့ ပုံမှန်မာမာပဲပြော၏။ ကောင်မလေးဆီက သက်ပြင်းချသံသဲ့သဲ့နှင့်အတူ ဘာသံမှမထွက်တော့ပေ။

'မိမိုး'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'နင်... ပြောင်းလဲသွားသလိုပဲနော်'

'ဟုတ်လို့လား...အဟင်း... ငါတောင်သတိမထားမိဘူး'

'ဟုတ်တယ်...နင့်ဆီကအနံ့ပေါင်းစုံကို ငါရနေတယ်ပြီးတော့ နင့်မျက်နှာမှာလည်း ပြင်ဆင်ထားလိုက်တာ ရုပ်ရှင်မင်းသမီးတောင်ထိုင်ငိုမှာကြောက်ရတာ'

'အဟင်း...ဒီလိုပါပဲ...ပြင်ရင်ပိုလှမလားလို့'

သူကျွဲမြီးတိုသွားတော့၏။ ဒီကောင်မလေးပိုလှချင်တာဘာလို့လဲလို့ သူတွေးနေရင်းမှ မနာလိုစွာပြောသည်။

'ဘာလဲ... နင်ညည်းစားရနေပြီလား'

'နင်က အဲဒီလိုထင်လို့လား'

'မဟုတ်ပါဘူးဟာ... ထူးဆန်းနေလို့'

သူမဆီက ဒုတိယမွိအသံတိတ်သွားခြင်းနှင့်အတူ စက်ဘီးလည်း ကျောင်းဝန်းထဲသို့ ရောက်လာသည်။ ထို့နောက်သူမက သူ့ကိုဘာမှမပြောတော့ဘဲ အခန်းရှိရာသို့သွားပြီး သူက နားမလည်စွာကျန်ခဲ့သည်။

ထိုကောင်မလေး၏သဘောကို ကြာလေ သူနားမလည်လေဖြစ်လာတော့သည်။

+ + +



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခြောက်ယောက် အပေါ်ထပ်ဝရန်တာတွင်ထိုင်၍ တဖွဲဖွဲကျဆင်းနေသော မိုးရေစက်ကလေးများကို ငေးနေကြသည်။ ငြိမ်းချမ်းတို့သုံးယောက်နှင့် ရွှေပြည်စိုးတို့သုံးယောက်။ အတွေးအခေါ်သမား ရွှေပြည်စိုးက ပြောသည်။

'တကယ်တော့လူ့ဘဝဆိုတာ ဒီရေစက်ကလေးတွေလိုပဲ၊ (Recycle) ဖြစ်နေတာကွ၊ ရေစက်ကလေးတွေကနေ မြေကြီးထဲပဲရောက်ရောက်၊ ရေအိုင်ထဲပဲရောက်ရောက်၊ ပင်လယ်ထဲပဲရောက်ရောက် ပြီးတော့အငွေ့ပြန်ပြီး တိမ်တိုက်ပြန်ဖြစ်သွားတာချည်းပဲ။ လူဆိုတာလည်း ဒီလိုပါပဲ သံသရာလည်နေတာ၊ တကယ်တော့ လူ့ဘဝဆိုတာလေထဲကပြုတ်ကျလာတဲ့ရေစက်လေးလိုပဲခဏတာပါ...ဟော... အောက်ကိုရောက်ရင် ရေစက်ဘဝဆုံးရော'

အတွေးကိုယ်စီနှင့်ငြိမ်သက်နေကြသော ကျန်ငါးယောက်မှဲ့ရွဲ့သွားကြ၏။ (လူနဲ့လေနဲ့မလိုက်ဘူး၊လေလုံးကားပေါ်တင်ပြီး၊လူကုန်းကြောင်းလျှောက်မယ့်အကောင်)လို့ တွေးလိုက်ကြသည်။ ရွှေပြည်စိုးကပြောပြီးသောအခါ ကြံရိုးကိုတချပ်ချပ်နှင့်ကိုက်ပြီးစုပ်နေ၏။

'ဟွန်း...ပြောတော့ လူကြီးစကား၊ စုပ်တော့ကြံရိုး...ကလေးလိုလို လူကြီးလိုလိုနဲ့အလကားကောင်'

'အေးလေ...ဒီကောင်ဆယ်တန်းအောင်ရင် စိတ်ပညာတက်ရမှာ'

'တက်ဦးမှာ'

ငြိမ်းချမ်းနှင့်တင်ကိုလတ်ကပြောတာတောင် သင်းကအပြုံးမပျက်ပေ။ အောင်အောင်က အမြင်ကတ်ကတ်နှင့်ပြော၏။

'မင်းပြောတာနော် ရွှေပြည်စိုး...လူ့ဘဝဆိုတာ ရေစက်လေးလိုပဲ...ခဏတာပဲဖြစ်ရတာဆို... ဒါဆိုလည်းကွာ...မင်းဒီခဏတာလေးကိုဘာ



www.burmeseclassic.com

www.burmeseclassic.com



လို့မက်နေလဲ၊ ဒီဝရန်တာပေါ်ကနေ အောက်ကိုခုန်ချလိုက်ရင် ကိစ္စပြတ်ပြီ'

ကျော်ဇင်ထွန်းကလည်း ဝင်တွန်းသည်။

'ဟုတ်တယ်ကွ… ရေစက်လိုဘဝလေးကိုမက်မနေနဲ့ ဒီပေါ်ကနေ ခုန်ချပြီး ဒီထက်ကောင်းတဲ့ဘဝကိုကူးကွာ'

ရွှေပြည်စိုး ကြဲရှိုးသီးသွားတော့၏။ အတော်ကြာအောင်မျက်နှာကြီး မဲ့နေပြီးမှ ပြန်ပြောသည်။

'ဒါပေမဲ့… ဒီရေစက်လိုခဏတာဘဝလေးကိုပဲ ငါကမက်တာလို့ ပြောမလို့… အဟီး'

သွားကြီးဖြီးပြီး သူ့အပေါက်သူပြန်ဖာနေရသောရွှေပြည်စိုးကို သူတို့ မျက်စောင်းနှင့်ဝိုင်းထိုးကြ၏။

'မင်းတို့စဉ်းစားကြည့်လေကွာ…ဒီပေါ်ကခုန်ချလို့ မာလကီးယား သွားရင်…နတ်တို့သိကြားတို့ဖြစ်သွားရင်တော်သေး… အယူတိမ်းပြီးခွေးတို့ ဝက်တို့ဖြစ်မှ ပိုဆိုးမှာဟ'

'ဒီအခါကျရင်လည်း မပူပါနဲ့ကွာ ငါတို့ရှိပါတယ်။ မင်းခွေးဘဝ ရောက်ရင်ပဲဖြစ်ဖြစ်၊ ဝက်ဘဝရောက်ရင်ပဲဖြစ်ဖြစ် ငါတို့ လိုက်ချွတ်ပေးမှာ ပါ'

'တော်ကွာ…တော်'

ရွှေပြည်စိုးက ကြဲရှိုးကိုက်လျှက်နှင့်အသံတိတ်သွား၍ တော်တော့ သည်။ သူသည်စကားအစရလို့ကတော့ ပြေမပြီးဆိုမပြီး။ အခုတော့စောစော တိတ်သွား၏။ လိပ်ပုကတစ်စခန်းထလာသည်။

'စိတ်ညစ်လိုက်တာကွာ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျွန်ငါးယောက်ဝိုင်းကြည့်ကြ၏။ ထိုငနဲစိတ်ညစ်ခြင်းသည် စာရေးပေရေးနှင့်မဆိုင်ဘဲ ဖွန်ကိစ္စသက်သက်သာဖြစ်၏။ နော်စေးဖောဆိုသော ကရင်မလေးနှင့်ငြိနေသည်။ တစ်ခန်းတည်းဖြစ်ပြီး သူသည်စာသင်လည်းစိတ်မဝင်စားဘဲ ထိုကောင်မလေးကိုသာတွေတွေကြီး ကြည့်နေတတ်သည်။

ငြိမ်းချမ်းက သေမလိုမျက်နှာနှင့်ဖြစ်နေသော လိပ်ပုကိုမေးသည်။

'ဆုံပါဦးကွ… ညစ်ရတဲ့အကြောင်း'

'ဟင်း… ဒီလိုကွ…မနေ့က သူ့ငါ့ကိုကောက်သွားတာ ခုချိန်ထိခြေဖြောင့်မရဘူး'

'အေးလေ…ကောက်ရခြင်းအကြောင်းကိုပြော… ဒါမှငါတို့လို့ရမှာပေါ့'

သူကလိပ်ပုကို စိတ်မရှည်ဘဲမေးသည်။ ထိုအတွဲကိုရည်းစားဖြစ်အောင်သူချိတ်ပေးခဲ့ခြင်းဖြစ်သည်။ သူကလက်ရေးလှသလို စာရေးကဗျာရေးလည်းကောင်း၏။

ထို့ကြောင့်ရည်းစားစာအခမဲ့ရေးခြင်း၊ ကဗျာလေးများ အခမဲ့စပ်ခြင်းဖြင့် မြားနတ်မောင်လုပ်ပေးတတ်သည်။ လိုအပ်ရင် သူကိုယ်တိုင်စာပါ ပေးပေးတတ်၏။

'မေဖြူပေါ့ကွာ…ဘယ်သူရှိရမလဲ'

'ဟင်…မေဖြူလား…အခန်းထဲက ဆရာစားပွဲအံဆွဲထဲမှာလေ'

လိပ်ပုက ဝင်ဖောက်သောကျော်ဇင်ထွန်းကိုစွေကြည့်သည်။ ကြည့်ကိုကျော်ဇင်ထွန်းက သဘောပေါက်ပြီးကုပ်သွား၏။ မကုပ်လို့လည်းမဖြစ်လိပ်ပုညီနှင့်ကျော်ဇင်ထွန်းက ငြိခါနီးနီးမို့လေ။



www.burmeseclassic.com

www.burmeseclassic.com



'ဆက်ပြောပါကွာ…ဒီနောက်ကို လူကြားသူကြားထဲခွဲမထည့်နဲ့သူ့နေရာနဲ့သူနေပေ့စေ'

'အိုင်'

ငြိမ်းချမ်းက လူရာမသွင်းဘဲ ခွေးရာသွင်းလိုက်၍ ကျော်ဇင်ထွန်းအမြီးတက်နင်းခံရသော ခွေးသူခိုးကဲ့သို့မဲ့ရွဲ့ပြီးထသွားသည်။ အောင်အောင်နှင့်တင်ကိုလတ်ကလည်း ထိုင်နေနောက်သို့လိုက်သွား၏။

'ဟူး… အခုမှပဲ အရှုပ်ထုပ်တွေရှင်းသွားတော့တယ်၊ မေဖြူနဲ့ငါမောင်နှမနီးနီးခင်တယ်ဆိုတာ မင်းလည်းသိသားပဲငမွှေထိုးရာ…ဖြစ်ချင်တော့လမ်းကြားထဲမှာ မေဖြူဆံပင်ကိုငါကနောက်ပြီးလှမ်းနမ်းဟန်ဆောင်လိုက်တာဟကောင်ရေ…ဖြစ်ချင်တော့ ငါ့ဟာမကမြင်သွားပါလေရော…တကယ်မနမ်းမိပါဘူးကွာ…အဲဒါ…ဘယ်လိုမှရှင်းမရဘူး။မနေ့ကငိုယိုပြီး ငါ့ကိုပြတ်ပြီပြောသွားတယ်။ လုပ်ပါဦးကွာ…ငါသူနဲ့ဝေးရင်သေမှာ'

'မင်းနဲ့မေဖြူကလည်း အနေအထိုင်ဆင်ခြင်လေ'

ရွှေပြည်စိုးက အသက်ငါးဆယ်အရွယ်လေသံနှင့်မျက်နှာထားကိုယူ၍ပြော၏။ ငြိမ်းချမ်းက အကြံထုတ်နေ၏။ မေဖြူဆိုတာ ပိန်ပိန်ပါးပါးနှင့်ပါဝါမျက်မှန်တပ်ထား၏၊ သူမ၏ထူးခြားချက်ကတော့ ဆံပင်ဒူးလောက်ထိရှည်ပြီး အုံအတော်ကောင်းသည်။

လိပ်ပုနှင့်မလိုက်ဘက်ပါ။ အီးတီစုံတွဲဖြစ်နေ၏။ အတိုအရှည်မညီသလိုအိမ်ချင်းကပ် ငယ်ပေါင်းအရင်းကြီးတွေဖြစ်သည်။

'နေပါဦးလိပ်ပုရ မင်းနဲ့မေဖြူကရော ရှင်းရဲ့လား'

'ဟာ… ရှင်းဆိုဘာမှကိုမပေါက်တာ…နဂိုရှင်းဟ…ပြီးတော့…ငါက နော်စေးမှနော်စေးပဲ'



www.burmeseclassic.com

www.burmeseclassic.com



နေ့ကတစ်ပြားသားမှမလျှော့သော သောထုပ်သည်မျက်နှာနှင့်ချီထား
သည်။ ငြိမ်းချမ်းကသက်ပြင်းကိုချပြီး မချိပြုံးလိုက်၏။ ထိုကဲ့သို့သောကိ
မျိုးတွင်လူကြမ်းလို၏။

'ဒါအလွယ်လေးပါ… ဒါပေမဲ့…မင်းကောင်မလေးကို ငါစာ
ရမယ်'

'ဘာကွ'

'စကားကိုဆုံးအောင်နားထောင်…စာမှာ နာမည်တပ်မထားဘဲ
မင်းကိုသူခေါ်သလို မောင်လို့ပဲနာမ်စားသုံးမယ်။ သူယူသွားရင်…မင်
တောင်းပန်တဲ့စာသဘောမျိုးရေးထားမှာဆိုတော့ ပြေလည်မှာပဲ၊ အဲ…မယူရ
တော့ ငါကအတင်းကြိုက်တဲ့ပုံစံနဲ့ပေးရမှာ၊ သူမင်းကိုတကယ်ချစ်ရင် မင်
ဘက်ပြန်လှည့်လာမှာပဲ'

သူ့စကားဆုံးတော့ လိပ်ပုကစဉ်းစားနေပြီးမှ…

'ဒါဆို…မင်းကံမကောင်းရင် ပါးအချခံရမှာပေါ့'

ဆိုတော့ သူကလည်းပြုံးပြီး…

'ဒါပေါ့…ငါကဒသဂီရိဝင်လုပ်ရမှာ မပူပါနဲ့ကွာ၊ မင်းကောင်မ
လေးမင်းကိုတကယ်ချစ်မှာပါ၊ ဒါကြောင့်သူ့သဝန်တိုတာပေါ့'

ပြောတော့ လိပ်ပုကအားနာသောမျက်နှာနှင့်ပြောသည်။

'အေးကွာ…အားနာစရာကြီး…ဟီး…မင်းအချခံရရင် ငါ့ကိုစိတ်
မဆိုးနဲ့နော်…အဟီး'

'ဒါပေမဲ့… မင်းကောင်မလေးက သူ့နောက်ပါသွားရင်ရော မင်
ကြည်သာပါ့မလား'

ကြဲကိုက်နေသောရွှေပြည်စိုးက ဝင်မေးလိုက်သောကြောင့် လိပ်ပု



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။ ထို့နောက် သူတို့နှစ်ယောက်ကိုပေစောင်းစောင်းနှင့်ကြည့်၍ထသွားတော့သည်။

'သူ့ဟာလေးကျတော့ သူတိုသားကွ…အဟဲ'

ငြိမ်းချမ်းနှင့်ရွှေပြည်စိုး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။ သူတို့တည့်တည့်အောက်ထပ်အတွင်းသို့ ထီးလေးတွေကိုယ်စီနှင့်ကျောင်းသူကျောင်းသားများဝင်သွားကြသည်။ ကျောင်းကတက်ခါနီးနေပြီဖြစ်၏။

ကျောင်းတံစက်မြိတ်အောက် ရောက်သောအခါ ထီးလေးတွေကိုပိတ်၍ဝင်သွားကြသည်။ ရွှေပြည်စိုးကကြံရိုးကိုကိုက်ရင်း မတ်တပ်ထရပ်သည်။ ကြံရိုးက လက်မဝက်လောက်ရှည်သေးသည်။

ထိုစဉ် ငြိမ်းချမ်းက အောက်ကိုကြည့်ပြီး မျက်နှာဝင်းသွား၏။ အောက်တွင် တစ်ကျောင်းလုံးမှာ သည်းခံမှုအရှိဆုံး ကျောင်းစောင့်ကြီး ဦးသန်းလွင် ထီးဆောင်း၍ တံစက်မြိတ် အောက်ရောက်သောအခါ ထီးကိုပိတ်၏။

'ကြံဖတ်ကို လွှတ်ချလိုက်'

ငြိမ်းချမ်းကရွှေပြည်စိုးခါးကို လက်နှင့်တို့လိုက်သောကြောင့် ကိုင်ထားသောကြံဖတ်ကို ပစ်ချလိုက်ရာပြောင်နေသော ဦးသန်းလွင်၏ခေါင်းပေါ်ဘတ်ခနဲကျ၏။ သည်အထိဦးသန်းလွင်က သည်းခံပြီးမော့ကြည့်၏။

'ကြံရိုးပါပစ်ချလိုက်'

'ဟင်'

'တိန်'

ထိုစဉ်ကြံချောင်းက နဖူးတည့်တည့်တိန်ခနဲပြုတ်ကျရာ ကြယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လတွေမြင်သွားပြီး သည်းခံစိတ်ကုန်ဆုံးသွားကာ အကျယ်ကြီးလှမ်းအော်လိုက်၏။

'ရွှေပြည်စိုး'

+ + +

နှစ်ယောက်သားတစ်နာရီနီးပါး ကျောင်းအုပ်ဆရာကြီး၏နှုတ်ဖြင့်ဆုံးမမှုပြီးနောက်လက်ဖြင့်ဆုံးမမှုအနေနှင့် တစ်ယောက်ငါးချက်ကြိမ်နှင့်အပတ်ခံရ၏။ ထို့နောက်ငြိမ်းချမ်းကိုဆရာကြီးက သူများအားနည်းချက်ကို မစသင့်ကြောင်းနှင့် နောက်တစ်ခါဆိုအုပ်ထိန်းသူခေါ်လာရမည်တဲ့။

ထို့ကြောင့်ခေါင်းကိုအကြိမ်တစ်ရာညိတ်၍ ပါးစပ်ကတစ်ရာ့တစ်ကြိမ်မြောက်ဟုတ်ပြီး ကုပ်ဖေးဖေးနှင့်နှစ်ဦးသား အတန်းထဲသို့ပြန်လာကြသည်။

ရွှေပြည်စိုးကသူ့ကိုမျက်စောင်းတချိတ်ချိတ်နှင့်တင်းပြီး ဘာမှမပြောတော့ပါ။သူကတော့စပ်ဖြီးဖြီးနှင့် အတန်းထဲရောက်တော့ ဝမ်းသာသောမျက်နှာပေးများနှင့်ကြိုဆိုကြပါ၏။

'ဘယ်လို သဲကွ ... ကျောင်းအုပ်ကြီးရဲ့လက်သံကို နာခံမှုအခြေအနေ'

'ဘယ်တုန်းကများ ဆရာကြီးရဲ့လက်ဆကျဖူးလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



တင်ကိုလတ်၏အမေးကို ငြိမ်းချမ်းကဖြေ၏။ ရွှေပြည်စိုးကတော့ အသံတောင်မထွက်ဘဲ အောင်ပုဘေးဝင်ထိုင်သည်။ လိပ်ပုနှင့်အောင်ပုက တဟိဟိနှင့်ကြိတ်ရယ်ကြ၏။

အတန်းထဲတွင်ရှိသော ကျောင်းသူကျောင်းသား အားလုံးကလည်း ရွှေပြည်စိုးကိုသနားသလိုလောင်သလိုနှင့် ဝိုင်းကြည့်ပြီးရယ်ကြသည်။ရွှေပြည်စိုး ခါးတို့လျှင်ယောင်တတ်သည် ဆိုသောအကြောင်းသည် အခုမှတစ်ကျောင်းလုံးပြန့်သွားတော့၏။

ထိုစဉ်အတန်းပိုင်ဆရာ အတန်းထဲဝင်လာသောကြောင့် နှုတ်ဆက်လိုက်ကြသည်။ဆရာကလည်းပြန်နှုတ်ဆက်ပြီး ထိုင်ခုံတွင်ဝင်ထိုင်၍ ငြိမ်းချမ်းကိုရှုပ်တည်နှင့်ကြည့်၏။

'ငမြွေထိုး… ရှေ့ကိုခဏထွက်ခဲ့စမ်း'

အသံအနေအထားကသိပ်မကောင်းသောကြောင့် သူလည်းကုပ်ဖေးဖေးနှင့်ဆရာ့ရှေ့သွားရပ်၏။

'မင်းကိုငါ မပြောချင်လို့ကြည့်နေတာကြာပြီ၊ပျော်တတ်တယ်ဟဲ့… နောက်တတ်တယ်ဟဲ့…ဆိုပြီး ကြည့်နေတာ'

'ဟုတ်ကဲ့…မကြည့်လည်းစိတ်မဆိုးပါဘူး'

'တိတ်…အခုကြည့်စမ်း…မင်းအဘိုးလောက်ရှိတဲ့လူ၊ ပြီးတော့ …ကျန်းမာရေးကလည်း သိပ်ကောင်းတာမဟုတ်ဘူး။ မင်းလုပ်ပုံကောင်းသေးရဲ့လား'

ကောင်းပါတယ်လို့ စိတ်ထဲကလိုက်ပြောပေမယ့် အပြင်မှာတော့ တိတ်နေ၏။ ဆရာက ကြိမ်လုံးကိုဝင့်၍ပြော၏။

'နောက်တစ်ခါဆို မင်းမိဘတွေကိုခေါ်ခဲ့ဖို့သာပြင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ'

ဆိုပေမယ့် အတွေးထဲတွင်ဖခေဖြစ်သူ၏ မျက်နှာမာကြီးကိုမြင်ပြီး ဖုလေးဖုပါသောလက်သီးကြီးကိုလည်း မြင်နေသည်။လောလောဆယ် လက်သီးထက်ပိုမြန်သော ကြိမ်လုံးက သူ့ခြေသလုံးပေါ် တဖြန်းဖြန်းနှင့် ကျနေ၏။

+ + +



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

နောက်တစ်နေ့၏ နေ့လည်မုန့်စားကျောင်းဆင်းချိန်တွင် ငြိမ်းချမ်းတစ်ယောက် ကုက္ကိုပင်ကြီးအောက်ကနေပြီး နော်စေးဖောအလာကိုစောင့်နေသည်။ သူလုပ်သောအလုပ်သည် အခန့်မသင့်လျှင် ရုံးခန်းသို့နောက်တစ်ခေါက်ရောက်နိုင်ပေမယ့် သူငယ်ချင်းဖြစ်သူအတွက် စွန့်စားဖို့ဆုံးဖြတ်လိုက်သည်။

ခဏအကြာတွင် နော်စေးဖောတစ်ယောက်တည်း လျှောက်လာတာတွေ့ရသည်။ ထိုကရင်မလေးသည်လည်း အရပ်ပုပုပင်ဖြစ်၏။ လိပ်ပုနှင့်သာရလို့ကတော့ မွေးလာသောကလေးများအရပ်သည် မြေကြီးထဲကထွက်လာမှာမဟုတ်တော့ဟု သူတွေးနေသည်။

ဒါပေမဲ့ထိုကိစ္စသည် သူနှင့်မဆိုင်သောကြောင့် လွယ်အိတ်ထဲကစာအိတ်ကလေးကိုထုတ်၍ အနားရောက်လာသော ထိုကောင်မလေးကိုပေးသည်။

'ရော့...စာ'

'ဟင်...ဘာစာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူပေးသောစာအိတ်လေးကို ကောင်မလေးဇဝေဇဝါနှင့်ကြည့်နေ
သောကြောင့် သူလည်းခေါင်းကုတ်မိသည်။

'ဟိုလေ…အဟဲ…လိပ်ပုပေးခိုင်းတာဟ'

'ဘာ…သင်းနဲ့ငါပြတ်ပြီ…မယူနိုင်ဘူး'

မျက်နှာမှာ လေသံမာနှင့်ပြင်းသောကြောင့် သူစိတ်ပိန်သွားရသည်။
ထို့ကြောင့် အကွက်ကြမ်းကိုသုံးသည်။

'သိတယ်လေ… အဟဲ…ငါသိနေတယ်…ဒီကောင့်စာမဟုတ်
ဘူး…အဟဲ…ငါပေးတဲ့စာ…ငါ့စာ'

'ဘာပြောတယ်'

အသံ(volume)ကပိုမြင့်လာပေမယ့် သူကအပြုံးမပျက်တဲ့ ရုပ်တည်
ကြီးနှင့်ချော့မော့ပြော၏။

'ဟုတ်တယ်…ယူပါဟာ… ဒီစာကိုဖတ်ရင်အားလုံးရှင်းသွားလိမ့်
မယ်…ယူလိုက်ပါဟာ'

'ဘာ… မသာကောင်… ကြည့်စမ်း… သူငယ်ချင်းမပီသတဲ့
အကောင်…သူနဲ့ငါကမပြတ်ဘူးဟဲ့…ဘယ်တော့မှပြတ်မှာမဟုတ်ဘူး…ငါ
စိတ်ခဏဆိုးတာ'

သည်အချိန်ထိလည်း သူအပြုံးမပျက်သေးပါ။

'ဟင်…ဒါဆိုနင်သူ့ကို ဘာလို့ပြတ်ပြီပြောလဲ'

'အဲဒါစိတ်ဆိုးဘုန်းပြောတာဟဲ့… နင့်ကိုတိုင်မယ်…သူနဲ့ကိုတိုင်
မယ်'

ကရင်မ အတော်ပင်စိတ်ဆိုးနေပုံရပြီး မျက်နှာပါရဲနေသည်၊အတော်
ကိုဒေါသဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင်သေချာတယ်နော်... သူ့ကိုမပြတ်ဘူးဆိုတာ'

'အို... တစ်သက်လုံးမပြတ်ဘူး'

'ကဲပါ...ဒါဆိုလည်း စာပေးတာဘွာတေး...အဟဲ...နင်မပြတ်မှတော့ ဘာပေးစရာလိုလဲ...ကဲ...ငါသွားတော့မယ်နော်'

သူကစာကိုလွယ်အိတ်ထဲပြန်ထည့်ပြီး ဘေးပတ်ဝန်းကျင်ကိုကြည့်၍ အံ့သြသွားသည်။ ကရင်မ၏အော်သံကြောင့်လားမသိ လူတွေဝိုင်းကြည့်နေကြ၏။ဒီတစ်ခါတော့ သူမပြုံးနိုင်တော့ပါ၊ သူကဘွာတေးဆိုပေမယ့် ကရင်မက...

'နင့်ကိုကျောင်းအုပ်ကြီးနဲ့တိုင်မယ်...အီး ဟီး'

'သေပြီ'

ရှက်ရှက်နှင့်ငို၍ပြေးထွက်သွားသော နော်စေးဖောကိုကြည့်ကာ သူငိုချင်သွားတော့သည်။ အပျက်အပျက်နှင့်သူ့နှာခေါင်းတော့ ဖအေဖြစ်သူ လက်သီးနှင့်ညားပြီး သွေးထွက်ဦးတော့မည်။

သူ့အဖေ၏ဖုလေးခုပါသော လက်သီးကြီးကို မျက်လုံးထဲတွင် မြင်နေတော့သည်။

+ + +



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်း'

ဘာမှအပြစ်မရှိသောစားပွဲကို လက်သီးကြီးနှင့်ထုပြီးသည့်နောက်… ဦးခင်ငြိမ်း၏မခံသာသော အသံကြီးပေါ်လာသည်။

'ရှက်တယ်… ရှက်တယ်… တောက်… ကိုယ့်မျက်နှာ ကိုယ် အမေရိကန်သွားပြီး ရှုပ်ပြောင်းပစ်ရင်ကောင်းမလား မသိဘူး… ဟွန်း…'

'ရှင်ကလည်း…အဲဒီလိုလုပ်ရင် အကုန်အကျများတယ်။ ဓါးနဲ့သာ လှီးပစ် အဲ့ဒါဆေးဖိုးလောက်ပဲကုန်မှာ'

'တိတ်စမ်း…အဲဒါမင်းမကောင်းလို့ကွ၊ မင်းကြောင့် ဒီကောင်ပြော မနိုင်ဆိုမနိုင်ဖြစ်နေတာ'

ငြိမ်းချမ်းက ထိုင်ခုံတွင်ထိုင်၍ဖအေနှင့်မအေကိုကြည့်နေ၏။ ဘာမှ မပြောချင်တော့ပါ။

ကျောင်းတွင်လည်း အတန်းပိုင်ဆရာကပါးစပ်နှင့်တစ်မျိုး ကြိမ်လုံး နှင့်တစ်သွယ် ဆုံးမသောကြောင့် နားနှင့်အတူ ခြေသလုံးပါပူ၏။

ထိုမျှနှင့်လည်း မပြီးသေးပါ။ ကျောင်းအုပ်ဆရာကြီးကပါ ခေါ်၍ ဆွမ်းကြီးဝိုင်းလောင်းသည်။တစ်ခါဦးခင်ငြိမ်းကိုလူလွှတ်ခေါ်ခိုင်းပြီး သကာလ နေကုန်အောင်တိုင်ပြောတော့သည်။

ထို့ကြောင့်ငြိမ်းချမ်း၏နားနှစ်ဘက်သည် လေထွက်၍အူပါနေတော့ သည်။

အခုကျောင်းကနေအိမ်ပြန်ရောက်သောအခါတွင်လည်း မပြီးနိုင်မစီး နိုင် ဆက်ဆူနေသောကြောင့် သူ့စိတ်သည် ပိန်လိန်နေတော့သည်။

'အလိုတော်…အဲ့ဒါရှင့်သားလေ… ရှင့်ဗီဇတွေပါလို့ပြောမှ



www.burmeseclassic.com

www.burmeseclassic.com



ဆိုမရဖြစ်နေတာ၊မွေးတုန်းကရှင်ပဲ ဖအေတူလေး ဖအေတူလေးနဲ့ဖက်ဖက်နမ်းနေတာလေ'

'ဟ…အဲဒါမွေးခါစတုန်းကတူတာကွ၊ အခုကြီးလာတော့ မင်းနဲ့တစ်ပုံစံတည်းတူလာတာ'

'ဘာ…ရှင်ယောက်ျားကြီးဖြစ်ပြီး မကလည်နဲ့နော်'

'အောင်မာ…ငါကဘာများကလည်လို့လဲ'

'ကြည့်စမ်း…တစ်ခွန်းမခံဘူး…ယောက်ျားကြီးဖြစ်ပြီး နှုတ်သီးကောင်းလှချေလား'

'ကောင်းတယ်ကွ ကောင်းတယ်…အရင်တုန်းကတော့ မင်းပဲဒီနှုတ်သီးကြီးကိုကြိုက်လှချေရဲ့ဆို'

'ရှင်နော်…ရှင်ပဲ…အဲဒီနှုတ်သီးကြီးကိုသုံးပြီး ကျွန်မကိုမြူဆွယ်တာလေ'

တဖြည်းဖြည်းနှင့် နိုင်ငံရေးတွေ အော်ကြီးဟစ်ကျယ်ပါလာသောကြောင့် အော်ကျက်မဖြစ်စေရန် သူကဝင်ထိန်းရတော့သည်၊ မဟုတ်ရင်နှုတ်သီးကစလို့ အမြီးအထိပါပေရော့မည်။

'တော်ကြပါတော့… ရှက်စရာကြီးဗျာ'

'အောင်မာ…အရှက်တစ်ပြားမှမရှိတဲ့အကောင်ကများ ရှက်စကားပြောနေသေးတာ…ထွီနံ'

မြားဦးက အခုမှပဲဘက်မှန်တော့၏။ မအေဖြစ်သူက ဖအေဖြစ်သူကိုမျက်စောင်းဆင့်၍ထိုးသည်။ ဖအေဖြစ်သူ၏ဒေါသက သူ့ဘက်ပြန်လှည့်လာသောကြောင့် သူကမျက်နှာလေးကို အသားကုန်အိုလိုက်သည်။

'ဟုတ်ပါတယ်အဖေရယ်… သားကအဖေနဲ့မတူသလို အမေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်းမတူပါဘူး။ တစ်သီးတစ်ခြားမွေးလာတာပါ ဒါကြောင့်…သားမလိမ္မာတာရှိရင်ဆုံးမပါ'

'ဘာမလိမ္မာတာရှိရင်ဆုံးမလဲ…အမြဲတမ်း မလိမ္မာတဲ့အကောင် မင်းကိုဆုံးမလွန်းအားကြီးလို့လဲ ငါ့လက်တွေနာလာပြီ။ဒီတော့…မဆုံးမတော့ဘူး'

'ဗျာ…တကယ်…အဟိ'

သူဝမ်းသာသွားပေမယ့် နောက်ဆက်တွဲစကားကြောင့် မဲ့သွားရ သည်။

'အေး…ဒီညကစပြီး မင်းစာကျက်တာကို ငါကိုယ်တိုင်ကြီးကြပ် တော့မယ်'

'ဗျာ'

သူသေချင်သွား၏။ ဖအေဖြစ်သူသာကြီးကြပ်လို့ကတော့ တစ်ည လုံးစာထိုင်ကျက်ရပေတော့မည်။ ထိုသို့စာကျက်ဖို့ သူတစ်ခါဖူးမှစိတ်မကူး မိပါ။

'မလုပ်ပါနဲ့အဖေရယ် အလုပ်တစ်ဘက်နဲ့အိပ်ရေးပျက်နေပါ့မယ် စိတ်ချပါ…ဒီညကစပြီး သားလိမ္မာပါတော့မယ်'

'လုံးဝပဲ… ခင်ငြိမ်းတို့က လုပ်ရင်ပြတ်ပြတ်ပဲ၊မလုပ်ရင်လဲ ပြတ် ပြတ်ပဲ ငါ့ကိုဆရာတွေက အထင်တသေးပိုင်းကြည့်ကြတယ်။ဒီတော့…မင်း စာမေးပွဲကျရင် ငါ့သိက္ခာဘယ်နားရောက်သွားမလဲကွ…ဟော'

'မြောင်းထဲပေါ့'

'အင်းဟာ…ဖျောင်း'

အပြောမတတ်သောကြောင့် နားရင်းထူပူသွားပြီးသကာလ နားပါ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပူတော့သည်။ မအေဖြစ်သူကို အားကိုးတကြီးလှမ်းကြည့်ပေမယ့် မသိချင်ယောင်ဆောင်နေ၏။ ဖအေဖြစ်သူ၏အဆူအငေါက်ကို တစ်ညနေလုံးခံရတော့၏။

+ + +

လေးချပ်မြောက်လက်ဖက်သုတ်ပန်းကန် ပြောင်သလင်းခါသွားပြီးနောက် သူဝါးခနဲတစ်ချက်သမ်းဝေလိုက်သည်။ နာရီကဆယ့်တစ်နာရီခွဲပေပြီ။မျက်ထောင့်နီနေသောဖအေဖြစ်သူ၏အကြည့်ကြောင့် ကျက်လက်စစာအုပ်ဆီအကြည့်ပြန်ပို့လိုက်ပေမယ့် စိတ်ကမပါ။ စိတ်မပါသလို လက်ကလည်းမပါ။ ထို့ကြောင့်စိတ်မပါလက်မပါနှင့် စာအုပ်ကိုကြည့်နေ၏။

'ဟေ့ကောင်…ကျက်လေကွာ…ဘာလုပ်နေတာလဲ'

'ဟုတ်ကဲ့…ကျက်တာပဲလေ အဖေရဲ့…အဖေ့ရှေ့တင်ပဲကျက်နေတာကို'

ပြန်ပြော၍ ဖအေဖြစ်သူရုပ်ကြီးမာသွားသည်။

'ဘာကျက်တာလဲ… စာအုပ်လေးထုတ်ပြီး ပတစ်ပတစ်နဲ့တစ်လုံးနှစ်လုံးဆိုလိုက်၊ လက်ဖက်သုတ်စားလိုက်နဲ့ စာကျက်တာနည်းနည်း စားတာကများများ'

'အင်းပါဗျာ…အဖေအဲ့ဒီလိုကြီးစကားလာများနေရင် သားက စာဘယ်လိုကျက်မလဲ'

www.burmeseclassic.com



'အံ့မယ်…ကြီးကြီးနဲ့ကျယ်ကျယ်… ပွန်း…ဟုတ်ပါပြီ…ကျ ဒီတစ်ခါ မင်းစိတ်ရှုပ်အောင် စကားမပြောတော့ဘူး'

'ကောင်းတယ်'

စကားမပြောတော့ဘူးဆိုလို့ သူပျော်သွား၏။စာကျက်ရတာအဆ ပြေလို့မဟုတ်ဘဲ စာအုပ်ကိုကြည့်ရင်းတွေးချင်ရာတွေးရအောင်လေ။ဒါပေမဲ့ ဖအေဖြစ်သူ၏နောက်ဆက်တွဲစကားကြောင့် လန့်သွားရသည်။

'ပါးစပ်ကမပြောတော့ဘူး လက်နဲ့ပဲပြောတော့မယ်။ဟုတ်ရင်ဟုတ် ပေါ့ကွာ'

'နာပြီ'

ပြောရင်း မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်တော့သည် သူက ဘာမှမပြောတော့ဘဲ စာအုပ်ကိုကြည့်ရင်း ပါးစပ်ကလိုက်လှုပ်သည် အခန်းဝကိုဝေ့ကြည့်ရင်း မအေဖြစ်သူကိုအားကိုးတကြီးမျှော်၏။ သို့ပေမဲ့…

'မင်းအမေကိုကြည့်မနေနဲ့ မျက်စိနောက်လို့ ငါအိပ်ခိုင်းထားလိုက် …ဟုတ်တယ်လေ…တော်ကြာနေ လက်ဖက်သုပ်လာပို့လိုက်၊ရေနွေးပို့လိ နဲ့ရှုပ်နေတာပဲ။ အခုအိပ်ခိုင်းလိုက်တော့ နားကိုအေးရော'

အကျင့်မကောင်းဘူးလို့ သူမခံချိမခံသာနှင့်တွေးလိုက်၏။ စိတ် တောင်းစရာလည်းမရှိတော့သောကြောင့် စာအုပ်ကိုပဲငုံ့ကြည့်နေသည်။ ခေါတ်ဗူးထဲတွင်လည်း ကော်ဖီကပြောင်သလင်းခါနေပြီဖြစ်သည်။

ဖအေဖြစ်သူက အလိုမကျသောမျက်နှာနှင့်မို့ ပါးစပ်ကိုတလှုပ်လှ လှုပ်ခိုင်းပြီး အသံပက်ျပက်ျကိုထွက်စေသည်။ တဖြည်းဖြည်း အမြင်ကပ်း သောကြောင့် ဇက်ပိုးကိုနည်းနည်းထုလိုက်၏။

'ရလား…ငါ့လက်သီးနဲ့ထုပေးရမလား'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်…ဟီး'

ဖအေဖြစ်သူက အတင်းကာရော စေတနာတွေကောင်းပြီး၊ ဝေဿန္တရာမောင်းထုချင်သောကြောင့် သူအတင်းတားရတော့၏။ဒီအတိုင်းဆို မဖြစ်ဘူးတွေးလို့ လက်နှစ်ဘက်ကိုစားပွဲပေါ်ထောက် မေးကိုလက်နှစ်ဘက် ပေါ်တင်၍ စာအုပ်ကိုကြည့်၏။ စာလုံးများသည် ဟိုဒီပြေးနေ၏။ ထို့ကြောင့် ဟိုဒီပြေးနေသောစာလုံးများကိုလိုက်ကြည့်ရင်း မျက်လုံးကအော်တိုပိတ်သွားတော့သည်။

ဦးခင်ငြိမ်းက သားဖြစ်သူကိုကြည့်သည်။ မျက်လုံးမှိတ်၍များကျက်နေတာလားထင်ပြီး ခဏစောင့်ကြည့်နေ၏။ ပါးစပ်ကအသံများထွက်လာမလားလို့စောင့်ကြည့်နေ၏။

'ဟော'

'ခလော…ခလော'

ထွက်လာသောအသံက ဟောက်သံဖြစ်နေသောကြောင့်…

'ဩော…ငါကတော့ စာကျက်နေလားမှတ်တယ်…အင်းဟာ… ဗျောင်လိမ် ဗျောင်အိပ်အကောင်'

'ဖျောင်…ဖျောင်'

နားရင်းနှစ်ချက်တီးလိုက်မှ… အင်းအဲနှင့် ငိုက်စိုက်စိုက်ဖြစ်သွားသည်။နောက်မှ…မျက်နှာမာနှင့်ဖအေဖြစ်သူကို အိပ်ချင်မှေးတေးနှင့်ကြည့်၍ သွားဖြဲပြ၏။

'အဟီး'

'ဟွန်း…မင်း အဲဒါဘာလုပ်တာလဲကွ'

'ဟိုလေ…အဟဲ…ကျက်ပြီးသားစာတွေကို ပြန်စဉ်းစားနေတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်...ဟုတ်လား'

'အင်း'

ဖအေဖြစ်သူဦးခင်ငြိမ်းက သူ့ခေါင်းကိုလက်သီးနှင့်'ဖွပ်'ခနဲထု၍ ပြောသည်။

'မင်း..ဒီတစ်ခါစဉ်းစားလို့ဟောက်သံထွက်ရင် ငါနဲ့အတွေ့ပဲ'

သူလည်းခေါင်းလေးပွတ်ရင်း အိပ်ချင်ပါပြေသွားသည်။ထို့ကြောင့် စိတ်ပါလက်ပါကျက်မှပါတွေးလို့ စာကိုကျက်သည်။အေးလေ...မိဘတွေ ဂရုတစိုက်ရှိတာတောင် စာမကြိုးစားဘူးဆိုရင် ငါလူမိုက်ပဲတွေးရင်းစိတ် ကောင်းဖလေးဝင်ကာ အသေအချာကျက်တော့၏။

အတော်ကြာကြာကျက်ပြီးနောက် ဖအေဖြစ်သူမျက်နှာအခြေအနေ ကောင်းရဲ့လားမော့ကြည့်သည်။

'ဟင်'

မျက်နှာအခြေအနေကောင်းတယ်လို့လည်းပြောမရသလို မကောင်း ဘူးလို့လည်း သတ်မှတ်လို့မရပါ။ ဖအေဖြစ်သူသည် ထိုင်ခုံနောက်မှီပေါ် တွင်ခေါင်းတင်၍ တခူးခူးနှင့်အိပ်ပျော်နေသောကြောင့်ဖြစ်သည်။ သူ့ကပြုံး၍ တီးတိုးပြောဖြစ်သည်။

'ဩော်... အဖေ...အဖေ... စာမကျက်ချင်တုန်းကတော့ထိုင် ကြည့်နေပြီး၊ စာလည်း တကယ်ကျက်ရော အိပ်ပျော်သွားပါရော့လား... တောက်...ဒီလိုဆို ငါတကယ်စာကျက်တာကို သူဘယ်သိတော့မလဲ'

ထိုစကားများကို ဦးခင်ငြိမ်း မကြားနိုင်တော့ပါ။

+ + +



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မိုးမြင့်သူကိုဝင်ခေါ်သည်။ ဒါပေမဲ့…

'မင်းသူငယ်ချင်း…စက်ဘီးနဲ့သူ့ဘာသာသွားပြီကွဲ့'

'ဗျာ'

မိုးမြင့်သူအမေ၏စကားသည် သူ့ကိုအတော်အံ့သြသွားစေသည်။ ထို့ကြောင့်ဘာမှမပြောတော့ဘဲ ကျောင်းသို့တစ်ယောက်တည်းလာခဲ့၏။ ဒါပေမဲ့…သူဝမ်းသာသွားသည်။ ရှေ့နားတွင် စက်ဘီးကိုလှုပ်စိလှုပ်စိနင်း၍ လိပ်သွားသွားနေသော မိုးမြင့်သူကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

'မိမိုး…ဟေ့…ခဏစောင့်'

'မစောင့်ဘူး'

သူဝမ်းသာအားရလှမ်းခေါ်ပေမယ့် ကောင်မလေးကတစ်ချက်လှည့်ကြည့်ပြီး မျက်နှာစူပုပ်သွားသည်။ သူကဂရုမစိုက်ပါ တဟဲဟဲနှင့်ရယ်ရင်း ဘေးချင်းကပ်နင်းသည်။

'နင်ဘာလို့ ငါ့ကိုမစောင့်တာလဲ…ဟွန်း…နင့်အချိုးတွေတစ်နေ့တစ်ခြားပြောင်းလာတယ်နော်'

'အဲ့ဒါဘာဖြစ်လဲ… နင့်လိုသစ္စာမရှိတဲ့အကောင်ကို ငါ့အနားမှာမထားချင်ဘူး'

'အံမာ…ကြီးကြီးနဲ့ကျယ်ကျယ်တွေလာပြောနေတယ်။ငါနဲ့နင်က ဘာသစ္စာတွေထားပြီး ငါကဘာသစ္စာတွေများဖောက်လို့လဲ…ပြောပါဦး'

သူမကဘာမှမပြောတော့ဘဲ စက်ဘီးကိုရပ်လိုက်ပြီး သစ်ပင်ရိပ်အောက်တွင်စက်ဘီးကိုရပ်ကာထိုင်လိုက်သည်။ထို့ကြောင့်သူလည်း စက်ဘီးကိုရပ်ကာ သူမဘေးနားဝင်ထိုင်လိုက်သည်။

'ပြောပါဦး ငါကဘာများမဟုတ်တာလုပ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင် မသိချင်ယောင်ဆောင်မနေနဲ့…နော်စေးဖောက်ိုနင်စာပေးတယ်ဆို…အလကားကောင်…သူငယ်ချင်းရဲ့ချစ်သူကိုတောင်အလွှတ်မပေးဘူး နင်လိုကောင်မျိုးနဲ့ငါပေါင်းစရာလား'

သူမ မကျေမနပ်နှင့်ပြောသော စကားများ၏အဟုန်က သူ့ရင်ကို အရှိန်ပြင်းပြင်းနှင့်ထိသည်။ ထိုကိစ္စအတွက်နှင့် သူမ သူ့ကို အထင်ရောအမြင်ပါစောင်းနေ၏။ ထို့ကြောင့်သူဖြေရှင်းချက်ထုတ်ရဦးတော့မည်။

တခြားသူတွေ သူ့ကို အထင်ရောအမြင်ပါလွဲပါစေ အကြောင်းမဟုတ်ပါ။ သည်ကောင်မလေးအထင်မမှားဖို့က အရေးကြီး၏။

'သြော်…ဒီကိစ္စအတွက် နင်ကငါ့ကိုစိတ်ဆိုးနေတာကို'

'ဟုတ်တယ်'

သူ့မှာ မျက်နှာငယ်နှင့်ပြောပေမယ့် သူမကမျက်နှာမာနေသည်။

'တကယ်တော့…ငါနော်စေးဖောက်ို ချစ်ဖို့နေနေသာသာ ကြည့်လို့တောင်မရပါဘူးဟာ…ဒီလိုလုပ်တာ လိပ်ပုကြောင့်ဟ'

'အပိုတွေလာမပြောနဲ့…ငါမယုံဘူး'

သူကပြုံးလိုက်သည်…

'မဟုတ်မှလွဲရော၊ ဒီကောင်မလေးလည်း စာပေးမှာကြောက်လို့ အနားအကပ်မခံတာလား'

လို့သူတွေးနေသည်။ ဒါမှမဟုတ် သူမကိုစာမပေးလို့ စိတ်ဆိုးနေတာလဲဖြစ်နိုင်တာပဲလို့ ထပ်တွေးပြန်၏။ ဘယ်လိုပဲတွေးတွေး သူ့ဘက်က အသာချည်းပဲ ဖြစ်၏။

'တကယ်တော့ ဒီကိစ္စကလိပ်ပုမွေးတဲ့မီး…အင်း…ပြောရမယ်ဆိုရင်…× × × × × × × × ×'



www.burmeseclassic.com

www.burmeseclassic.com



သူပြောပြသောအကြောင်းများကို သူမတိတ်တဆိတ်နားထောင်နေ၏။ သူ့စကားဆုံးသွားမှ…

'နင်ပြောတာ အမှန်တွေချည်းပဲနော်…နင်ကျိန်ရဲလား'

'နင်လည်း သိနေတာပဲ…ကျိန်တာနဲ့လိမ်တာဟာ အတူတူပဲ၊ ဒီတော့ဟာ…ငါတို့လိပ်ပုဆီပဲသွားကြတာပေါ့။ အဲဒီတော့မှ နင်ငါ့ကိုအမြင်ရှင်းမှာ'

'ကောင်းတယ်'

သူမ မျက်နှာအနည်းငယ်ပြန်ပြုံးလာပြီး သူနှင့်အတူလိပ်ပုတို့ရှိသော ကျောင်းဝန်းထဲသို့…

+ + +

ထိုကိစ္စပြေလည်ပြီးသောနောက်ပိုင်းတွင် သူနှင့်သူမအရင်အတိုင်း ပြန်ဖြစ်သွားသည်။ ထိုတစ်နေ့…ထိုတစ်နေ့ကိုမှတ်မှတ်ရရရှိနေခဲ့သည်မှာ သည်ကနေ့အထိပင် ဖြစ်ပေတော့၏။ မှတ်မှတ်ရရ ထိုနေ့က ကျောင်းပိတ်သည်။

တစ်ယောက်တည်း လမ်းထိပ်ထွက်လာခဲ့သည်။ တကယ့်ကို ပျင်းစရာကောင်းသော နေ့တစ်နေ့ပင်။စာမေးပွဲဖြေခါနီးပြီဖြစ်၍ စာတွေချည်းလိုမှ့ကျက်ရသောကြောင့် ခေါင်းကထုံပေပေဖြစ်နေ၏။ထို့ကြောင့်လန်းလိုလန်းငြား လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အဖေမရှိဘဲ အမေပဲရှိလို့ အိမ်အထွက်က အကြောင်းမဟုတ်ပါ။ တကယ့်အရေးကြီးသော အချိန်ဖြစ်သောကြောင့် လမ်းပေါ်တွင် သူ့လိုလမ်း သလားနေသော ကျောင်းသားတစ်ဦးတစ်လေတောင်မရှိပါ။

'ဒါလည်း မျက်စိရှုပ်နားရှုပ်သက်သာတာပဲ'

လို့ သူတွေး၏။ ကျန်သောအပေါင်းအသင်းများသည်လည်း စာနှ နဘာန်းချပေရော့မည်။ ဒါလည်းကောင်း၏။ မဟုတ်ပါက မဟုတ်က ဟုတ်ကအသံတွေ ယောင်ဖွာဖွာကြားနေရဦးမည်။

'ဟင်...မိမိုး'

ဟုတ်ပါသည်။ မိမိုးနှင့်ဓော်လတ်ကိုအတူတွေ့လိုက်ရခြင်းကြော င့် သူမနာလိုစိတ် ဆော်တော်ကြီးကို ဖြစ်မိသွားသည်။သူမတို့ ကျူရှင်ကပြန်လာ ခြင်းဖြစ်ပေလိမ့်မည်။

သူ့ကိုတွေ့တော့ သူမမျက်နှာ ရှက်သွားသည်။ဓော်လတ်က သူ့ကို တွေ့တော့ နောက်ကြောင်းပြန်လှည့်သွားသည်။ သူအာရုံတော်တော်လေး နောက်သွား၏။

'ငြိမ်းချမ်း...ဘယ်လဲ'

'အေးဟာ...ပျင်းလို့...လက်ဖက်ရည်ဆိုင် ခဏထွက်လာတာ'

သူက အောင့်သက်သက်အသံနှင့်ပြောတော့ သူမကပြုံးသည်။ ဘာကြောင့်ပြုံးတာလဲဆိုတာ သူမမေးတော့ပါ။ သူ့ရင်ထဲတွင် အတိုင်းမသိ သောဝမ်းနည်းမှုများပြည့်နေသည်။ သူတို့နှစ်ယောက် အဆင်ပြေသွားပြီလား ဆိုသောအတွေးက သူ့စိတ်ကိုမသက်မသာဖြစ်စေသည်။

'ဟဲ့...နင်ဘာတွေတွေးနေလဲ...ငါပြောတာကြားရဲ့လား'

'ဟင်...ဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူအတွေးစကနေရုန်းထွက်ပြီး သူမကိုကြည့်လိုက်မိသည်။ သူမ၏ မျက်ဝန်းသည် ရှက်ရိပ်သန်းနေ၍ သူနားမလည်နိုင်ပါ။

'မနက်ဖြန်ကျရင်...နင်နဲ့ငါကျူရှင်ပြေးကြမယ်'

'ဟေ...ဘာ...ဘာပြောတာ'

သူမဆီမှ ထိုကဲ့သို့သောစကားမျိုးတစ်ခါဖူးမှမကြားဖူးပါ၊ထို့ကြောင့် သူမျက်လုံးအပြူးသားနှင့်အံ့သြသွား၏။

'ဟဲ့...ငါ့ကိုဘာလို့ပြူးကြည့်နေတာလဲ...အေးလေ... နင်ကနဂို ပြူးပဲဟာ...ကဲပါ...မနက်ဖြန်ညနေကျရင် ငါတို့နှစ်ယောက်ကျူရှင်ပြေးပြီး တစ်နေရာမှာ သွားထိုင်ကြမယ်'

'ဟင်...စာမေးပွဲကဖြေခါနီးပြီ...နေပါဦး ဘာသွားလုပ်မှာလဲ'

'ငါ့ချစ်သူနဲ့သွားတွေ့မလို့'

'ဘာ'

သူအသံကျယ်ကြီးထွက်သွားပြီး ကောင်မလေးကိုတစ်ခါမှမမြင်ဖူး သလိုငေး၏။ သူမကရင်ဘတ်လေးလက်နဲ့ဖိရင်း...

'ဖြည်းဖြည်းပြောပါဟယ်...လန့်လိုက်တာ'

ပြောတော့...သူကျွဲမြီးတိုသွား၏။

'နင့်ဘာသာသွားပေါ့ ငါက...ဘာကိစ္စလိုက်ရမှာလဲ'

'လိုက်ခဲ့ပါဟယ်...ငါတစ်ယောက်တည်း...အဲလေ... သူမလာ ခင်ငါတစ်ယောက်တည်းဖြစ်နေမှာမို့ပါဟယ်'

'မလိုက်ဘူး... ငါက အမှိုက်ဖြစ်နေမှာပေါ့...ဒါမျိုးက ငရဲကြီး တတ်တယ်'

သူမမျက်နှာငယ်လေးနှင့် အတင်းလိုက်ခိုင်း၏။

www.burmeseclassic.com



'နင်လိုက်ခဲ့ပါဟယ်…အဖော်ရတာပေါ့…လိုက်ခဲ့ပါနော်… ငါ့
ပေါင်းစရာနင်ပဲရှိတာ'

သူမဘာသာပြောပြီး သူမပဲရှက်နေ၏။သူကနဂိုကတည်းက အည
ခပ်လွှယ်လွှယ်မို့ခေါင်းညိတ်လိုက်၏။ သူကရှက်ဝဲဝဲဖြစ်နေသော ထိုကော
မလေးကိုကြည့်၍ ဘယ်လိုမှနားမလည်နိုင်ပါ။ သူမ၏သဘောကို…

+ + +

နားမလည်နိုင်ခဲ့တာ အခုအချိန်ထိဖြစ်သည်။ထိုကတည်းက သူ
သူမနှင့်အတူ စောင့်နေခဲ့သည်မှာ အကြိမ်ပေါင်းမနည်းတော့ပြီ။ နောက်ဆုံး
သူတို့နှစ်ယောက်ပဲ စကားတွေပြောပြီးပြန်ခဲ့ရသည်ချည်းဖြစ်၏။

သူတို့နှစ်ယောက်ခုံတန်းတွင် အတွေးကိုယ်စီနှင့်ထိုင်ခဲ့ကြသည်မှာ
နေပင်ဝင်တော့မည်။သူသက်ပြင်းကိုချပြီး ခုံတန်းတစ်ဘက်တွင် ထိုင်နေသော
ကောင်မလေးကိုပြော၏။

'မိမိုး…ငါတို့ပြန်သင့်ပြီထင်တယ်'

'အင်းပေါ့လေ'

ကြည်နူးဟန်ရှိသော သူမ၏မျက်နှာလေးမရွှင်မပြဖြစ်သွားသည်

'အေးလေ…သူ့ချစ်သူနဲ့မှ မတွေ့ရဘဲ'

ဟု သူမလိုတာမာတွေးလိုက်၏။ သူမက မပြန်ချင်သေးသောပုံစံနှ
ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


'ငါလေ…နင်နဲ့ဒီမှာထိုင်ရတာ အရမ်းပျော်တာပဲသိလား'

သူ့ကိုမော့ကြည့်သော သူမ၏မျက်ဝန်းသည် ရွှန်းလဲ့နေ၏။ ဒါပေမဲ့ သူ ဒီမျက်ဝန်းတွေကို နားမလည်ပါ။

'ပြန်ကြမယ်'

သူမကပြောပြီးရှေ့ကသွား၍ သူကနားမလည်စွာခေါင်းခါရင်းလိုက်သွားတော့သည်။ နေလုံးကြီးသည် ကန်ရေပြင်ထက်၌ မေးတစ်ခြမ်းတင်နေလေ၏။

+ + +


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ကန့်တင်းထဲတွင် အသံပေါင်းစုံဆူညံနေ၏။လက်ပံပင်ကိုဆက်ရက်နှင့်အတူစာကလေးတွေပါရောကျသလို အသံများစီညံနေသည်။တင်ကိုလတ်တစ်ယောက်တည်း စားသောက်ဆိုင်တစ်ခု၏ခုံမှာထိုင်နေ၏။တခြားလူတွေကအုပ်စုဖွဲ့ပြီးစကားပြောနေကြပေမယ့် သူကတစ်ယောက်တည်း နားကြပ်နှင့်ဖြစ်၏။

သီချင်းနားထောင်နေရင်း တဖြည်းဖြည်းငိုက်လာ၏။ ထို့ကြောင့်မှာထားသော အအေးကိုတစ်ငုံသောက်လိုက်ပြီး ဘေးဘီကိုဝေ့ကြည့်သည်။ ကျော်ဇင်ထွန်း ဒါမှမဟုတ် ငြိမ်းချမ်းတို့နှစ်ယောက် ယနေ့ပျောက်နေသည်။

ပျောက်နေခြင်းအကြောင်းအရင်းသည် အတန်းတက်နေခြင်းတော့မဖြစ်နိုင်။ထိုင်နာနှစ်ကောင်သည် အတန်းတက်မလား ငွေရှုပြည်သွားမလားမေးရင် ငရဲပြည်ပဲသွားကြမည့်ကောင်တွေဖြစ်သည်။ သုံးယောက်စလုံးအမှတ်မီ ,ပေမယ့် တခြားဘာသာမတက်ကြဘဲ မြန်မာစာပဲယူထားကြသည်။ အရင်ကသူတို့တွေးထားခြင်းက တစ်မျိုး။ မြန်မာစာယူလျှင် ကျက်ရသက်သာသလိုမကျက်လည်းရမ်းရွှီးလို့ရသည်။ ထို့ကြောင့်စိတ်တူကိုယ်တူ ယူထားကြခြင်းဖြစ်သည်။

www.burmeseclassic.com



သို့သော်လက်တွေ့တွင် တွေးသလောက်မလွယ်ပါ။အမည်ဖော်မရသောအကျွရာပုံစံမျိုးစုံကိုမြင်ကြရပြီး တစ်ခါဖူးမှမတွက်ဖူးသောအသံထွက်များနှင့်အတူသင်ရတာရှုးချင်ချင်ဖြစ်လာ၏။

ထို့ကြောင့် မြန်မာစာသည် မလွယ်ပါ၊ အခန့်မသင့်လျှင် ရှုးနိုင်၏။ အတွန့်အကွေးလေးတစ်ခု၏အဓိပ္ပာယ်မှာ မရေတွက်နိုင်လောက်အောင်များနေတတ်သည်။ အခုတွေးရင်းနှင့်တောင် ခေါင်းရှုပ်လာသည်။ ထိုနှစ်ကောင်အတန်းလစ်တာလား၊ ကျောင်းမလာတာလားဟု သူတွေးနေ၏။

ထိုစဉ်မှာပဲ သက်သက်စံနှင့်သန္တာဝင်းကို တွေ့လိုက်ရသဖြင့် သူ့မျက်နှာပြီးသွား၏။ ထိုကောင်မလေးနှစ်ယောက်လည်း မြန်မာစာပဲယူထားသောကြောင့် အနေနီးနေသည်။ အနေနီးသောကြောင့် လူချင်းနီးသကဲ့သို့၊ လူချင်းနီးသောကြောင့် နှလုံးသားချင်းနီးနေကြသည်။

သို့ဖြင့်နီးရာတွေများသောကြောင့် လူချင်းလည်းငြိသွားကြ၏။တင်ကိုလတ်က သက်သက်စံနှင့်၊ ကျော်ဇင်ထွန်းက သန္တာဝင်းနှင့်ဖြစ်သည်။ ငြိမ်းချမ်းကတော့ ငွေ့တတ်ဖြစ်နေသည်။

တက္ကသိုလ်ပထမနှစ်ရောက်ပေမယ့် ရည်းစားတစ်ယောက်မှ ဈေးဦးမပေါက်သေးပါ။

ငယ်ချစ်(ငြိမ်းချမ်းချစ်သော) မိုးမြင့်သူ (Chemisty) ယူထားသောကြောင့် ငယ်ငယ်ကနီးပေမယ့် ကြီးတော့ ဝေးနေ၏။

သို့သော်ငြိမ်းချမ်းက အမြဲသွားတတ်သည်။ ထို့ကြောင့်အခုချိန်ကျော်ဇင်ထွန်းနှင့်အတူ (Chemisty)ကန်တင်းဘက်သို့ ရောက်နေပြီထင်၏။

'လာလေဟာ'

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက သက်သက်စံနှင့်သန္တာဝင်းကိုလက်လှမ်းပြ၍ ကောင်မလေး နှစ်ယောက်ကမြင်ပြီး ဆိုင်ထဲဝင်လာကြသည်။ နောက်ထိုင်ခုံတွေမှာဝင်ထိုင်၍ စားစရာတွေမှာနေကြ၏။

'နင်တို့ ... ငါ့ကောင်နှစ်ကောင်ကိုတွေ့ကြလား'

'မတွေ့ဘူး...အဲဒီနော ကျော်ဇင်ထွန်းကို ငါပါးတီးဖို့ရှာနေတာ နဲ့နေပြီ'

'အို'

သန္တာဝင်း၏တုံ့ပြန်စကားက ဘယ်လိုမှနားဝင်မချိုပါ။သင်းအသံက ကျော်ဇင်ထွန်းမချော့သရွေ့ ဒီလိုပဲထွက်၏။

ဟိုင်နောခမျာ သင်းကိုကြိုက်တာ ချော့ဖို့သက်သက်ပဲလားလို့ သူ မသက်မသာတွေးနေ၏။

'နေပါဦး သန္တာရယ်...နင်က...ငါ့သူငယ်ချင်းကို လူကောင်ကြီး တယ်ဆိုပြီး တမင်နှိပ်စက်နေတာလား'

သူ့အမေးကို သက်သက်စံက မျက်စောင်းလေးဝင့်၍ဖြေ၏။

'ကိုလတ်ဟာလေ ... ဘာမှမသိဘဲ သူများကြား လျှောက်ပါနေ တယ်၊ အခု...အဆီပိတ် ဘာအချိုးချိုးနေလဲ သိလား'

'ဟင်...ဒီကောင် ဘာတွေများချိုးနေလဲ'

အတွေးထဲတွင် ဒိုင်စားရအောင်ပဲချိုးလား၊ ထိုးသားစားရအောင်ပဲ ချိုးလား၊ ဒီကောင်က ဒီအချိုးတော့ကျွမ်းတယ်လို့ တွေးနေ၏။

'ဘာအချိုးချိုးရမလဲ...ဟိုသေနာကျမယ့်နောထ...ငနွဲထိုး ပေါင်းပြီး (Chemisty)ကကောင်မလေးတစ်ယောက်နဲ့ ဘာလိုလိုဆိုလား ကြားနေရတယ်ဟဲ့'

www.burmeseclassic.com



သန္တာဝင်း၏စကားကြောင့် သူထပ်မဲ့သွားပြန်၏။

'သွင်းလာပေ့စေ လာမှလိမ်ချိုးပစ်မယ်'

'ဘာ…ဘာကိုလဲ…ဟင်'

'ခြေထောက်ကိုပါဟယ်'

'တော်သေးတာပေါ့… ခြေထောက်ကယ်လို့ … မဟုတ်ရင် ဒီကောင်တော့ မလွယ်ကြောပဲ'

'နေပါဦး နင်ကဘာကိုလိမ်ချိုးမယ် ထင်တုန်း'

'ဟီး…ဗုဒ္ဓဟူးနာမ်ကိုလေ'

'ဘာ'

'အဲလေ… လည်ပင်း…ဟုတ်တယ်… လည်ပင်းလည်းဗုဒ္ဓဟူး နာမ်ပဲလေ'

ကောင်မလေးနှစ်ယောက်က သူ့ကိုမျက်စောင်းဝိုင်းထိုးကြသည်။ သက်သက်စံကအစားကိုလက်စသတ်ပြီး သူ့ကိုလှမ်းပြောသည်။

'နေပါဦး…မြွေထိုးနဲ့မိမိုးက ဆယ်တန်းကတည်းကကြိုက်နေတာ မို့လား'

'ပေါက်ပေါက်ရယ်မှ ရှာရှာ…မကြိုက်ပါဘူး…ဒီကောင် အဲဒီ လောက်အထိ မစွန့်စားရဲလို့ ဓာတ်မှောကြီးဖြစ်နေတာ'

ကိုလတ်က ပြောတော့ သန္တာဝင်းက တွေးတွေးဆဆနှင့် ပြော၏။

'မဟုတ်ဘူးနော်…စာမေးပွဲဖြေခါနီးတုန်းက သူတို့နှစ်ယောက် အင်းယားကန်ပေါင်ပေါ်မှာ အတူထိုင်နေကြတာကို တွေ့ခဲ့တဲ့လူက တွေ့ခဲ့ တယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…အဲဒါက…ဒီလိုဟဲ့…မိမိုးကရည်းစားနဲ့ချိန်းတွေ့တာ …အဲဒါငြိမ်းချမ်းကို အဖော်ခေါ်သွားတာဟ…ငါ့ကို ငြိမ်းချမ်းပြောပြီးပြီ'

'ဘာ…နင်ယုံလား…ငါးခူစုတ်ရဲ့…ရည်းစားနဲ့ချိန်းတွေ့တာ သူ့ကိုဘာခေါ်လုပ်ရမလဲ…ခေါင်းသုံးစမ်းပါ'

သန္တာဝင်းကပြောတော့ ကိုလတ်ကမျက်လုံးလေးလည်တယ်တယ်နှင့်စဉ်းစား၏။

ဒါပေမဲ့ ခေါင်းရှုပ်တာပဲ အဖတ်တင်၏။

'ဟာ…တော်ပြီကွာ…ကိုယ့်ကိစ္စမဟုတ်ဘဲ မတွေးချင်ဘူး၊သူလာမှနင်ဘာသာမေး…လောလောဆယ် ငါတို့ကိစ္စပဲ အရေးကြီးတယ်…နော့သက်ရယ်'

'အဟင်း…အင်း'

သူကမချိုမချဉ်မျက်နှာထားနှင့်မျက်စပစ်တော့ သက်သက်စံကရှက်ပြုံးလေးနှင့်ခေါင်းညိတ်၏။ သန္တာဝင်းက ထိုနှစ်ယောက်ကိုကြည့်၍ မဲ့ရွဲ့သွားတော့၏။

'လာပါပြီဗျာ…နင့်အချစ်တော်ကြီး'

ကိုလတ်ကမေးငေါ့ပြလို့ လှည့်ကြည့်လိုက်တော့ ငြိမ်းချမ်းနှင့်ကျော်ဇင်ထွန်းကို သွားအဖြီးသားနှင့်တွေ့ရ၏။ သန္တာဝင်းက နှုတ်ခမ်းကိုကိုက်ပြီး သင်းကောင်မနဲ့အကြည်ဆိုက်ပြီး ရယ်လိုက်လာတယ် တွေ့မယ်ဟုကြိမ်းနေသည်။

သွားဖြီးကြီးတွေနှင့် သဘောကျလာသော ထိုနှစ်ယောက်သည် သူတို့ကိုမမြင်ပါ။ နောက်မှမြင်ပြီး ရုပ်တွေပြန်တည်သွားကြ၏။

ထို့နောက် နှစ်ယောက်သား ကိုလတ်တို့ရှိသောဝိုင်းတွင် လာထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ရုပ်တည်နှင့်ကြည့်နေသော သန္တာဝင်းကို ကျော်ဇင်ထွန်းက ဟီးခနဲ ရယ်ပြသည်။

'ဟီး…သန္တာ…ကိုယ့်ကိုလိုက်ရှာနေတယ်ဆို'

'ဟုတ်တယ်…နင်ကိုလိုက်ရှာနေတာ…လိမ်ချိုးမလို့'

သန္တာဝင်း၏အသံအနေအထားက ကျော်ဇင်ထွန်း၏ကိုယ်ကိုကျုံ့သွားစေသည်။ ရှူးရှူးရှူးရှူးနှင့်ဒေါသထွက်နေသော သန္တာဝင်းက ကျော်ဇင်ထွန်း၏ဗိုက်ခေါက်ထူထူကြီးကို လိမ်ဆွဲကာ…

'လာခဲ့သေနာ…နင်နဲ့စာရင်းရှင်းစရာရှိတယ်၊ အပြတ်ကိုရှင်းပစ်မယ်'

'အား…တော်ပြီလို့'

ခေါ်သွားသောကြောင့် ငနဲမျက်နှာကြီးမဲ့လျှက်ပါသွား၏။

'ဟဲ့…နင်တို့လူရှင်းတဲ့ဆီသွားကြနော်…အဟဲ'

'သေနာကျ ငမြွေထိုး…ပြီးမှနင်နဲ့ထပ်တွေ့မယ်'

'အံမယ်…နင်က တတ်နိုင်တယ်လား'

'ဘာ'

'အဲလေ…ငါကအပြေးသန်တော့ နင်လိုက်နိုင်ပါ့မလားလို့ ပြောပါတယ်'

နှစ်ယောက်သားအဝေးကိုရောက်သွားသည်အထိ ငြိမ်းချမ်းကလှမ်းစနေ၏။ထိုနှစ်ယောက်သည် မြင်ကွင်းထဲကပျောက်သွားတော့မှ သုံးယောက်သားရယ်လိုက်ကြသည်။

'နေပါဦး ငမြွေထိုးရ… ဒီကောင်အဆီပိတ်က သန္တာမှသန္တာကနေ ဘယ်ကတခြားတစ်ယောက်ပြောင်းသွားတာတုန်း'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို…ဘယ်သူပြောလဲ'

'ဟ…သန္တာပြောတာပေါ့…သူမဟုတ်တဲ့ တခြားတစ်ယောက်ကို ဟိုင်နာကပ်နေတယ်ဆို'

ငြိမ်းချမ်းကမိန့်မိန့်ကြီးပြုံး၏။ ပြီးမှမှာထားသောအအေးကိုသောက် လိုက်ပြီး ပြောပြသည်။

'ဒါကဒီလိုကွ…ဟိုကောင်အဆီပိတ်က ငါ့ကိုပြောတယ်… သန္တာ ကသူ့ကိုတကယ်ချစ်မချစ်ဆိုတာ သူသံသယဝင်နေတယ်တဲ့…သူကဘာ လုပ်သင့်လဲလို့ ငါ့ကိုမေးတယ်'

'တောက်…ဒီကောင်ကွာ…ရည်းစားရှိတဲ့ကောင်က ရည်းစားမရှိ တဲ့ကောင်ကို ဆရာတင်ရတယ်လို့'

မဲ့ရွဲ့၍ပြောသော ကိုလတ်စကားက သူ့ရင်ကိုထိ၏။

'ဒါတော့ကွာ…ငါက…မင်းတို့ထက်စာရင် ပိုတော်တယ်လေ'

'ဟွန်း…ဘာမှလဲ မဆိုင်ဘူး…နော်…သက်ရယ်'

'ဟုတ်ပါ့ ကိုလတ်ရယ်'

အတိုင်အဖောက်ညီနေသော အတွဲကိုကြည့်၍ အားကျသွားပြီး မိုးမြင့်သူကို သတိရသွား၏။ ပြီးမှ အတွေးထဲကနေ သူမကိုခဏဆွဲထုတ်ပြီး ဆက်ပြောသည်။

'ငါလည်း…အဟဲ…မင်းသိတဲ့အတိုင်း…ဒါမျိုးဆိုလွတ် ဝါသနာ ပါတယ်လေ…မင်းတခြားကောင်မလေးနဲ့ဘာလိုလိုဖြစ်နေတယ်လို့ သတင်း လွှင့်… သူသဝန်တိုရင် တကယ်ချစ်လို့၊ အဲ…သဝန်မတိုရင် မချစ်လို့ပဲ ကွာ…ပြီးတော့…ငါသူ့ကို (Chemisty)ကန်တင်းဘက်နှင့်ရက်လောက် ခေါ်သွားလိုက်တာ…အခုမင်းတို့မြင်တဲ့အတိုင်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အပေါ်···ဒီကောင့်ကြည့်ရတာ သားသတ်သမားနောက်ပါသွားတဲ့ ဝက်ကြီးလိုပဲ···ဆန့်ငင်ဆန့်ငင်နဲ့လေ'

သုံးယောက်သားပြုံးမိသွားကြ၏။ သက်သက်စံကပြောသည်။

'နင်ဟယ်···သူများအတွဲကြား ကတုန်းကတိုက်နဲ့ဝင်ရှုလိုက်နေမယ်၊ ကြည့်လုပ်'

'အခုလည်း···ဒီကောင်ဝင်ရှုခံနေရတာပဲလေ'

ကိုလတ်၏စကားကြောင့်သူရှက်ရယ်ရယ်လိုက်သည်။သက်သက်စံ ကစပ်စုသည်။

'ငမြွေထိုး···နင်နဲ့ မိမိုးက··ဘယ်လိုလဲ'

'ဒီလိုပါပဲ'

'ဘာလဲဟ··· မင်းစကားက'

ကိုလတ်၏အမေးကို သူမကြားယောင်ဆောင်လိုက်သည်။တကယ် တမ်းတွင် သူအရှုံးသမားဖြစ်ခဲ့သည်မှာ ကြာပြီဖြစ်၏။ ထို့ကြောင့်သူမိမိုး ဆီမှာဘာမှမမျှော်လင့်ခဲ့ပါ။ သို့သော်မိမိုးမှလွဲ၍ တခြားတစ်ယောက်ကိုလဲ သူချစ်၍မရခဲ့ပါ။

ငယ်ကချစ်အနှစ်တစ်ရာမမေ့သာဆိုသလို (ဒါကတော့ပိုပြီ)သူထို ကောင်မလေးကိုမမုန်းနိုင်ခဲ့ပါ။ သူမကတော့ သူ့ကိုလိုတဲ့အခါ အမြဲခေါ်၏။ သူကလည်း တစ်ရက်တစ်ခေါက်လောက်မှ သူမဆီမသွားဘဲမနေနိုင်ခဲ့ပါ။

'ဒီလိုပါပဲဆိုတာ···ဒီအတိုင်းပဲလို့ပြောတာ'

'နေပါဦး···နင်က သူ့ကိုဖွင့်မပြောဘူးလား'

သက်သက်စံကမေးတော့ သူကသက်ပြင်းကိုချ၍ ခေါင်းရမ်း သည်။ ဖွင့်ပြောဖို့မရဲခဲ့သလို ဖွင့်ပြောချိန်တောင်မရလိုက်ဘဲ သူမချစ်သူရသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထိုချစ်သူနှင့်ချိန်းတိုင်းသူ့ကိုလာခေါ်ခဲ့ပေမယ့် သူမ၏ချစ်သူရောက်မလာခဲ့ပါ။ ထိုသို့သောအဖြစ်များသည် အခေါက်ပေါင်းလဲမနည်းတော့ပါ။ သူ့စိတ်ထဲတွင် ဓော်လတ်နှင့်ကြုံကြိုက်သွားသည်ဟုထင်သည်။

'ဘာပဲဖြစ်ဖြစ်…နင်…သူ့ကိုဖွင့်ပြောသင့်တယ်…'

'အေးပါဟာ… ကစ်နေ့နေ့တော့ဖြစ်လာမှာပါ'

'အောင်သွယ်လိုရင် ပြောနော်…ငါနဲ့သန္တာတို့ ပြန်ကူညီမယ်…ငါတို့တုန်းက နင်ကူညီထားခဲ့တာပဲ'

'ဟာ…ရပါတယ်ဟာ…မလိုပါဘူး'

သူအသည်းအသန်ငြင်းသောကြောင့် သက်သက်စံပြုံးသွားပြီးမှပြောသည်။

'ဩော်…ဒါနဲ့…ငါလိပ်ပုတို့နဲ့တွေ့သေးတယ်'

'ဟင်…ဟုတ်လား…သူတို့အဆင်ပြေရဲ့လား'

ငြိမ်းချမ်းသီချင်ဓာနှင့်မေးသည်။ လိပ်ပုတို့အတွဲသည် ဆယ်တန်းစာမေးပွဲဖြေပြီးပြီးချင်းမှာပင် ခိုးပြေးသွားကြသည်။

'ကောင်းပါတယ်…အခုနှစ်ယောက်လုံးအလုပ်နဲ့ဟ… ရခါစတုန်းကတော့ ဒုက္ခရောက်တယ်တဲ့…အခု သုံးနှစ်ရှိပြီဆိုတော့ အခြေကျနေပါပြီတဲ့'

'ဩော်…ကောင်းပါရဲ့…မြန်မြန်အိမ်ထောင်ပြုတော့ မြန်မြန်အခြေကျတာပေါ့…ဩော်…ဒါနဲ့…ကလေးရောရပြီလား'

'အေး…သမီးလေးဟဲ့…နင်မိန်းမမရမှာ မပူနဲ့သိလား'

'ဘာဖြစ်လို့လဲ'

သူကနားမလည်သလိုမေးတော့ သက်သက်စံကပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ဩော်…ဘာဖြစ်ရမလဲ…လိပ်ပုသမီးကို ကျောက်ပျဉ်ထမ်းပြီး တော့စောင့်ရင် ရပြီလေ'

'ဟာ…အကောင်းမှတ်လို့ဟာ'

ရှက်ကန်းကန်းဖြစ်သွားသောသူ့ကိုကြည့်၍ ကိုလတ်တို့အတွဲက ရယ်တော့သည်။

+ + +

ဆောင်းညများ၏ အအေးဓာတ်သည် သူ့ရင်ထဲက အပူဓာတ်များ အားစုပ်ယူသွားစေရန် ဝရန်တာသို့ထွက်ခဲ့သည်။ ရှေ့တွင်လမ်းတစ်ဘက်ခြား ၍မိုးမြင့်သူတို့အိမ်သည် သူ၏အိမ်ကိုမခို့တရို့နှင့်မျက်စောင်းထိုးနေ၏။

သူက ဂစ်တာကိုသံစဉ်မဲ့ခေါက်ရင်း အခုချိန်သူမဘာတွေများ တွေးနေမလဲ ခန့်မှန်းကြည့်သည်။

သူမအတွေးသည် ချစ်သူဆီရောက်နေမည်လား ဒါမှမဟုတ်စာထဲ ပဲရောက်နေမလား၊ သေချာခြင်းမရှိသောအတွေးများသည် သူ့ရင်ကိုပိုရှုပ်စေ သည်။ သူ့အခန်းသည် ဝရန်တာဘေးတွင်ဖြစ်ပြီး သူမသည်ဝရန်တာတွင် စာထွက်ကျက်ခြင်းပိုများ၏။

သူမ သူ့အပေါ်အရင်အတိုင်း ရှိုးသားနေဆဲပဲလား၊ ဒါမှမဟုတ် အရောင်ပြောင်းခဲ့ပြီလား၊ သေချာတာကတော့ သူမရည်းစားရသွားပြီဖြစ်လို့ သူ့အပေါ်ပြောင်းလဲမှာမဟုတ်ပါ။ သူကရော သူမပြောင်းလဲစေအောင်ကြိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



မားမားစွမ်းဆောင်ချက်ဘာမှမရှိပါ။ နောက်ထပ်သေချာတာတစ်ခုကတော့ သူက သူမကလွဲပြီး တခြားတစ်ယောက်ပြောင်းလဲဖို့မရှိပါ။

သူအတွေးတွေနှင့်အတူပြုံးလိုက်မိ၏။ ပြုံးတိုင်းပျော်သည်မဟုတ်၊ စိတ်ညစ်လည်းပြုံးသလို ပျော်လည်းပြုံးသည်၊ သို့သော်စိတ်ညစ်သောအချိန်ကပိုများသည်။ မီးမပိတ်သေးသော အခန်းထဲတွင် သူမစာကျက်နေခြင်းဖြစ်ပေမည်။ သူကစိတ်ခံစားမှုကိုဦးစားပေးသောကြောင့် စာမကျက်ပါ။ ဘယ်သောအခါမှလည်း ဟုတ်တိပတ်တိစာမကျက်။

လတစ်ခြမ်းနှင့်သာနေသောည၏ အေးမြခြင်းသည် သူ့ရင်ထဲသို့ တဖြည်းဖြည်းချင်းစီးဆင်းနေ၏။ သီချင်းတစ်ပုဒ်ကိုဆိုရန်အတွက် လက်ကွက်စခင်းလိုက်သည်။ ထို့နောက်သာယာသောညတွင် သူ၏သီချင်းသံတိုးတိုးပျံ့လွင့်နေတော့သည်။

'အပြုံးတစ်ပွင့်ပေးရင် ပျော်ရွှင်မယ် × × × အချစ်တို့ရှင်သပျော်တယ် × × × မင်းလေးကို × × × ငါ အသည်းထဲကနေချစ်တယ် × × × မင်းမျက်ဝန်းတွေကို ငါသိတယ် × × × အချစ်စိတ်များကိုလေဖုံးကွယ် × × × သူငယ်ချင်းလေးရယ် × × × ငါရူးရတော့မှာပဲ'

သူ့အသံသည် တမင်လုပ်ဆိုခြင်းမဟုတ်ဘဲ ခံစားချက်တစ်ခုဖြင့်ဆိုသောကြောင့် အသက်ဝင်နေ၏။ထို့ကြောင့်အိပ်နေသောအိမ်တစ်ချို့ မီးများဖွင့်လာပြီး လမ်းထဲကခွေးတစ်ချို့ကဟောင်ကြ၏။ ဒါတောင်ကျယ်ကျယ်မဆိုသေး။

'မင်းအပြုံးများနောက် × × × တကောက်ကောက် လမ်းပျောက်ခဲ့ပြီပဲ × × × ပုံပြင်ဆန်ဆန်မြို့လေးမှာ × × × နာရီသံတွေမြန်ခဲ့ × × × ကြယ်ကြွေနေဆဲကောင်းကင် × × × ရင်ခုန်နေတဲ့သစ်ပင်များ × × × ငါ့နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားလေးလဲ မင်းရှေ့ဒူးထောက်လျှက်ပါပဲ× × × နင်ပျော်သလိုသာ ကစားပါ × × × ကျွန်တာတွေကိုမေ့ထား× × × ကဗျာမဆန်တဲ့ဘဝမှာ နင်တစ်ယောက်တည်း × × × နင်တစ်ယောက်တည်းပါ× × × '

အသံကပိုမြင့်လာသောကြောင့် ခဲတစ်ချို့ အိမ်အမိုးပေါ်သို့ကျ၏။ ခွေးတွေကလည်းပိုဆူလာသောကြောင့် ပရိုက်သတ်၏အားပေးခြင်းကိုအပြည့်အဝရသည်ဟု ယူဆရပေ၏။

သူကတော့ ဖီးလ်အပြည့်နှင့်တစ်ပုဒ်လုံးပြီးအောင်ဆိုနေ၏။ သီချင်းတောင်မဆုံးသေး အောက်ထပ်မှမီးများဖွင့်ခနဲလင်းလာပြီးနောက် ဖအေဖြစ်သူ၏ တဖျစ်တောက်တောက်အသံကိုကြားပြီး သူရပ်သွားသည်။ သူရပ်သွားတော့မှ လမ်းထဲမှခွေးများအဟောင်ရပ်၍ အိမ်များမီးပြန်ပိတ်သွားကြသည်။

သို့သော်မိုးမြင့်သူအခန်းက်တော့လင်းဆဲမို့ သူပြုံးလိုက်သည်။ဘာပဲဖြစ်ဖြစ်သူ့အသံတချို့ လေထုကိုဖြတ်၍ သူမ၏နားထဲမှတဆင့်ရင်ထဲအထိရောက်နိုင်သည်။ ရင်ထဲမှတဆင့် နှလုံးသားထဲသို့ရောက်သွားပါက ပိုကောင်းပေမည်။

သူ့အသံက ရင်ထဲရောက်မရောက်မသေချာပေမယ့် ဖအေဖြစ်သူ၏ မျက်နှာမာကြီးက ဝရန်တာတံခါးဝမှာပေါ်လာ၏။ တစ်လက်စတည်း အသံဆိုးဆိုးကြီးက…

'ဟေ့ကောင်…မင်းဘာလုပ်တာလဲကွ'

သူကဟီးခနဲသွားဖြီးပြသည်။

'ဟေ့ကောင်…ငါနွားပွဲစားမဟုတ်ဘူးကွ…သွားဖြီးမပြနဲ့'

'ဟုတ်ပါတယ်အဖေရယ်… သားလည်းပွဲစားတန်းရောက်နေတယ်လို့မပြောပါဘူး။ စာကျက်ရင်း ခေါင်းနောက်လာလို့ သီချင်းဆိုမိတာဘာများဖြစ်လို့လဲဟင်' ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနှင့်မေး၍ ဖအေဖြစ်သူ ရုပ်ပိုမာသွား၏။

'ဘာစာကျက်တာလဲ…ဟင်…သူများအိပ်ချိန်မှန်းမသိ ဘာ မသိ၊ အသံဆိုးကြီးနဲ့လွတ်အော်နေတယ်… ဟော့ကောင်…မင်းစာကျက် တစ်လုံးတစ်လေတွောင် မကြားရဘူး'

'ကျက်ပါတယ် အဖေရယ်'

'ဘာကျက်တာလဲ…ရုပ်ကမယားပူမိနေတဲ့ရုပ်၊ မင်းကျောင်းတ လို့စိတ်မပါရင်လည်း ကျောင်းထွက်ကွာ…ပိုက်ဆံကုန်တယ်၊ အလ ပဲ… မိဘပိုက်ဆံထိုင်ဖြုန်းနေတဲ့အကောင်'

ထိုမျှပြောဆိုဆုံးမနေတာတောင် အမှတ်မရှိပါ။

'ထိုင်ဖြုန်းနေတာမဟုတ်ပါဘူး အဖေရယ်၊ ကျောင်းတက် သွားရင်းဘာရင်းဖြုန်းနေတာပါ၊ ကျောင်းတော့မထွက်ပါရစေနဲ့…အဟ ကျောင်းထွက်မှ အဖေပြောသလို အလုပ်မရှိဘဲ…အဖေ့ပိုက်ဆံအိမ်မှာ ဖြုန်းနေမိမှာ'

'တော်ကွာ…တော်'

ဦးခင်ငြိမ်းလည်းပြောမနိုင်သော သားဖြစ်သူကိုစွေကြည့်ပြီးပေ ဖောင်းနဲ့အခန်းထဲပြန်ဝင်သွား၏။

သားဖြစ်သူက မျက်နှာပြုံးသွားပြီး…

'အရှုပ်ထုပ်တော့…ဟင်'

ပြောစကားတောင်မဆုံးသေး ဖအေဖြစ်သူပြန်ရောက်လာလို့ ရုပ် တည်သွား၏။

'အဖေ…ပြန်မအိပ်သေးဘူးလား'

'အေး…အိပ်မှာ…မင်းကိုကြည့်ချင်လွန်းလို့ ပြန်လာတယ်မထ

www.burmeseclassic.com



…ဂစ်တာတီးပြီး သီချင်းထပ်ဆိုရဲဆိုကြည့် မင်းကိုငါကိုယ်တိုင် ဝရန်တာက ကန်ချမယ်…ဒါပဲ'

သူက ဟိုဟာပဲ လို့မပြောတော့ဘဲ မျက်နှာအိုလေးနှင့် ခေါင်းညိတ် လိုက်မှ ပေစောင်းစောင်းနှင့်အိမ်ပေါ်ထပ်ကပြန်ဆင်းသွား၏။ သူတယောသံ လိုချွဲချွဲနွဲ့နွဲ့ညည်းမိသည်။

'သြော်…ဆိုးလိုက်တဲ့ဘဝ ကြေကွဲတာတောင် အသံမထွက်ရဲဘူး'

+ + +



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

ကျောင်းဝန်းထဲရောက်သောအခါ မိုးမြင့်သူတို့ဘာသာတွဲဘာ ကန်တင်းထဲတွင် ထိုင်ဖြစ်ကြသည်။ နေ့စဉ်ပုံမှန်လုပ်နေကျ အလုပ်တစ်ခုဖြ သည်။သူမကို ကန်တင်းထဲရောက်အောင်ပို့ပေးပြီးမှ သူကမြန်မာစာကန်တင် ဘက်သွားသည်။

အတန်းတက်ချင်စိတ်မရှိသောအခါများတွင်လည်း သူမတို့ရှိသော (Chemisty)ကန်တင်းသို့လာတတ်၏။ တက်ချင်စိတ်မရှိသောနေ့က ပိုများ ၏။ မှာထားသောအစားအစာများရောက်သောအခါ သူကသူမစားရန်အတွက် တူတစ်စုံကိုယူပေးသည်။ သူမက သူ၏အလိုက်သိမှုကို အပြုံးတစ်ချက်ဝင့်၍ တုံ့ပြန်ပြီး တူကိုယူကာ ဆီချက်ကိုစားသည်။

သူမစိတ်ထဲတွင်ဘယ်ကဲ့သို့ရှိမည်ကို သူမသိပါ။ သို့သော်သူ့စိတ် ထဲတွင် ပျော်ရွှင်နေသည်။ မိုးမြင့်သူဆိုသောကောင်မလေးကို သူအမြဲတမ်း ထိုင်ကြည့်ချင်၏။ ဖြစ်နိုင်မည်ဆို ကမ္ဘာကြီးပေါ်မှာ သူတို့နှစ်ယောက်တည်း နေချင်မိသည်။ သို့ပေမဲ့ မဖြစ်နိုင်ပါ။

နှစ်ယောက်တည်းသာရှိလို့ကတော့ သူ့ပျင်းပုံပျင်းနည်းနှင့် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်သေနိုင်လေ၏။ ထို့ကြောင့်နှစ်ယောက်တည်းသောစိတ်ကူးကို သူမယဉ်ရဲတော့ပါ။

'ဟဲ့…ဘာကြည့်နေလဲ… စားလေ'

'ဩော်…အဟဲ…ပူသေးလားလို့ ခဏစောင့်နေတာ'

သူမကိုငေးကြည့်နေသော သူ့ ရှက်ကိုးရှက်ကန်းနှင့်ဆီချက်ကိုစားသည်။ ဒါပေမဲ့…ကောင်မလေးကိုကြည့်ရတာလောက် အရသာမရှိပါ။ သို့သော် ကောင်မလေးကိုကြည့်ခြင်းသည် ဗိုက်မပြည့်ဘဲ ဆီချက်စားခြင်းက ဗိုက်ပြည့်၏။

နှာခေါင်းနှင့်စားသော အစားအစာနှင့်ပါးစပ်ဖြင့်စားသော အစားအစာတွေ၏ ကွာဟချက်က ဗိုက်နှင့်ဆိုင်သည်။

သူမက အစားကိုလက်စသတ်လိုက်ပြီး ဖျော်ရည်တစ်ခုကိုမှာကာ သူ့ကိုစကားပြောသည်။

'ညက နင်ဆိုတဲ့သီချင်းကောင်းလိုက်တာဟယ်'

ထိုစကားကိုကြားပြီး သူဟင်းချသီးသွားတော့၏။

'နင်ကသာကောင်းနေတာ… အဖေကတော့ဆက်ဆိုရင်အိမ်ပေါ်ကကန်ချမယ်ဆိုလို့ မနည်းတားထားရတယ်'

'ဟယ်…တကယ်နားထောင်ကောင်းတာပါဟဲ့…သိလား… နင်ဆက်ကြိုးစားရင်ဖြစ်နိုင်တယ်'

'တကယ်'

ချစ်ရသောကောင်မလေး၏စကားက သူ့ဘဝင်ကိုထန်းပင်ထိပ်ဖျားချက်ချင်းရောက်စေသည်။ မျက်နှာကြီးချက်ချင်းပြုံးသွားသည်။ စားနေရင်းတန်းလန်းဆိုတော့ပြုံးတာနှင့်မတူဘဲ ပြောင်စားနေသလိုကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်…နင်လည်းခဏခဏကြားမှာပါ၊ တီးလုံးသံကို ငါဏ
တော့ ထုံတုံတုံ…ချပ်ချပ်ချပ် ပဲကြားတယ်၊ ဒါပေမဲ့…ဆိုသံတွေက ဂရုဏာ
ပါတယ်… ခဏခဏကြဲ့ပါတယ်… တို့ဘုရားသွားရင် စောင်းတန်းအဝမှာ
တွေ့တတ်တယ်လေ'

'ဟင်'

'တစ်ခါတစ်ခါ ရပ်ကွက်ထဲကလမ်းထဲအထိ ရောက်ရောက်လာ
တတ်ပါတယ်'

'ဂျာ…'

ထန်းပင်ထိပ်ဖျားကနေကျ၏။ တော်တော်မြင့်မြင့်ကကျသောကြောင့်
အကျနာပြီး မဲ့သွားတော့သည်။

'ဟုတ်တယ်…နင်လည်းဆက်ကြိုးစားရင် သူတို့နီးပါးဖြစ်မှာ…
ဘာလို့လဲဆိုတော့ နင့်အသံလည်းဂရုဏာပါတာပဲ'

'တော်ဟာ… တော်… အစားအသောက်ပျက်တယ်၊ ငါလား…
အဲဒီလိုလုပ်စားမှာ…ဝေးသေး'

သူက တဟီဟီနှင့်အူမြူးနေသောသူမကို မျက်စောင်းထိုး၏။

'စားစား…နင့်အသံကောင်းလွန်းလို့ ဂုဏ်ပြုတာ'

'တော်တော့နော်…နင်လုပ်မှပဲ ဒူးနှစ်ဘက်ပါဖြတ်ရမလိုဖြစ်နေပြီ'

'ကောင်းသားပဲ…ဟီဟိ'

သူက တဟီဟီနှင့်ရယ်နေသော ကောင်မလေးကို ချစ်စနိုးနှင့်မျက်
စောင်းထိုးနေသည်။

'တကယ် ဖြတ်ရမှာလား'

'ဖြတ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'နှင်ဖြတ်နိုင်းတာနော်… အံ့မယ်…ပေါ့သေးသေးမထင်နဲ့ ငါ့အတို ဖြစ်သွားရင် နင်တစ်သက်လုံး ဝတ်ကြီးရောဝတ်ငယ်ပါပြုစုရမှာနော်'

'မပြုစုသေး…သွားသေလိုက်လေ… ဟိုဘက်ခပ်ဝေးဝေးလေးမှာ အမြီးလေးခေါက်သိမ်းပြီးတော့ပေါ့'

'ငါ့ဘာသာသေတာပဲ…အမြီးမသိမ်းလည်း ဘာဖြစ်လဲ'

သူက ခွေးဖြစ်မယ်အတူတူ ရွဲ့မေး၍ သူမကရယ်၏။

'မတော်လို့တက်နင်းမိရင် တအိုင်အိုင်နဲ့ထအော်နေမှာစိုးလို့ပေ့ါ… နင့်အသံကအောင်တယ်မို့လား'

'တော်… တိတ်… နင်ပြောတာ နင်ကျွေးတာနဲ့တောင် မတန် ဘူး'

သူအနည်းငယ်တင်းသွားသောကြောင့် သူမမျက်နှာပြန်တည်သွား သည်။ ခဏကြာသောအခါ မိုးမြင့်သူ၏သူငယ်ချင်းများ ရောက်လာသော ကြောင့် သူ့အတန်းတက်ရန် ထွက်လာခဲ့တော့သည်။

+ + +

သူရောက်သွားသောအခါ တင်ကိုလတ်နှင့်အဆီပိတ်ကိုအတွဲကိုယ်စီ နှင့်တွေ့လိုက်ရသည်။ လေးယောက်သားငြိမ်သက်စွာရှိနေသောကြောင့် နည်း နည်းတော့ထူးဆန်းသွား၏။

အရင်ကဆို သူတို့သည်လိုငြိမ်နေကြခြင်းမရှိဘဲ အငြင်းအခုန်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုခုကို အမြဲလုပ်နေတတ်ကြသည်။သူကထိုင်ခုံတစ်ခုမှာဝင်ထိုင်တော့ဝိုင်းကြည့်ကြ၏။

'မင်းတို့ဘာဖြစ်နေကြတာလဲ'

'စိတ်ညစ်နေကြတာလေ'

သန္တာဝင်း၏အဖြေက တို၏။ တုတ်၏။ ရှင်း၏။ သို့သော်သူက မရှင်းပါ။ ထို့ကြောင့်ထပ်မေးပြန်သည်။

'ဘာဖြစ်လို့ စိတ်ညစ်နေကြတာလဲဟင်'

'စိတ်ညစ်စရာရှိလို့ပေါ့ဟဲ့'

သက်သက်စံ၏အဖြေကလည်း ရှင်းသည်။ လင်းသည်။ပြတ်သားသည်။

သို့သော်သူက ရှင်းလင်းပြတ်သားခြင်းမရှိသောကြောင့် ထပ်မေး၏။

'အေးလေ...အဲဒီစိတ်ညစ်စရာတွေ ငါမှမသိတာ...ပြောပြမှငါသိမှာပေါ့ဟ'

လေးယောက်သား တစ်ထောင်ဖိုးသုံးထည်ရောင်းသော ဘောထုပ်သည်များ၏မျက်နှာထားကဲ့သို့သောမျက်နှာမာများနှင့်သူ့ကိုဝိုင်းကြည့်ကြ၏။

'မင်းက ဘာမို့ငါတို့ကပြောပြရမှာလဲ'

'အေးလေ...စပ်စပ်စုစု'

ငါးခုနှင့်အဆီပိတ်တို့ဝိုင်းပြောကြတော့ သူကဟီးခနဲရယ်၍ မျက်နှာရှို့သွား၏။

ထိုနှစ်ကောင်စိတ်တကယ်တိုလျှင် သူအရမ်းမစရဲပါ။

'ငါကူညီလို့ရရင် ကူရအောင်လေ'



www.burmeseclassic.com

www.burmeseclassic.com



'မကူညီနိုင်ပါဘူးကွာ… တကယ့်ကိုဆိုးဆိုးရွားရွားကိစ္စကြီးဟ… တောက်…ဟိုကောင်ဇော်လတ်မကောင်းတာ'

'ဩော… သိပြီ… ဒီကောင်က မင်းတို့ကောင်မလေးတွေကို ရည်းစားစကားပြောသွားလို့လား'

မေးပြီးသူကပြေးဖို့ပြင်သည်။ သို့သော် ငါးခူနှင့်အဆီပိတ်က စိတ်မဆိုးပါ။ ထို့ပြင်…

'အေး…ရည်းစားစကားပြောလည်း ကောင်းသေးတယ်၊ပြန်ကြိုက်တော့ ငါတို့သက်သာတာပေါ့'

'ဘာ'

ငါးခူစကားက သက်သက်စံ၏အသံကို ကျယ်စေခြင်းနှင့်အတူ မျက်လုံးပါပြူးပြီးသကာလ လက်ကငါးခူ၏ဗိုက်ကိုဆွဲလိမ်၏။ ထိုအခါ ပါးစပ်ပြဲနှင့်အတူ မျက်လုံးပြူးသူကငါးခူဖြစ်ပြီး ရှင်းပြရ၏။

'နားငြီးသက်သာတာကို ပြောတာပါဟ… နာတယ်… လွှတ်ပါဟာ…ကျွတ်…ကျွတ်…သန်လိုက်တဲ့လက်'

'ဟွန်း…သေမယ်'

အဆီပိတ်က ငါးခူတို့အတွဲကိုမျက်စောင်းချိတ်ပြီး သူ့ကိုပြောပြ၏။ ပါးစပ်နှင့်ပြောပြီး လက်ဟန်ခြေဟန်နှင့်ပြသည်။ ထို့ကြောင့် ပြောလည်းပြော ပြလည်းပြ၏။

'ဒီလိုကွ…ဟိုကောင်ဇော်လတ် မနေ့က ကန်ဘောင်ပေါ်ကောင်မလေးတစ်ယောက်နဲ့ ရောက်လာတယ်။ ငါတို့နှစ်တွဲကို တွေ့သွားတယ်'

'ဟုတ်လား… ဒီကောင် လှိုင်သာယာ (G.T.C) ကျောင်းကနေ ဒီကိုဘယ်လိုရောက်လာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟ…ကောင်မလေးနဲ့ပါဆိုမှ ဒီရောက်လာတာ ဘာဆန်းလဲဒါ
မဲ့…တခြားနေရာမှာလည်း အဲ့ဒီပယူနီဖောင်းဝတ်ထားတဲ့အတွဲတွေ အမြဲ
တယ်။ စိန်ဂေဟာပဲသွားသွား…ဂမုန်းပွင့်ပဲရောက်ရောက်'

'ဟုတ်တော့ဟုတ်တယ်… သူတို့အတော်ပိုက်ဆံပေါတယ်နော့…
အဲဗားရှောပင်းထွက်နေကြတယ်'

'ဘယ်ကလာ…မင်း အထင်ကြီးနေပြန်ပြီ၊သူတို့က (windo
shopping) ထွက်ကြတာဟ'

'ဟင်… ဘာလဲ window shopping'

'ဩ…ဘာမှမဝယ်ဘဲ စင်တာထဲလိုက်သွားနေတာကို (win-
dow shopping) လို့ခေါ်တယ်'

သူကယောင်တောင်တောင်နှင့်ခေါင်းညိတ်လိုက်ပြီးမှ…

'နေပါဦး…သူတို့ (window shopping) ထွက်တာနဲ့မင်း
စိတ်ညစ်တာနဲ့ ဘာဆိုင်တုန်းဟ'

အူလည်လည်နှင့်ပြောသည်။ သည်တော့မှ ငါးခူက အဆီပိတ်
မျက်စောင်းထိုး၍ ဝင်ရှင်း၏။

'ဒီကောင် မအူမလည်နဲ့လျှောက်ပြောတာကို မင်းဘယ်နားလည်
မလဲ…ဒီလိုကွ'

ဟိုလိုကွလို့ သူကလိုက်မပြောဘဲ သက်သက်စံ၏အအေးပုလင်း
ယူသောက်ရင်းနားထောင်၏။ ပိုက်ဆံကုန်သက်သာတာနောက် လော
ဆယ် သက်သက်စံ၏မျက်စောင်းထိုးခြင်းခံရပြီး ကပျာကယာမျက်နှ
လိုက်ရသည်။

'ဒီကောင်ကငါတို့ကိုမြင်တော့အေးအေးမနေဘဲ အင်းပဲလာ
တယ်၊ သူ့ကောင်မလေးနဲ့လည်း မိတ်ဆက်ပေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… သူက မိမိုးနဲ့ကြိုက်နေတာမဟုတ်ဘူးပေါ့'

ငါးခူက မျက်စောင်းထိုး၏။

'မင်းဘာသာလိုက်မေးကွာ…ငါတို့အခုလိုချစ်နေကြတာကို အိမ်က မသိဘူးလေ…ကျောင်းမပြီးဘဲ ရည်းစားထားရင် ကျောင်းထုတ်မယ်လို့ ပြောထားတာကို'

'မင်းအဖေကလား'

သူကမေးတော့ ငါးခူကသက်သက်စံကို လက်ညှိုးထိုးပြ၏။

'ဟင့်အင်း…သူ့အဖေက'

'ဟ…ဒါဖြင့် အနေသာကြီးပဲ သူထွက်ရတာ မင်းထွက်ရတာမှ မဟုတ်တာ…ဘာဖြစ်လဲ…ကျောင်းသူတွေပေါ့မှပေါ့'

'အေးကွ… ကောင်းသားပဲ'

'ဘာပြောတယ်'

သက်သက်စံအသံက ငါးခူ၏အပြုံးကိုမဲ့သွားစေ၏။

'အဲ…မကောင်းဘူးကွ…မကောင်းဘူး… သန္တာဝင်းလည်းဒီလို ပဲ…မပြောပါနဲ့လို့ အတန်တန်တားတဲ့ကြားက ဖော်လတ်က သက်သက်စံ အဖေနဲ့သန္တာဝင်းအဖေကို သွားချွန်တယ်လေ'

'သြော်…ဒါးနဲ့လား'

'ဟင့်အင်း…ချွန်စက်နဲ့… ဟာ…ဟောကောင်…စိတ်တိုလာပြီ ကွနော်…ဒီမှာစိတ်ပျက်ရတဲ့ကြားထဲ'

စိတ်ဆိုးသွားလို့ သူကချော့ရပြန်၏။

'သယ်ချင်းကလည်းကွာ…အဟဲ…စိတ်ညစ်ပြေအောင် စတာပါ …ဆက်ပြော…ဘာဖြစ်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်က ချွန်…အလကားနေချွန်စရာမရှိ…မရှိရှိတာချွန်နေ တဲ့အကောင်…သူ့ကြောင့် ငါတို့ဘဝလေးတွေ ပေးရတော့မယ်နဲ့တူပါတယ် ကွာ'

ပြောရင်းမျက်နှာလေးအိုသွားသောငါးခူကို သူသနားသွားသည်။ ဖော်လတ်နှင့် သန္တာဝင်း၊ သက်သက်စံတို့က တစ်ရပ်ကွက်တည်းဖြစ်ပြီး ငြိမ်းချမ်းတို့သုံးယောက်က တစ်နေရာဖြစ်သည်။

ဖော်လတ်က (G.T.C) တက်နေသောကြောင့် တစ်ခါတစ်ရံမှ တွေ့ရပြီး ထိုတွေ့ရသော တစ်ခါတစ်ရံသည် ငါးခူတို့အတွက် ဆိုးကျိုးဖြစ် သွားတော့၏။ ဖော်လတ်ကလည်း အစအနောက်အတော်သန်ပေ၏။

'ဘာလဲ…အခု…ဒီကောင်မလေးနှစ်ယောက်ကို ကျောင်းဆက် မထားတော့ဘူးတဲ့လား'

'ဒီလိုလဲမဟုတ်ဘူးကွ'

မရှင်းမလင်းဖြစ်နေသောကြောင့် သူကစိတ်ပျက်လက်ပျက်နှင့်မျက် စောင်းထိုးမှ သက်သက်စံကပြောသည်။

'မနေ့က ငါ့အမေကပြောတယ်…ဆူတာတော့မဟုတ်ပါဘူး၊သမီး တဲ့…နင်တို့က သီးချိန်တန် သီးတာတော့ဟုတ်တယ်…ဒါပေမဲ့…ပွင့်ချိန် မတန်သေးလို့ မပွင့်ချင်နဲ့ဦးတဲ့'

'ဟင်…နင်တို့က ပွင့်နေကြပြီမို့လား'

'ဘာ'

'အဲလေ…အဟဲ…နင်တို့အရွယ်က ဟိုလေ…ပန်းတွေလို ပွင့်မယ် ဆိုလည်း ပွင့်လို့ရနေပါပြီလို့ ပြောပါတယ်'

'တော်သေးတာပေါ့…ဟွန့်'



www.burmeseclassic.com

www.burmeseclassic.com



သန္တာဝင်းအော်လိုက်သောကြောင့် သူမျက်နှာငယ်နှင့်အတင်းရှင်းရပြီး သက်သက်စံက မျက်စောင်းထိုး၏။ သန္တာဝင်းကဆက်ပြောသည်။

'တကယ်လို့ ရည်းစားရှိတယ်ဆိုရင်လည်း အဖေနဲ့ခေါ်တွေ့ပါဆိုလို့ စိတ်ညစ်နေတာဟဲ့'

'ဩော်…ဟုတ်လား'

'ဟုတ်တယ်…ငါရောပဲ'

သူကပြောင်ချော်ချော်မေးသောကြောင့် သက်သက်စံလည်း ပါမစ်မရသေးကြောင်း ဝင်ကြော်ငြာ၏။

'ဒါစိတ်ညစ်စရာလားကွ… မင်းတို့ တရားဝင်ပါမစ်ရဖို့အခွင့်အရေးပဲဟာကို…သွားတွေ့ကြပေါ့ဟ'

'ဒါတော့ ဒါပေါ့ကွာ…ဒါပေမဲ့…အဟီး…တွေ့ရမှာခပ်လန့်လန့်ပဲ…ပြီးတော့…တရားဝင်လည်း မဖြစ်ချင်သေးဘူး'

ငါးခူ၏အပြောကို သူကမေးသည်။

'ဘာလို့လဲ'

'အဟီး…အသစ်ရှာဖို့ အနှောင့်အယှက်တစ်ခုကွ'

'ဘာပြောတယ်'

သက်သက်စံမျက်ပြူးနှင့်အော်သောကြောင့်…

'အဲလေ…တရားဝင်သွားတော့… အဟီး…ကောင်းတာပေါ့လို့…ဒါပေမဲ့…အဲ့ဒီလိုတရားဝင်ပါ့မလားလို့ပါ'

စကားပြင်ပြောလိုက်သောကြောင့် သက်သက်စံလက်က လေထဲတွင်ရပ်သွားပြီး သူကအားပေး၏။

'ဘာဖြစ်လဲကွာ…သွားတွေ့…အံမယ်…ငါသာ မင်းနေရာမှာဆိုသွားတယ်…ငါ့ကိုမခေါ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ဒါဆိုအတော်ပဲ… ငါ့အစားသွားပေးပါလား သူငယ်ချင်း ရယ် ကျေးဇူးမမေ့ပါဘူး…အဟီး'

အဆီပိတ်ကသူ့ကိုအားကိုးတကြီးပြောပြီး သန္တာဝင်းကပေပေလေး ကြည့်နေ၏။ သူမစိတ်ထဲတွင် အဆီပိတ်ကိုပဲပေးတွေ့ရမလား ငြိမ်းချမ်းကို ပဲပေးတွေ့ရမလား တွေးနေ၏။

'ရတယ်လေ…ဒါဆို သန္တာ ငါ့ဘေးကိုလာ'

'ဘာကွ'

'ဟုတ်တယ်လေ… ငါနဲ့မဆိုင်ဘဲ သွားမတွေ့ချင်ပါဘူး၊ အဲ့ဒါ ကြောင့်ငါနဲ့ဆိုင်ရအောင်…သန္တာရယ်…လာပါဟယ်'

'သေနာ…ငမြွေထိုး…နင်တော်တော်ပခုံးကောင်းတယ်ပေါ့'

'ဟင်…နင်တို့က ဒီအခြေအနေထိတော …'

'ပေါက်ကရမပြောနဲ့… နင့်ကိုအထပ်မံနဲ့မုန့်ဟင်းခါးလှည့်ရောင်း ခိုင်းမှာဟဲ့…သိပြီလား'

'အံမယ်ကြီး…လုပ်လည်းလုပ်ရဦးမယ်… အလုပ်ကိုပြောပါတယ်၊ ဒီကြားထဲကျွေးဖို့လည်း လုပ်ရဦးမယ်…အလုပ်ကိုပဲပြောတာပါ… နေ တော့… မဆိုင်တော့ဘူး…တော်ပြီ မဆိုင်ချင်တော့ဘူး'

သူ့ရှုံ့မဲ့၍ပြောသောကြောင့် အားလုံးရယ်လိုက်ကြသည်။လူငယ်ဘဝ သည် စိတ်ညစ်စရာများကို ရယ်စေသည်။ ပျော်စရာများကိုလည်း စိတ်ညစ် စေ၏။

'ဟဲ့…ရယ်မနေကြနဲ့ အဲ့ဒါဘယ်လိုလုပ်မလဲ'

သက်သက်စံအမေးကြောင့် သန္တာက…

'ဗေဒင်လေး ဘာလေးမေးရင်ကောင်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု မျှော်လင့်ချက်လေးနှင့်ပြော၏။ မှန်တာမမှန်တာခဏထားလို့ ဗေဒင်သည် ဟောတုန်းခဏ စိတ်ကိုကြည်လင်စေ၏။ နောက်…ဟောတုန်း ခဏစိတ်ကို ညစ်စေ၏။ သို့သော်…ယတြာချေလျှင် စိတ်ညစ်တာများ ပျောက်ကုန်၏။ သူကပြုံးလိုက်ပြီး ဘာလုပ်ရမည်မသိသော သူငယ်ချင်းများ အတွက် အကြံထုတ်သည်။

အတော်ကြာပြီးနောက် ထမင်းအိုးနှစ်လုံးကျက်ခန့်အကြာတွင် သူက အားရဝမ်းသာပြော၏။

'ဟာ…အကြံရပြီ…မင်းတို့ဗေဒင်မေးရင် ပိုက်ဆံကုန်တယ်၊ မင်းတို့သိချင်တာက…ဘာလဲ'

လေးယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီးမှ သူ့ကို ပြန်ပြုံးကြည့်ကြ၏။

'ဟိုလေ…ဖျက်မှာလား မဖျက်ဘူးလား'

'နင်ကလည်း…အဖျက်ရှိမရှိ လုပ်ပါဟဲ့'

'အေး…အဲ့ဒါ…သိချင်တာ'

အားကိုးတကြီးပြောကြ၍ သူကဗေဒင်ဆရာလိုပြုံး၏။ ဗေဒင်မေးခံရတော့မှာမို့ ပြုံးခြင်းဖြစ်ပေမည်။

'အဟမ်း'

ဗေဒင်ဆရာလို ချောင်းဟန့်ပြီး…

'ဒါပေမဲ့…ယုံကြည်မှုဖြစ်မှာနော်…သားတို့သမီးတို့… အဲလေ …မင်းတို့ယုံကြည်ကြလား'

ဗေဒင်ဆရာလို ဈေးခေါ်သောကြောင့်…

'အင်း…ယုံကြည်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်မေးသူတွေလို ယုံလိုက်ကြ၏။ ထို့ကြောင့်သူက ဗေဒင်ဆရာ လိုမိန့်မိန့်ကြီးဖြီးသည်။

'အိမ်း…ဒါဆို ဒီလိုလုပ်…ဗေဒင်ဟောဖို့အတွက် ဟိုကောင်အဆီ ပိတ်…ဖဲတစ်ထုပ်ပြေးဝယ်လေ'

'ဟော'

ဒါကဗေဒင်ဆရာလုပ်နေကျ အလုပ်ပင်ဖြစ်တော့၏။

+ + +



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

သူကဖဲထုပ်အသစ်ကို ဂျိုကာတွေထုတ်ပြီးကုလားဖန်ထိုး၏။ဒါပေမဲ့ တကယ်ထိုးတာသူဖြစ်ပြီး ကုလားကြီးမဟုတ်ပါ။ ကျန်လေးယောက်က သူ့ကိုပြုံးပြုံးလေးတွေ ဝိုင်းကြည့်၏။

'ကဲ...စမယ်'

သူရုပ်တည်တည်နှင့် ခပ်ကျယ်ကျယ်ပြောလိုက်သောကြောင့် ငါးခူတို့ကလန့်သွားကြ၏။ ပြီးမှ အဆီပိတ်က မျက်စောင်းထိုးသည်။

'ဟေ့ကောင်...မင်း...ငါတို့ကိုနှောက်နေတာလားကွဟေ'

'ဟွန်း...ဘာများနှောက်လို့လဲ'

သူကပြုံးပြုံးလေးပြန်ကြည့်တော့ ငါးခူကလည်းဟောက်၏။

'မင်းကွာ...လူမြင်ကွင်းမှာ ဆော့စရာလား...လာ...ဟိုချိုတွေ ဘက်သွားကြမယ်...အဲလေ...မင်းဘာသဘောလဲကွ'

'ဩော်... မင်းတို့က ငါ့ကိုတလွဲတွေးကြတာကို... ဒါဖဲရိုက်ဖို့ မဟုတ်ဘူး...ဗေဒင်တွက်မလို့...ပြောရမယ်ဆို ဖဲဗေဒင်ပေါ့ကွာ'

အားလုံးကသူ့ကို ပေတူးတူးလေးတွေဝိုင်းကြည့်ကြ၏။ သက်သက်စကမဲ့ရွဲ့ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'နင်ဟာယ်… ကြွံကြွံရယ်မှဖန်ဖန်… ငါကြားဖူးတာ စာကလေး ဗေဒင်တို့၊ ကြွေအံဗေဒင်တို့၊ အမွေးတိုင်ဗေဒင်တို့ပဲကြားဖူးပါတယ်။ နင့်ကျ မှပဲ ဖဲဗေဒင်တဲ့'

'အေးလေ…ပေါက်ပေါက်ရယ်မှ ရှာတတ်တယ်…သင်းအဲ့သလို ပေါက်ပေါက်ရှာရှာတွေပဲ တတ်တတ်လွန်းတယ်'

'သန္တာဝင်းကလည်း ဝင်ချီးမွမ်း၏။ သူက မဲ့ခါမဲ့ခါနှင့် ပြန်ရန်တွေ့ ၏။

'ဟဲ့…နင်တို့မှ နှံတာ…အတာ…ထူတာ…ပိန်းတာ…ဒါ နှယ် နှယ်ရရဗေဒင်များ မှတ်နေလား၊ လူတိုင်းမတတ်ဘူး။ ငါတောင် ဆရာကြီး မင်းသိခ်တပည့်တစ်ယောက်ဆီက ညာယူ…အဲလေ…သင်ထားရတာ'

'ဟုတ်ရဲ့လား…ငမြွေထိုးရယ်'

သူ ငါးခူ၏မယုံသင်္ကာအမေးကြောင့် တင်းသွား၏။

'မယုံရင် မဟောဘူးကွာ… သူတို့အတွက်လည်း လုပ်ပေးရသေး တယ် လူကိုမယုံသလိုနဲ့…မယုံရင်လည်း မဟောဘူး'

သူကောက်ခါငင်ခါနှင့်ထလိုက်သောကြောင့် လေးယောက်သား မျက်ကလဲဆံပြာနှင့်ဝင်ဆွဲပြီး ပြန်ထိုင်ခိုင်းကြသည်။

ဒါကလည်း ဗေဒင်ဆရာဖိန့်ပင်ဖြစ်သည်။

'ဟောပါကွာ… ယုံပါတယ်'

'ဟုတ်ပါတယ်ဟယ်…ငါတို့က အံ့သြလွန်းလို့ပါ'

မျက်နှာသေလေးတွေနှင့်ပိုင်းပြောကြသောကြောင့် သူကအငိုက်အမဲ လေးတွေမို့ ခွင့်လွှတ်ပါတယ် မျက်နှာပေးနှင့်ပြန်ထိုင်ပြီးနေ၏။

'ဒါဆို…ဘယ်သူအရင်မေးမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ…ငါ'

လေးယောက်လုံးကပြုံးကပြုံလက်ထောင်သောကြောင့် သူကရုပ်တည်နှင့်လက်ကာပြ၏။

'ဒါက အကုန်မေးဖို့မလိုဘူး၊ တစ်ခါမေးရင် ချစ်သူနှစ်ယောက်အတွက်ပဲ ဆိုလိုတာက…တစ်တွဲကို တစ်ခါပဲမေးရတာ'

'သြော်…အဲဒီလိုလား…ဒါဆို…သက်မေးမယ်နော် ကိုလတ်…နော်'

'အင်း…သက်သဘော… သက်သဘော'

အရေးထဲရောက်မှအရာပေါ်သော ထိုစုံတွဲကို သူတို့သုံးယောက်က မျက်စောင်းဝိုင်းထိုးကြသည်။

'ကဲ…မိသက် နင်ဒီဖဲထုပ်ကိုမချိုးခင် ယုံကြည်ပါတယ်၊ ဖဲဗေဒင်ကိုယုံကြည်ကြောင်းဆုတောင်းပြီးမှချိုး'

ထို့ကြောင့်သက်သက်စံက ပတစ်ပတစ်နှင့်ပြော၍ဖဲထုပ်ကိုခလယ်မှချိုး၏။

'ဒီနည်းက လွယ်လည်းလွယ်တယ်၊ မှန်လည်းမှန်တယ်။ ဒါပေမဲ့ နင့်ကိုလုပ်နိုင်းရင် ကြာမှာစိုးလို့ ငါ့ဘာသာပဲလုပ်တော့မယ်။ (၁)ကနေ(ကင်း) အထိစီရမှာ'

အားလုံးစိတ်ဝင်တစားနှင့် ဝိုင်းကြည့်ကြ၏။

'ဟော စပိတ်တစ်…အင်း…စပိတ်က ယောကျ်ားလေးကိုကိုယ်စားပြုတယ်၊ (၂)ကညွှင်း…ညွှင်းကကောင်လေးနဲ့ကောင်မလေးကို လိုလားသူ၊ ဟတ်(ထ်)က ကောင်မလေး၊ ဒိုင်းမွန်းကတော့ အဖျက်…ပြောမယ်ဆို…ညွှင်းက မင်းတို့ကိုသဘောတူသူ၊ ဒိုင်းမွန်းက သဘောမတူသူပေါ့…ကဲ…ပြောရတာ အာခြောက်လိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်က ဖယ်ဆက်သလိုလုပ်နေပြီး၊ ပါးစပ်ကရေပက်မဝင်ပြော နေ၏။ အဆီပိတ်က ရေနွေးတစ်ခွက်ထည့်ပေးသည်။

'ရော့...သယ်ချင်း...ရေနွေးသောက်'

'ဘာကွ...ရေနွေးမရဘူး...အအေးမှာပေး'

'ဟင်...အဲ့လိုကြီးလား'

'အေး'

အဆီပိတ်ကမဲ့ရွဲ့၍ အအေးတစ်လုံးမှာ၏။သူကလိုချင်သောဂဏန်း ကိုစီလိုက်၊ သက်သက်စံကိုချိုးခိုင်းလိုက် ကုလားဖန်ထိုးလိုက်နှင့် အလုပ်ရှုပ် နေတော့၏။

'ဟော...ရပြီ...အင်း'

အအေးတစ်လုံးလည်းကုန်ရော (၁)မှ(ကင်း)အထိ စီ၍ပြီး၏။ ဖဲချပ် များကို တစ်ခြမ်းဖော်၍စီထားသည်။

| (A) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) | (10) | (J) | (Q) | (K) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| စပိတ် | ညှင်း | ဟတ် | ဟတ် | စပိတ် | ညှင်း | ထောင့် | ဟတ် | ညှင်း | စပိတ် | ထောင့် | ဟတ် | ဟတ် |

ဒါပေမဲ့ သူတို့ကနားမလည်သောကြောင့် ငြိမ်းချမ်းကိုဝိုင်းကြည့်ကြ သည်။ သူကဟီးခနဲရယ်၍ ငါးခူကိုကြည့်ပြီး ဒီငနာကိုချောက်ချစရာတွေ့ ပြီဟုတွေးလိုက်၏။ ပြီးမှ...မျက်နှာပိုးသတ်၍...

'အဟမ်း...ဟမ်း'

သူကဗေဒင်ဆရာချောင်းဆိုးသောကြောင့် ငါးခူအမြင်ကပ်သွား၏။

'သက်သက်စံ နင်ကံဆိုးတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…ဘာတွေ့လို့လဲဟင်'

မျက်နှာငယ်လေးနှင့်မေးသော သက်သက်စံကို သူကရပ်တည်နှင့်ပြော၏။ ရယ်၍ပြောလျှင် မယုံနိုင်ပေ။

'ဖဲချပ်တွေ…အဲလေ…နင်လိုက်ရွေးကြည့် စပိတ်ဖဲဘာယ်နှစ်ချပ်တွေ့လဲ…အဲဒီစပိတ်က ငါးခူကိုယ်စားပြု'

'အင်း…သုံးချပ်ပဲတွေ့တယ်'

'အဲ့ဒါပဲ…နောက်ပြီး နင့်ကိုကိုယ်စားပြုတဲ့ ဟတ်(ထ်)ဖဲကဘာယ်နှစ်ချပ်လဲ'

'ငါးချပ်…အဲ့ဒါနဲ့ ငါကဘာလို့ကံဆိုးတာလဲဟင်'

သူက ငါးခူကိုမချိုမချဉ်နှင့်ကြည့်သောကြောင့် သက်သက်စံလည်း ဘာရယ်မသိဘဲကြည့်၏။ ထို့ကြောင့် ငါးခူးလည်း ကျွန်လေးယောက်၏ အကြည့်ဒဏ်ကြောင့် ခစ်ခနဲ ရှက်ပြုံးပြုံး၏။

'နင်မသိလို့ပါ…ငါပြောပြမယ် ဒီဖဲချပ်တွေက နင်တို့ရဲ့ခံစားမှုနဲ့ တိုက်ရိုက်အချိုးကျတယ်။ ငါမေးမယ်…နင်နဲ့သူတရားဝင်ဖြစ်ဖို့ နင့်စိတ်ထဲမှာရာနှုန်းပြည့်…အင်း…ခွန်နှစ်ဆယ့်ငါးရာခိုင်နှုန်းလောက် ရှိလားနေတယ်မို့လား'

'အဟင်း…အင်း'

သူမရှက်ခဲခဲနှင့်ငါးခူကို တစ်ခါထပ်ကြည့်ပြီး ခေါင်းညိတ်သည်။ ငါးခူကလည်း ပြုံးပြုံးကြီးဖြစ်၏။

'နင်က ဘာပဲလိုသိလဲ'

'ဟာ…ဒီမှာ…ဖဲချပ်တွေက နင့်ဆန္ဒကိုဖော်ပြနေတာလေ၊ ငါးချပ်ဆိုတော့ နင့်ဘက်လိုလားမှုက ကောင်းတယ်ဟ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…မှန်တယ်သိလား…ဟင်း ဟင်း'

'ဒါပေမဲ့… ငါးခူက နင့်လောက်တရားဝင်ဖို့ ဆန္ဒမရှိဘူး'

'ဘာ…နင်…တကယ် ပြောနေတာလား'

ရှက်ရှက်နှင့် ကြည်နူးနေသော သက်သက်စံမျက်နှာသည် သူပြော သောနောက်ဆက်တွဲစကားကြောင့် မာသွားပြီး၊ ငါးခူမျက်နှာပျက်သွားသည်။ သူကကြုံတုန်း ချွန်တော့သည်။

'ဒီမှာ…စပိတ်ပဲသုံးချပ်က ဒီကောင့်ဆန္ဒကိုဖော်ပြနေတယ်လေ… ဒီကောင်က နင်နဲ့တရားဝင်ဖြစ်ဖို့အတွက် ဆန္ဒသိပ်မရှိဘူး…ဒါအမှန်ပဲ… မယုံရင် သူ့ကိုမေးကြည့်'

'ကြည့်စမ်း…ကိုလတ်'

'ဗျာ' စိလဲ

သက်သက်စံမျက်နှာတော်တော်မာသောကြောင့် ငါးခူ၏အသံသည် အတော်သြောင်နာနာဖြစ်နေပြီး မျက်နှာကလည်း အသက်ရှစ်ဆယ်ကျော်အဖိုး အိုလို အိုနေ၏။

'သူပြောတာ ဟုတ်လား… မလိမ်နဲ့နော်'

'အမှန်အတိုင်းပြောရရင် ဟုတ်တယ်'

'ဘာ…နင်'

သက်သက်စံမျက်နှာသည် ရှစ်ခေါက်ကျိုးနေရာမှ တစ်ဆတိုး၍ ဆယ့်ခြောက်ခေါက်လောက်ကျိုးပြီး အံကြိတ်၏။

အဆီပိတ်တို့နှစ်ယောက်က တည်နေကြပေမယ့်၊ သူကဗိုဗိုသော တွန်းလိုက်ရသောကြောင့် မနည်းတည်ထားရသည်။

'ဟုတ်တယ်ဆိုပေမယ့် တစ်မျိုးမထင်ပါနဲ့သက်ရှယ်…ငါလေ…



www.burmeseclassic.com

www.burmeseclassic.com



သမီးရည်းစားဘဝနဲ့ပဲ လွတ်လွတ်လပ်လပ်နေချင်သေးတာ၊ ဒါပေမဲ့…သက်သက်သဘောပါပဲ'

အသံနာနာလေးနှင့်တောင်းပန်ပေမယ့် သက်သက်စံတစ်ဘက်လှည့်ပြီးကောက်နေ၏။ သူကခွီးခနဲရယ်၍မေး၏။

'ကဲ…ကဲ…ဆက်ပြောရမှာလား…ရပ်ထားရမှာလား'

'ဆက်ပြောဟာ'

သက်သက်စံက ငါးခူကိုမမြင်လေဟန်နှင့် ပြောသောကြောင့်သူကဆက်ရှင်းရသည်။

'ညှင်းက သုံးချပ်…ဟောင့်(ခိုင်းမွန်း)က နှစ်ချပ်ဆိုတော့ နင်တို့ကိုလိုလားတဲ့ဘက်ကို မဆိုသလောက်လေး အလေးသာနေတယ်။ ဒီတော့…သက်သက်စံ'

'ရှင်…အဲ…ဟင်'

အသံဖိန့်က ကောင်းလွန်းတော့ ယောင်၍ရှင်ပြီးမှ ပုံမှန်အတိုင်းဟင်ဖြစ်သွားသည်။ သူကပိုင်နိုင်သော ဗေဒင်ဆရာဟန်နှင့်…

'လိုလားတဲ့ဘက် အလေးသာနေတုန်း ခေါ်တွေ့ပေးလိုက်ဟာ၊ဒါလက်ရှိအချိန်ကိုပြောတာနော်… အရမ်းလွန်သွားလို့ ပြန်မေးတဲ့အခါ မလိုတဲ့အဖျက်ကများနေရင် ပိုဆိုးပြီ'

သူ၏အထောင်က သက်သက်စံကို ပြုံးပြုံးမှာမှာဖြစ်သွားစေပြီး ငါးခူမျက်နှာကို မဲ့သွားစေ၏။ ထို့ကြောင့်…

'ကိုလတ်…နင် ငါ့ကို တကယ်ချစ်တာလား'

'အင်း'

'ဒါဆို…ညနေအိမ်ပြန်ရင် အမေ့ကိုပြောထားမယ်၊ မနက်ဖြန်အိမ်ကိုကိုးနာရီအရောက်လာခဲ့…ဒါပဲ'



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လွှတ်အမိန့်က ကိုလတ်ခေါင်းကို အလိုလိုပုတ်သင်ညို အပို့တွေ့သကဲ့သို့ ညိတ်စေသည်။ အခုမှ အလိုကျပြန်နှင့်သက်သက်စံက သက်ပြင်းကိုချသည်။ သန္တာဝင်းက စိတ်မရှည်စွာပြော၏။

'ဟဲ့…ငမြွေထိုး…သူတို့ပြီးပြီဆို ငါတို့ကိုဆက်ပေးလေ'

'ဟုတ်တယ်ပေါ့ကောင်…မင်းကိုအအေးတိုက်တာ ငါနော်'

'အေးပါကွာ…အေးပါ'

သူကဖဲကိုကုလားဖန်ထိုး၍သန္တာဝင်းကိုဆုတောင်းပြီး ချိုးနှိုင်းသည်။ ထို့နောက် အစဉ်လိုက်စီပြန်သည်။ ဖဲကုန်၍ စီနီယာမကျသောအခါထပ်မွှေ၍ ထပ်ချိုးနှိုင်းပြန်၏။ ကျန်လေးယောက်က စိတ်ဝင်တစားဝိုင်းကြည့်ကြသည်။

သန္တာဝင်းကရင်ခုန်နေပြီး အဆီပိတ်ကမျက်လုံးနဂိုမူးကိုအတင်းပြူး ထားသည်။ သူကမဲ့ရွဲ့၍ညည်းသည်။

'ဟူး…အအေးတစ်လုံးနဲ့တောင် မကာမိဘူး'

အအေးတစ်လုံးကို ဖြည်းဖြည်းမှုန်းသောက်သလောက်အချိန်ကြာပြီး နောက်စီ၍ပြီးသွား၏။ .

| (A) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) | (10) | (J) | (Q) | (K) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဟတ် | ညှင်း | စိတ် | ထောင့် | စိတ် | စိတ် | ဟတ် | ထောင့် | ညှင်း | ညှင်း | ဟတ် | ညှင်း | ညှင်း |

'ဟား…မင်းတို့နှစ်ယောက်လုံးကောင်းကြတယ်'

'ဟဲ့'

သူ့အလန့်နှစ်ယောက်ကြားအောင် နှစ်ကြားအော်လိုက်သောကြောင့် နှစ်ယောက်တင်မကဘဲ လေးယောက်လုံးလန့်သွားသည်။ ပြီးမှ သန္တာဝင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဆီပိတ်ခေါင်းနှစ်လုံးပူးပြီး ဝမ်းသာအားရနှင့်ဖဲချပ်တွေကို ဝိုင်းကြည့်ကြသည်။ ဒါပေမဲ့ နားမလည်ပါ။

ငါးခူနှင့် သက်သက်စံက မဲ့သွားကြသည်။ သူများတွေက ကောင်းပြီး သူတို့ကျသိပ်မကောင်းသောကြောင့်ပင်။

'နင်ကိုကိုယ်စားပြုတဲ့ ဟာတ်(ထ်)ဖဲကသုံးချပ်…ပြီးတော့ အဆီပိတ်ကိုကိုယ်စားပြုတဲ့ စပိတ်ဖဲကသုံးချပ်ဆိုတော့ နင်တို့တတွေက တရားဝင်ဖြစ်ဖို့နှစ်ယောက်စလုံး တူညီတဲ့ဆန္ဒရှိကြတယ်၊ ဟုတ်ကြလား'

အဆီပိတ်နှင့်သန္တာဝင်းက ပြိုင်တူပြုံးလိုက်ကြသည်။ အဆီပိတ်က သန္တာ့ကိုကြည့်ပြီး အပြုံးနှင့်ပြော၏။

'ငါကတော့ တစ်ခါတည်းပေးစားလည်း ယူတယ်၊ ဘာဖြစ်လဲ စောစောရတော့…အဟဲ…စောစောကောင်းတာပေါ့…နော့…သန္တာရယ်…နော်…အချစ်'

'အင်း…အဟင်း…မွေ့ထိုး ဟောတာမှန်သားပဲ၊ငါလည်းသူတွေးသလိုပဲ စောစောရလည်း စောစောအေးတာပဲ'

သန္တာက ရှက်ပြုံးလေးနှင့်ပြောပြီး အဆီပိတ်နှင့်အကြည်ဆိုက်နေကြသဖြင့် သက်သက်စံက ပြုံးမဲ့မဲ့ဖြစ်နေသောငါးခူကို မျက်စောင်းထိုးသည်။

'ပြီးတော့ လိုလားသူကိုကိုယ်စားပြုတဲ့ ညှင်းဖဲကငါးချပ်၊ မလိုလားတဲ့အဖျက်ကိုကိုယ်စားပြုတဲ့ ထောင့်ကနှစ်ချပ်တည်းရယ်၊ ဒီတော့သန္တာ'

ရှင်လို့မထူးပါ။ သန္တာက သူ့ကိုဆက်ပြောဆိုသောသဘောနှင့်မေးဆတ်ပြသည်။

'အချိန်အခါကောင်းတုန်း အမြန်သာခေါ်တွေ့ပေးလိုက်တော့'

'ကောင်းတယ်…ကို'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

တစ်လက်စတည်း အဆီပိတ်ကိုကြည့်ကြည့်နူးနူးလေးခေါ်၏။

'အခုပဲလိုက်တွေ့နော်…မကောင်းဘူးလား'

'ကောင်းတယ်…အဟဲ…ယောက္ခမကြီးနဲ့ မြန်မြန်တွေ့တော့မြန်မြ

အဆင်ပြေတာပေါ့ကွာ…ဟဲ'

ဒါနဲ့ပဲ အဆီပိတ်ကငါးခူကိုမထိတရိလေးပြုံးပြ၏။ မျက်နှာပြကြ

ကိုအသားကုန်ဖြီးထားပြီး မပြောမဆိုနှစ်ယောက်သားထပြီး သွားကြတေ

သည်။

'ဟာ…ဟော့ကောင်တွေ နေဦးလေကွာ…ဒီမှာ…မင်းတို့စားထာ

တာတွေရှင်းကြဦးလေ ဟာ'

သူအသံပြကြီးနှင့်လှမ်းခေါ်ပေမယ့် မသိချင်ယောင်ဆောင်၍ နန့်နန့

တက်ပြန့်သွားကြတော့၏။ ကျန်ခဲ့သော ငါးခူတို့အတွဲက မျက်နှာသိပ်မ

ကောင်းသောကြောင့် သူကသက်သက်စံကို ဟီးခနဲရယ်၍မျက်နှာချိုသွေး၏။

သို့သော်…

'ဟွန်း…သူများတွေများ တကယ်ချစ်ကြတော့ ပျော်လို့ရွှင်လို့…

ငါ့မှာတော့ တကယ်မချစ်တဲ့သူနဲ့တွေ့တယ်၊ ကံမကောင်းဘူး'

သက်သက်စံက ချက်ချင်းငိုမဲ့မဲ့ဖြစ်သွားသောကြောင့် ငါးခူကဟု

ကယာချော့ရ၏။

'ဟာ…သက်ရာ…ငါမင်းကိုတကယ်ချစ်တာပါကွာ၊ အလကာ

ဒီကောင့်အစုတ်ပလုပ်ဗေဒင်ကို ယုံစရာမလိုဘူး သက်အိမ်ပြန်ရင် ငါလိုက်

လိုက်ခဲ့မယ်…အိုကွာ…ဘာကြီးပဲတားဆီးပါစေ မင်းကိုရအောင်ယူမယ်'

'အံမာ…ငါကပဲ တမင်ဖျက်နေတာကျနေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း နှုတ်သီးကောင်းတော့ ရန်ပြန်တွေ့၏။

'မင်းတမင်ချွန်တာမို့လား ငမြွေထိုး'

'ဟွန်း…အဲ့ဒါကြောင့် စေတနာဟာလူတိုင်းနဲ့ မတန်ဘူးလို့ပြော ကြတာကို'

သူနှင့်ငါးခူမျက်စောင်းပြိုင်ထိုးနေစဉ် သက်သက်စံက…

'မလိုက်နဲ့…တစ်သက်လုံးမလိုက်နဲ့…သွားမယ်… နင့်ကိုငါမယုံ တော့ဘူး ကိုလတ်'

'ဟာ…ဟေ့…နေပါဦးဟ…စောင့်ပါဦး'

စိတ်ကောက်ပြီး ခြေဆောင့်နှုတ်ခမ်းတစ်ထော်တစ်လံနှင့်ထွက်သွား သောသက်သက်စံနောက်သို့ ငါးခူဒရောသောပါးပြေးလိုက်သွား၏။ ထို့ ကြောင့်သူတစ်ယောက်တည်း စားပွဲပေါ်ကပိုက်ဆံမရှင်းရသေးသော စားစရာ များကိုကြည့်ပြီး ထိုနှစ်တွဲကိုမေတ္တာပို့သည်။ ပြီးမှ…

'ကိုယ့်အတက်ကိုယ်စူးတယ်ဆိုတာ ဒါမျိုးပဲဖြစ်မှာ'

ဟုညည်းနေတော့သည်။

+ + +



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ဆောင်းသည် အအေးဓာတ်ကိုအမြဲသယ်ဆောင်လာတတ်၏။ထို့ကြောင့်ဆောင်း၏မနက်ခင်းသည် အေးမြ၏။ ထိုအေးမြခြင်းသည် လူများကိုကုပ်ဖေးဖေးဖြစ်စေသည်။ ဒါပေမဲ့သူကတော့ ကုပ်ဖေးဖေးမဖြစ်ပါ။ အလုပ်ရှိသောသူများက စောစောထ၍ကုပ်ကုပ်ကုပ်ကုပ်နှင့် အလုပ်သွားကြသည်။

သို့သော် သူကအလုပ်မရှိ။ အလုပ်မရှိသောကြောင့် စောစောမထရပေ။ စောစောမထရသောကြောင့် ဆယ်နှစ်ရာသီလုံးအေးစေချင်သည်။ ထိုသို့အေးလျှင်အိပ်၍ကောင်း၏။အခုသူအိပ်ယာထဲတွင် စောင်ကိုခြုံပြီးဖက်လုံးကြီးကိုရည်းစားအမှတ်နှင့်ပယ်ပယ်နယ်နယ်ဖက်ထားသည်။

အတွေးထဲတွင် မိုးမြင့်သူအမှတ်နှင့်ဖြစ်ပေလိမ့်မည်။ဒီကနေ့ကျောင်းမသွားရပါ။ ထို့ကြောင့်ကိုးနာရီကျော်သည်အထိ မထသေးပါ။ သို့ပေမဲ့ကျောင်းတက်ရလည်း စောစောမထတတ်ပေ။ မအေဖြစ်သူ၏နှိုးခြင်းကိုအမြဲစောင့်၏။

ဖော်လတ်… ဟုတ်သည်၊ မိုးမြင့်သူ ထိုင်ခုံနှင့်ကြိုက်လျှင်ဘယ်နေရာနှင့် ကြိုက်သနည်း။ သူ့အတွေးသည် မိုးမြင့်သူဆိုသော ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးဆီတွင် အမြဲဘောင်ခတ်ထားသည်။ ထို့ကြောင့် သူ့အတွေးသည် သူမထံမှ တခြားတစ်နေရာသို့ ထွက်သွားခြင်းကင်းမဲ့နေ၏။

အချိန်ရှိသ၍အားလျှင်အားသလို သူမအကြောင်းတွေး၏။အမြဲအား နေသောကြောင့် အမြဲပင်တွေးနေတော့သည်။ ထိုကောင်မလေးနှင့်သာအတူ နေရမည်ဆိုလျှင် သူဘာမဆိုရင်ဆိုင်ဝံ့သည်။

တွေးရင်းဖက်လုံးကြီးကိုပို၍ တင်းကျပ်စွာဖက်ထားသည်။ ဖက် လုံးကဖက်လုံးပင်၊ ဒါပေမဲ့ ဖက်လုံးမှာသာ ပါးစပ်ပါလျှင် သူ့ကိုဆဲပေလိမ့် မည်။ သို့သော် ပါးစပ်မပါသောကြောင့် ဖက်လုံးလည်း အောင့်အီးနေရပုံ။

အတော်ကြာတော့မှ သက်ပြင်းကိုဟင်းခနဲချလို့ စောင်တွေကိုလုံး ထွေး၍ထထိုင်လိုက်၏။ တော်သေးသည် မဟုတ်လို့ကတော့ သူဖက်ပုံမျိုးနှင့် ဖက်လုံးကနေဖက်ပြားဖြစ်သွားနိုင်၏။ဗိုက်ကဆာလာသောကြောင့်မျက်နှာသစ် ၍အောက်ထပ်သို့ဆင်းခဲ့သည်။

ထမင်းစားခန်းဝရောက်သောအခါ အထဲကိုကြည့်လိုက်သည်။မိုးမြင့် သူနှင့်မအေဖြစ်သူ ဒေါ်စုမြတ်တို့စကားပြောနေခြင်းကြောင့် အသာရပ်ပြီးနား ထောင်လိုက်သည်။

'အန့်တီစု ကံကောင်းပါတယ်၊ ငြိမ်းချမ်းက နည်းနည်းပဲဆိုးတာ၊ သူဆိုးတာကလည်း သူများကိုမထိခိုက်ပါဘူး။ အခုခေတ်ကောင်လေးတွေက အရက်၊ ဆေးလိပ်၊ ကွမ်း၊ ဆေး အဲဒီလေးပင်ကနေတစ်ပင်မှမလွတ်ဘူး။ အန့်တီ့သားက ဖဲလေးရိုက်ပြီးလောင်းကစားလေးနည်းနည်းဝါသနာပါတာပဲရှိ တာ...မဆိုးပါဘူး'

သူမက လူကြီးကိုပြန်ဆုံးမနေသောကြောင့် သူပြုံးရင်းစိတ်ထဲမှပြော လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မဆိုးရှင်လည်း နင်ယူလိုက်ပေါ့'

ဒါပေမဲ့ သူမမကြားနိုင်သောကြောင့် စိတ်မဆိုးပါ။ ဒေါ်စုမြတ်အသံကိုကြားရပြန်သည်။

'သမီးကဒီလောက်ပဲသိတာကို ဒီကောင်အသောက်အစားကင်းတာမှန်ပေမယ့် သူ့အဖေကမကြည်ဘူး၊ ဟိုတစ်ရက်ကပဲ သူ့ပိုက်ဆံအိတ်အပြင်စားပွဲမှာမေ့ကျန်ခဲ့တာ သတိရလို့သွားပြန်ယူတော့ပိုက်ဆံတွေပျောက်လို့တဲ့... စိတ်ဆိုးနေတယ်'

'ဟင်...ငြိမ်းချမ်းယူတာ တွေ့လိုက်လို့လား'

'အန်တီကလည်း ယူစရာလား၊ဒီအိမ်မှာသုံးယောက်တည်းလေ... ငယ်ငယ်ကတည်းက သင်းမှာပိုက်ဆံခိုးတတ်တဲ့ အကျင့်ကရှိကိုရှိနေတာ၊ အန်တီလည်း သင်းကိုစောရနက္ခတ်နဲ့ယှဉ်ပြီးများ မွေးခဲ့မိသလား မသိပါဘူးကွယ်'

'ဩော်'

မိုးမြင့်သူကဩော်ပေမယ့် ငြိမ်းချမ်းက အကျင့်ပါနေလို့ပါပြောရင်းပြုံးသည်။

'ဒါနဲ့...သမီးလေးရော...ချစ်သူရှိပြီလား'

ခေါင်းညိတ်လား၊ ခေါင်းခါလားတော့ သူမမြင်ရပါ။ အသံလည်းမကြားရ။ ဒေါ်စုမြတ်က ဆက်ပြောသောစကားသံက သူ့အတွက်ရင်ခုန်စေသည်။ မိုးမြင့်သူက သူ့အတတ်သူပြန်စူးသည်။

'သမီး...သားအဲပေါ် ဘယ်လိုသဘောထားလဲ'

'အင်း...အန်တီကလည်း...အဟင်း'

'မရှက်ပါနဲ့သမီးရယ်... သားကဆိုးမှမဆိုးဘဲ၊ သမီးလေးအိမ်ထောင်ပြုမယ်ဆို သားကိုမမေ့နဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အို…အန်တီ့သားက သမီးကိုရှိတယ်တောင်မထင်ဘူး သူ့ဘေးမှာ ကောင်မလေးတွေဝိုင်းနေတာ'

'ဘာပဲဖြစ်ဖြစ်…အန်တီကတော့ သမီးလေးကိုပဲ သဘောကျတာ၊ ကိုယ့်မျက်စိရှေ့တင်ကြီးလာတာဆိုတော့ အကြောင်းသိတွေလေ၊သားအတွက် မပူရတော့ဘူးပေါ့'

သူမဆီက ဘာသံမှထွက်မလာတော့ပေ။ထို့ကြောင့်သူကချောင်းကို တမင်ဆိုး၍ဝင်လိုက်သည်။

'အဟမ်း…အဟမ်း'

သူမရှက်ကိုးရှက်ကန်းနှင့် ကော်ဖီကိုသောက်နေပြီး၊ မအေဖြစ်သူ၏ စကားသံကို သူကြားလိုက်ရသည်။

'ဩော… ကာလနဂါးတောင်နိုးပြီကိုး… လာ…ဒီမှာမင်းသူငယ် ချင်းတောင် ရောက်နေတာကြာပြီ'

'ဒီကပွဲယမ…အမေ့ဆီက ဘာလာကပ်စားနေလဲ'

မအေဖြစ်သူကပြုံးနေပြီး သူမကဘာမှမပြောပါ။ သူက သူမဘေး တွင်ရှိသောခုံ၌ဝင်ထိုင်သည်။ သူ့အမေကအပြုံးနှင့်အတူ ထိုင်ရာကနေပေါ် တင်ပင်ရှောင်ပေး၏။

မအေဖြစ်သူက အလိုက်သိပေမယ့် သားဖြစ်သူက ထူ၏။ ထူချက် သည် တော်ရုံတန်ရုံ လွှဝိုင်းပင်တိုးမည်မထင်။

သူကကော်ဖီပန်းကန်ထဲ ကော်ဖီကိုထည့်၍ ခပ်တည်တည်သောက် ၏။ သူမက သူ့ကိုတစ်ချက်စောင်း၍ကြည့်ပြီး ပေါင်မုန့်တစ်ချပ်ကိုစားသည်။ ထို့ကြောင့်သူကလည်း အားကျမခံနှစ်ချပ်စားသည်။

သူမက အပတိဆိုရယ်သည်။ သူကလည်း ဘာမှန်းမသိဘဲလိုက် ရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမက ချက်ချင်း ရယ်ပြီး ချက်ချင်းပြန်တည်သွားသောကြောင့် သူအိုးတို့အန်းတန်းနှင့် ပေါင်မုန့်နှင်နေ၏။

နှစ်ယောက်သား ပြောစရာစကားရှာမရသောကြောင့် မုန့်တွေကို တစ်ခုပြီးတစ်ခု အပြိုင်အဆိုင်နှိုက်စားနေလေ၏။ နောက်ဆုံးမုန့်ကုန်သွားတော့မှ သူက သူမကိုကြည့်ပြီး ဟီးခနဲရယ်သည်။ သူမက မျက်စောင်းချိတ်သည်။

'ဘာရယ်တာလဲ'

'အဟီး…နင်အတော်အစားကြီးတာပဲ'

'အံမယ်…ငါစားတာ သုံးခုတည်း၊နင်စားတာခြောက်ခုတောင်…နင်မှအစားပုတ်'

သူမကလျှာပိုပါးကြောင်း သူ့ထက်စကားနှစ်ဆပြော၍သက်သေပြသည်။ ထို့ကြောင့် သူအလျှော့ပေးလိုက်သည်။ သူကအသိချင်ဆုံးမေးခွန်းတစ်ခုကိုမေးလိုက်သည်။

'နင်နဲ့ဇော်လတ်က ချစ်သူတွေမဟုတ်ဘူးနော်'

'ငါပြောမိလို့လား…'

'ဒါ…ဒါဆို…နင့်ချစ်သူက ဘယ်သူလဲ'

သူမက သူမြင်နေကျအပြုံးတစ်ခုကိုပြုံးသည်။ သို့သော်သူထိုအပြုံးကိုနားမလည်ပါ။ အပြုံးသည်လှသည်။ ဒါပေမဲ့ ထိုအပြုံး၏အဓိပ္ပာယ်ကို သူဖော်မရပါ။

'နင်ပြောမှပဲ သတိရတော့တယ်…မနက်ဖြန်ကျရင် နင်ငါနဲ့လိုက်ခဲ့ဦးဟာ'

သူကော်ဖီသီးသွားတော့သည်။ထိုကိစ္စပြောလျှင် သူ့ရင်ဘတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



နာလာသည်။ သို့သော် ကင်ဆာတော့မဖြစ်နိုင်ပေ။ ထို့ကြောင့်သူကစကားလွှဲ၏။ လွှဲသောစကားက သူ့အတွက်ပင်ဖြစ်သည်။

'နေပါဦး…စောစောက နင်နဲ့အမေဘာတွေပြောနေလဲ'

'အဟင်း…ဒီလိုပါပဲ'

'သိပြီ…မဟုတ်မှလွဲရော…နင်ငါ့အမေကို ယောက္ခမတော်ချင်ပြီထင်တယ်…အင်း…အမေကသဘောကောင်းပါတယ်…အဖေသာသဘောထားမပြည့်တာ'

'အပိုတွေပြောမနေနဲ့ သူ့ဆီကပိုက်ဆံတွေခဏခဏခိုးနေမှတော့သဘောထားပြည့်နိုင်တော့မလား၊ ပြီးတော့…နင့်အမေကို ယောက္ခမတော်ရအောင် နင်က ဘာများအဖြစ်ရှိလို့လဲ'

'အင်'

သူမရုပ်တည်နှင့်ပြောသောစကားများသည် သူ့ကိုအောင့်သက်သက်နှင့် သူ့နှုတ်ကိုဆွံ့အစေသည်။

'ဟွန်း…အဖြစ်ကိုမရှိဘူး…ဒီတော့…မနက်ဖြန်ကျရင် နေ့လည်လောက်ငါလာခေါ်မယ်…ဟဲ့…အတန်းတက်မနေနဲ့နော်၊ ပြောသာပြောရတယ်နင့်ကိုတွေ့ရင် အတန်းထဲမှာတစ်ခါမှမရှိဘူး၊လက်ဖက်ရည်ဆိုင်မှာချည်းပဲ…ကဲ…ငါသွားတော့မယ်'

သူလည်းဘာမှမပြောချင်သောကြောင့် ခေါင်းကိုပဲစက်တပ်ထားသကဲ့သို့ ညိတ်၏။

သူမက အပေါက်ဝကိုရောက်ပြီးမှ လှမ်းပြောပြန်သည်။

'ဟဲ့…နင်ထိုင်နေကျ ဆိုင်မှာပဲထိုင်နော် ငါသိပ်မရှာချင်ဘူး…မောတယ်…နင့်ကိုပြောရတာ'



www.burmeseclassic.com

www.burmeseclassic.com



သူမျက်နှာကြီးမဲ့၍ ခေါင်းကိုထပ်ညိတ်ရသည်။ နားတော့အတော်ပူသွားလေသည်။

+ + +

သူတစ်ယောက်တည်း မျက်နှာကိုအောက်ချပြီး ငေါင်ငေါင်ကြီးထိုင်နေသည်။ မျက်နှာကိုမြေကြီးပေါ်ဖြုတ်ချထားခြင်းမဟုတ်ဘဲ အောက်သို့ငုံ့နေခြင်းဖြစ်သည်။ သူ၏အမြဲတမ်းပြုံးနေသောမျက်နှာသည် သည်ကနေ့တည်းနေ၏။ မျက်လုံးတွေကလည်း အနီရောင်သမ်းနေသော စားပွဲအောက်ရှိမြေကြီးကိုငေးနေသည်။

မြေကသိုက်ဖွင့်ရှာနေခြင်းတော့ မဖြစ်တန်ရာ။ဖြစ်နိုင်တာက မြေကြီးကိုဘာနှင့်လုပ်ထားသလဲစူးစမ်းနေခြင်းသာဖြစ်နိုင်၏။ ဒါပေမဲ့ သူ့အတွေးထဲက ကိစ္စသည် သူ့ကိစ္စပင်ဖြစ်သောကြောင့် တခြားလူများမသိနိုင်ပါ။

ထိုစဉ်မှာပဲ…နှစ်ယောက်စီပူး၍ ကော်နှင့်ကပ်ထားသကဲ့သို့သော အတွဲနှစ်တွဲက အပြုံးလိုက်ဝင်ထိုင်၏။ (နှစ်ခုတစ်တွဲကို တစ်ပြုံးနှစ်ပြုံးဟုလည်းရေတွက်ကြသည်။) ဒါပေမဲ့ သူကမမြင်ပါ။ မြင်လျှင်လည်းဂရုစိုက်မည်မဟုတ်ပေ။

ငါးခူက အဆီပိတ်ကိုပြူးကြည့်၍ အဆီပိတ်ကလည်းမေးငေါ့ပြသည်။

'ဟဲ့…ငမြွေထိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာတုန်း'

သက်သက်စံ၏အခေါ်ကို သူကပြတ်ပြတ်ပင်ပြန်ထူး၏။

'နင်ဘာဖြစ်နေလဲ'

'ငါဘာဖြစ်လို့တုန်း'

အခေါ်နှင့်အပြောက သဟဇာတမဖြစ်သောကြောင့် လေးယောက်သားမျက်နှာများမဲ့သွားကြသည်။ ငါးခူက မြင်ပြင်းကတ်သံနှင့်ပြောသည်။

'မင်းအခွက်ကြီးက အမြဲတမ်းစပ်ဖြီးဖြီးမဟုတ်လား၊ အခု ဘုရားစူးတည်နေလို့ မေးကြည့်တာလေ'

'ဟုတ်ပေါ့…ရုပ်က…အဘိုးသေလို့ အမွေမရတဲ့မြေးမျက်နှာနဲ့…မသိရင် ငါတို့လေးယောက်ကိုပဲ တင်ကျွေးထားရတာကျနေတာပဲ'

အဆီပိတ်ကလည်းပြောသည်။ သူကထိုနှစ်တွဲကိုကြည့်ပြီး မြင်ပြင်းကတ်သွားတော့၏။ ထိုင်ခုံတွေကိုနှစ်လုံးပူး၍ ထိုင်ကြသည့်အပြင် လက်တစ်ဘက်စီလည်း တွဲထားကြသေးသည်။

'မင်းတို့ကွာ ပိုကိုပိုတယ်…ဒီလောက်နေပူရတဲ့အထဲ ပူးနေကြတာများ လက်ချင်းဆက်အမြွှာတွေအတိုင်းပဲ'

သို့သော်ပြော၍မနာပါ။ သက်သက်စံက ရန်ပြန်တွေ့သည်။

'အံမာ… နင်မနာလိုဖြစ်နေတာမို့လား… ဟင်းဟင်း…မနာလိုမဖြစ်ပါနဲ့ဟာ…နင်လည်းကြိုးစားရင်ပူးလို့ရမှာပါ၊ မိမိုးလက်နဲ့နင့်ပါး'

သူ့မျက်နှာပိုမဲ့သွားပြီး သန္တာဝင်းကလည်း…

'အေးလေ…သူ့မှာမရှိတိုင်း သူများတွေကို မလိုဘူး'

နှိပ်ကွပ်သည်။ သူကလည်းလျှာပါး၏။

'မနာလိုလို့မဟုတ်ဘူး…နင်တို့က လူအမြင်ကတ်အောင်လုပ်နေသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့...သက်သက်စံ၏လျှာက ပိုပါးသည်။

'ဘာဖြစ်လဲ...သူတို့အမြင်ကတ်လေ ငါတို့ကပိုကပ်လေပဲ၊ မမြင်ချင်ကျက်စိမှိတ်ထားကြပေါ့...ဘာလဲ... နင်ကငါတို့ဘက်က မနာဘူးပေါ့လေ'

သူဘာမှမပြောတော့ပါ။ သူလျှာပါးခြင်းသည် သက်သက်စံကို လိုက်မမီပါ။ ထို့ကြောင့် ရေနွေးကိုသာငှဲ၍ပါးစပ်ကိုသောက်ခိုင်းပြီး ပြောချင်သောစကားများကို မြိုချလိုက်၏။ သူကမြိုချပေမယ့် ငါးခူကအပြင်ကိုအန်ထွက်လာသောကြောင့် နားရွက်တွေကိုထောင်ခိုင်းရပြန်၏။

'မင်းကိုကျေးဇူးတင်လွန်လွန်းလို့ တို့လေးယောက်ကပြုစုဖို့လာတာကွ...အဟဲ'

'ဘာအတွက်လဲ'

'သြော်...မင်းရဲ့ဖဲဗေဒင် မှန်လို့ပေါ့'

'ဟင်...ဟုတ်လား'

သူကဝမ်းသာသောမျက်နှာနှင့်မေး၍ သန္တာဝင်းကပြုံးပြုံးလေးပြန်ဖြေ၏။ ကျန်သုံးယောက်မျက်နှာကလည်း နို့ဆီသုတ်ထားသကဲ့သို့ ချိုနေသည်။

'ဟုတ်တယ်ဟဲ့...ငါ...ကိုဇင့်ကို အဖေနဲ့ခေါ်တွေ့ပေးတော့အဆင်ပြေတယ်၊ ပြောရဦးမယ်...နင်ဟောသလို ကြည်ကြည်ဖြူဖြူပဲ...သိလား...ငါက ဒီလောက်ချောချောမွေ့မွေ့ဖြစ်မယ်တောင် မထင်ထားဘူး။ရှေ့လကျရင်မိဘတွေနဲ့လာကြောင်းလှမ်းပြီး စေ့စပ်ခိုင်းထားတော့မယ်တဲ့'

'သြော်...တရားဝင်ပါမစ်ရသွားလို့ နင်တို့ဒီလောက်အထိကပ်နေကြတာကိုး...ဟိုးဟိုး'

www.burmeseclassic.com



'ဟုတ်တယ်ကွ…ငါတို့လိုဆိုကြောက်တာနဲ့ တော်တော်နဲ့တွေ့ဖြစ်မယ်မထင်ဘူး၊ မင်းကောင်းလို့…ဒီတော့… မင်းကြိုက်တာစား ငါတို့ဒကာခံမယ်'

အဆိပ်ပိတ်ခေါ်ကျော်ဇင်ထွန်းက အနားတွင်သကြားစက်လာထောင်ချင်လောက်အောင် မျက်နှာကိုချိုချို၍ပြောသည်။ ဘာပဲဖြစ်ဖြစ်သူငယ်ချင်းတွေအဆင်ပြေကြသောကြောင့် သူဝမ်းသာသည်။ ငါးခူခေါ် တင်ကိုလတ်ကလည်းပြောသည်။

'ငါကတော့စင်းလုံးမချောဘူးကွ အဘိုးကြီးနဲ့အဘွားကြီးက သက်ကိုအချစ်ဆုံး…ဒီတော့ကွာ…ငါ့မှာ ဒီကောင်မလေးကို တရားဝင်ဖြစ်ဖို့တော်တော့်ကိုပြောယူရတယ်။နေ့လည်ကတည်းက အဘိုးကြီးနဲ့ညှိလိုက်တာ ညခုနှစ်နာရီလောက်မှ ပြန်ရတယ်…ဟူး…မလွယ်ဘူး'

'အေးလေ…ဒါက…မင်းကမလိုတော့… သူတို့ဘက်ကလည်းဘယ်လိုမလဲ'

'ဟေ့ကောင်'

ဆက်ပြော၍မရအောင် ငါးခူကသူ့ကိုမျက်နှာထိမျက်နှာထားနှင့်ကြည့်သည်။ သူစပ်ဖြီးဖြီးဖြစ်သွားပြီး သက်သက်စံကငါးခူကိုမျက်စောင်းထိုး၍ချိတ်ထားသောလက်ကို ဆွဲထုတ်၏။ ဒါပေမဲ့…ငါးခူကလွှတ်မပေးဘဲ သူ့ကိုမာန်၏။

'ငမြွေထိုးရာ…မင်းကွာ…ငါ့ကိုချွန်ပြန်ပြီ၊ ငါ့မှာသက်ကို အတော်ချော့ထားရတာဟ၊ အဆင်ပြေခါစပဲ ရှိသေးတယ်…မင်းကတစ်မျိုး'

'သူပြောတာလည်း ဟုတ်တာပဲ၊ နင်ကငါ့ကိုမှ မလိုတာ လွှတ်'

သက်သက်စံကလည်း လူရှေ့တွင်မို့လို့လားတော့ မသိ အတင်းကောက်ပြီး လက်ကိုဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



'သက်ကလည်းကွာ…ကိုလတ်ပြောပြီးပြီပဲ၊ သက်ကလွဲလို့ ဒီနား ကကျန်တဲ့လူတွေ ဖွဲနဲ့ဆန်ကွဲချည်းပဲ'

ကျန်သုံးယောက်ကိုစွေကြည့်ပြီးပြောသဖြင့် အသံတိတ်ပိုင်းပြီးပါးစပ် လှုပ်မေတ္တာပို့ကြသည်။ သို့သော်လည်း… ငါးခူအလျှောက်ကောင်းသော ကြောင့် သက်သက်စံကမျက်စောင်းလေးဝင့်ပြီးပျော့သွား၏။သူကအမြင်ကတ် သောကြောင့် ချွန်သည်။

'ဖွဲနဲ့ဆန်ကွဲကလည်း စျေးကြီးတယ်နော်…မိသက် နင့်ကိုဖွဲတို့ဆန် ကွဲတို့လောက်တောင် အဖိုးမတန်ဘူး ပြောတာထင်တယ်'

'ဟော့ကောင်…မင်းမထောင်နဲ့နော်…ငါကသူကလွဲပြီး စိတ်မဝင် စားဘူးလို့ပြောတာ၊ သက်လည်းသိပါတယ်…ဟဲ'

ငါးခူကမျက်နှာမာနှင့်သူ့ကိုလှည့်ဟောက်ပြီး သွားဖြဲ၍သက်သက်စံ ကိုချော့သည်။ အတော်ကြာသောအချိန်အထိ ပြောဆိုရယ်မောနေကြသည်။ ထို့နောက်စားသောက်ရင်း အဆီပိတ်ကပြောသည်။

'အဲ့ဒီလိုပြုံးနေစမ်းပါကွာ…မင်းစောစောက ဘာလို့မှိုင်နေလဲ'

'အင်း…ငါပြုံးတိုင်း မင်းတို့ကပျော်တယ်ထင်ရင် မှားလိမ့်မယ်၊ စိတ်ညစ်လေ ငါကပြုံးလေပဲ'

'ဒါဆို စောစောကဘာလို့ မှိုင်နေလဲ'

သူကထပ်ပြုံး၍ပြောသည်။

'ငါ…ဆုံးဖြတ်ချက်တစ်ခုကို ချနေတာ'

'ဘယ်သူ့အတွက်လဲ'

'မိမိုးအတွက်လေ'

လေးယောက်သားသူ့ကို စိတ်ဝင်တစားနှင့်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ…နင်သူ့ကို ဖွင့်ပြောတော့မယ်ပေါ့'

သက်သက်စံ၏အမေးကို သူကခေါင်းခါ၍တုံ့ပြန်သည်။

'ဒါဆို…ဘာအတွက်ဆုံးဖြတ်ချက်ချတာလဲ'

'သူနဲ့ငါ…ငါပေါ့ကွာ…သူနဲ့ခပ်ဝေးဝေးမှာနေဖို့ပေါ့'

သူအလေးအနက်ပြောနေသောကြောင့် လေးယောက်သားငြိမ်သက်သွားကြသည်။

'ဟုတ်တယ်…သူ့နားမှာနေရင် ငါဒုက္ခရောက်မယ်၊ဟုတ်တယ်…သူ့အတွက် ငါကအပိုကောင်…သူကလည်း ငါ့ကိုအထင်မကြီးဘူးကွ'

'အင်း… မင်းကိုပဲ သူကအလကားနေ အထင်ထိုင်ကြီးပြနေရမှာလား…နောက်ပြီး…မင်းတို့အိမ်ချင်းဒါလောက်ကပ်နေတာ အနေမနီးအောင်ဘယ်လိုရှောင်မလဲ'

ငါးခူပြောသောစကားအဆုံးတွင် သူကပြုံးသည်။

'ဒီအတွက် ငါပြင်ဆင်ပြီးပြီ ကြည့်မြင်တိုင်က ငါ့အဒေါ်အိမ်မှာသွားနေမယ်…အင်း…တစ်လလောက်ပေါ့ကွာ…အိမ်မှာဘယ်သူမှမရှိဘူး…အဟဲ…အေးဆေးပဲ…အဒေါ်က သူ့ယောက်ျားရှိတဲ့မန္တလေးကိုလိုက်နေမယ်တဲ့၊ ဟိုမှာ သူ့ယောကျာ်းအမျိုးတွေနဲ့ တစ်လလောက်တော့ ကြာမယ်'

'ဟုတ်ပါပြီ… သူကရော ခွဲနိုင်ပါ့မလား'

'ဟ…သူနဲ့ငါက…ဘာမှမဆိုင်ဘဲ သူအနေသာကြီးပါ'

သန္တာဝင်းက သူ့ကိုမျက်စောင်းထိုးသည်။

'ဒါတော့…နင်ယောက်ျားမပီသတာပဲ… ဒီကိစ္စဟာရှောင်ပြေးစရာမှမလိုဘဲ ဖွင့်ပြောလိုက်ရင် ပြီးပြီ'

'နင်ပြောတာတော့ လွယ်တယ်၊ ငါ့အခြေအနေကိုငါသိပါတယ်၊ သူမှာချစ်သူနဲ့ဟ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို နင်တို့ဘာလို့တွဲနေလဲ'

'အင်း...ငယ်ငယ်ကသံယောဇဉ်နေမှာပါ'

စကားဝိုင်းသည် တိတ်ဆိတ်သွား၏။သူ့အတွက်နှစ်သိမ့်စရာစကား ဘယ်သူမှရှာမတွေ့ကြပါ။

'ဟော...ဟိုမှာ မိမိုးလာပြီ'

လှမ်း၍မြင်လိုက်ရသော ထိုကောင်မလေးသည် သူတို့ဆီသို့အပြေး လေးနှင့်လျှောက်လာနေသည်။ ငါးခူက မေးသည်။

'ဘာအတွက်လဲ'

'အင်း...သူ့ချစ်သူနဲ့ချိန်းထားလို့ ငါ့ကိုလာခေါ်တာ'

သူ့ရဲ့အဖြေက သူတို့ကိုမရှင်းမလင်းဖြစ်စေသည်။ ထပ်မေးလည်း အကြောင်းထူးမည်မဟုတ်သောကြောင့် ငြိမ်နေကြသည်။

'ငြိမ်းချမ်း...သွားကြမယ်လေဟာ'

'အင်း'

မိုးမြင့်သူက အားလုံးကိုပြုံးပြပြီး သူ့ကိုခေါ်သည်။ သူကလည်း ချက်ချင်းထလိုက်သွား၏။ လိုက်ဘက်သော သူတို့နှစ်ယောက်ကိုကြည့်၍ ကျန်လေးယောက် သက်ပြင်းကိုယ်စီချလိုက်ကြတော့သည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ကန့်ရေပြင်ကိုဖြတ်သန်းလာသော လေပြေသည် သူမ၏ဆံနွယ်များကိုဆွဲငင်သွားသည်။ သို့သော် ပိုင်ပိုင်နိုင်နိုင်မဟုတ်သောကြောင့် ဆံနွယ်တွေလေထဲတွင် ဝဲလွင့်နေ၏။ သူမမျက်နှာပေါ်တွင် ကျေနပ်သော အပြုံးရိပ်တချို့ဟီးလေးခိုနေ၏။ သူသက်ပြင်းကိုချလိုက်သောကြောင့် သူမက လှည့်ကြည့်သည်။

'ဘာအတွက် သက်ပြင်းချတာလဲ'

'ဟင်း...ငါ့အတွက်ပေါ့'

သူမကလေးတစ်ယောက်လို ရယ်ပြီးပြောသည်။

'နင့်ဘဝမှာ သက်ပြင်းချလောက်စရာကောင်းတဲ့ စိတ်ပျက်စရာဘယ်တုန်းကများ ရှိခဲ့ဖူးပါလိမ့်'

သရော်သောစကားက သူ့ကိုလောင်နေ၏။ သူအတော်ကိုစိတ်ပျက်သွားသောကြောင့် ပြုံးနေသည်။ သူ့ရင်ထဲတွင် သူမကို ပြောစရာစကားများမရေတွက်နိုင်လောက်အောင်ရှိသော်လည်း ထိုစကားများကို ဘယ်သောအခါမှပြောမည်မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်… ငါနင်နဲ့ဒီထိုင်ခုံမှာ ထိုင်ရတဲ့အချိန်တိုင်း အမြဲစိတ်ပျက်ခဲ့တာ ခုချိန်ထိပဲ'

သူမမျက်နှာ သိသိသာသာပျက်သွားသည်။

'ဘာဖြစ်လို့လဲဟင်…နင်မပျော်လို့လား'

'ဟား ဟား ဟား…မေးမှမေးရက်တယ်ဟာ…နင်တခြားလူတစ်ယောက်နဲ့ကြည်နူးဖို့အတွက် ငါကရင်နဲ့ရင်းပြီးစောင့်ပေးရတာကို ငါပျော်မယ်လို့ထင်နေလား'

သူ့အပြောကြောင့် သူမကပြုံးသွားသည်။

'နင့်စကားက ဘယ်လိုကြီးလဲဟဲ့'

'တကယ်တော့ ငါဟာ…'

သူတစ်ခုခုကိုပြောဖို့ အားယူနေပေမယ့် ပြောမထွက်ပါ။ ပြုံး၍ကြည့်နေသောကောင်မလေးကို သူငေးနေမိသည်။

'ဘာဖြစ်လဲ…ဆက်ပြောလေ'

သူမ၏အားတက်သရော မေးသောအသံသည် သူ့နှုတ်ကိုဆွဲ့အစေပြီး၊ နဂိုကကြံစည်ထားသော ဆုံးဖြတ်ချက်ကိုသတိရစေ၏။ ဘာပဲဖြစ်ဖြစ် သူအဝေးကို သွားရပေတော့မည်။

'တကယ်တော့ ငါဟာ…နင့်ချစ်သူလာတဲ့အထိမရှိသင့်ဘူး၊ ပြီးတော့…နင့်ချစ်သူက ငါတို့နှစ်ယောက်ကို အထင်လွဲလို့မလာတာလည်းဖြစ်နိုင်တာပဲ'

'မဟုတ်ဘူး… တကယ်တော့ ငါ့ချစ်သူဟာ…'

'တော်ပြီ…ငါ…ငါ့ကို…သူနဲ့ပတ်သက်တဲ့ ကိစ္စဘာမှမပြောပါနဲ့ဟာ…ငါ…မကြားချင်ဘူး၊ ဒီတော့ဟာ…နင့်ဆန္ဒကို ဖြည့်ဆည်းပေးခဲ့တာ

www.burmeseclassic.com



ကြာပါပြီ၊ သေချာတာကတော့ ငါရှိနေတဲ့အချိန် ဒီကောင်ဘယ်တော့မှလာမှာ မဟုတ်ဘူး'

'ငါပြောတဲ့စကားကို နင်နားမလည်ဘူးလားဟင်'

'ဟာ… နားလည်တယ်… အရမ်းအရမ်းကို နားလည်တယ်၊ တကယ်တော့နင်က ငါ့ကိုဓါးစာခံနိုင်းခဲ့တာပဲ၊ နင့်ချစ်သူသဝန်တိုအောင် ဒါမှမဟုတ်…နင်အပျင်းပြေအောင် ငါ့ကိုအသုံးချနေတာပဲ၊ ဒီတော့ဟာ… ငါနှုတ်ဆက်ခဲ့ပါတယ်။ နောက်တစ်ခါ သူ့အတွက်ငါ့ကို အသုံးမချပါနဲ့… ငါသွားတော့မယ်'

သူပြောချင်သောစကားနှင့် ပြောရသောစကားသည် လွဲနေ၏။ သို့သော် မတတ်နိုင်ပါ။ သူမကိုတစ်ယောက်တည်းထား၍ ကျောခိုင်းလိုက်သည်။ ခပ်လှမ်းလှမ်းရောက်တော့ သူမ၏ခေါ်သံကိုကြား၍ ခဏရပ်လိုက်သည်။

'ငြိမ်းချမ်း'

သူကလှည့်မကြည့်ပါ။

'နင်…သူ…ဘယ်သူလဲဆိုတာ မသိချင်တော့ဘူးလား'

မသိချင်တော့ပါ။ ဇော်လတ်မဟုတ်လျှင် တခြားတစ်ယောက်ပင် ဖြစ်ပါလိမ့်မည်။ သူ့အတွက်က ဘာမှမျှော်လင့်စရာမရှိခဲ့ပါ။ သူကျောခိုင်း လက်စနှင့်ရှေ့သို့ဆက်သွားတော့သည်။

ဝင်ခါနီးနေရောင်ကို နောက်ခံထား၍ ခုံတန်းမည်းမည်းလေးတွင် ကောင်မလေးတစ်ယောက်၏အရိပ်သည်ဝိုးတဝါးနှင့် မှုန်ဝါးသွားလေသည်။

+ + +

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် မိုးမြင့်သူကျောင်းသို့သွားရန် ငြိမ်းချမ်းကို ဝင်ခေါ်သည်။ ဧည့်ခန်းထဲတွင် ဒေါ်စုမြတ်ထိုင်နေသည်။

'အန်တီစု…ငြိမ်းချမ်းကျောင်းမသွားဘူးလား'

'သမီးလေးကိုပြောဖို့ မေ့နေတယ်၊ သားက…သူ့အဒေါ်အိမ်သွားနေတယ်။ သူ့အဖေရဲ့အစ်မလေ မနေ့ညနေကတည်းက သွားတာ'

'ရှင်…ဒါဆို…သူ…ဟို…အဲ့ဒီမှာ ဘယ်လောက်ကြာမှာလဲဟင်'

'မပြောတတ်ဘူးကွဲ့ သူကသမီးကို စသွားတယ်၊ သူမရှိတော့ သမီးကိုရှုပ်မယ့် အရှုပ်ထုပ်မရှိတော့ဘူးဆိုတော့ သမီးပျော်မှာပေါ့တဲ့လေ'

'သြော်…ဟုတ်ကဲ့…ဒါဆိုသမီးသွားတော့မယ်'

'အေး…အေး'

ဒေါ်စုမြတ်ကအေးပေမယ့် သူမကရင်ပူသွားသည်။ ထို့ကြောင့်…ကျောင်းကိုမသွားတော့ဘဲ ခြံထဲပြန်ဝင်လိုက်တော့သည်။ အိမ်ရှေ့ခန်းတွင်ထိုင်နေသောမအေဖြစ်သူက သမီးဖြစ်သူကိုတအံ့တဩနှင့်မေးသည်။

'သမီးကျောင်းမသွားတော့ဘူးလား'

'ဟုတ်တယ်…သမီးဖျားချင်သလိုလိုဖြစ်နေတယ်'

သူမနားထင်ကိုလက်နှင့်ဖိ၍ရှုံ့မဲ့ပြောသည်။ထို့ကြောင့်မအေဖြစ်သူ၏ပြောဆိုသံ ပစိပစိနှင့်ထွက်လာသည်။

'အဲ့ဒါကြောင့် စာကိုညဉ့်နက်အောင်မကျက်ပါနဲ့ဆိုတာ ပြောမရဘူး၊ စာဆိုတာကျက်တိုင်းမကောင်းဘူးဟဲ့ ဝေါက်သွားလိမ့်မယ်။ သွား…ဆေးသောက်ပြီးအိပ်ချေ၊ အိပ်ရေးပျက်တာနေမယ် ကြည့်စမ်း… မျက်နှာက လည်းညှိုးနေပါလား စာဆိုတာကျက်တိုင်းမကောင်းဘူးဟဲ့'

'ဟုတ်ကဲ့…ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းနှင့်သူမအမေတွဲထားရင်တော့ အံကိုက်ပဲဖြစ်သည်။သူမက လေ့ကားကနေပြေးတက်ခဲ့ပြီး အိပ်ခန်းထဲဝင်၍ တံခါးကိုဆောင့်ပိတ်လိုက် တော့သည်။

+ + +

သူမနှင့်ဝေးနေသောအချိန်များသည် သူ့အတွက်အထီးကျန်ခြင်းနှင့် စိတ်ပျက်ခြင်းတို့ကို ယူဆောင်ပေးသည်။ သူ… သူမကိုရှောင်နေခဲ့သည်မှာ နှစ်ပတ်ကျော်ပြီ။

မိုးမြင့်သူဆိုသောထိုကောင်မလေးသည် သူမရှိသောအခါသူ့တန်ဖိုး ကိုနားလည်လာလိမ့်မည်၊ သို့မဟုတ်ပျော်နေချင်နေမည်။ ဒါပေမဲ့ သူ့အတွေး လွဲသည်။

သူမသည် သူရှိသောကန်တင်းသို့ အမြဲလာသည်။ သို့သော်သူက ရှောင်နေသည်။ တခြားသူမ မလိုက်တတ်သောနေရာများသို့ လျှောက်သွား သည်။ ဦးတည်ရာတော့ မရှိပါ။ သူမနှင့်ဝေးသော သူ့ဘဝသည် အဓိပ္ပာယ် ကင်းမဲ့နေ၏။

ဒီနေ့တော့ ထိုင်နေကျကန်တင်းထဲသို့ သူရောက်ခဲ့သည်။ထို့ကြောင့် မတွေ့တာကြာပြီဖြစ်သော အပေါင်းအသင်းများကို သူတွေ့ရသည်။

'ဟား… ငမြွေထိုး…မင်းကွာ…နေနိုင်လိုက်တာ၊ အတန်းလည်း မတက် ကန်တင်းလည်းမထိုင် ဘယ်သဝေထိုးနေလဲ'



www.burmeseclassic.com

www.burmeseclassic.com


'အေးကွာ…နဖူးနဲ့ဒူးတည့်ရာပဲ ငါ့အတွက်လျှောက်စရာလမ်းရှိနေရင် သွားနေတာပါပဲ'

ငါးခူ၏စကားကိုတုန့်ပြန်ရင်း သူခုံတွင်ဝင်ထိုင်လိုက်သည်။ငါးခူက သူ့ကိုအသေအချာကြည့်သည်။

'ငြိမ်းချမ်း…ဖြစ်ရလေကွာ… မင်းမျက်နှာချောင်ကျသွားလိုက်တာ မင်းကိုယ်မင်းဂရုရောစိုက်ရဲ့လား သူငယ်ချင်းရာ၊ ပိန်သွားလိုက်တာ'

ဂရုဏာဒေါသနှင့်ပြောသော ငါးခူ၏စကားများသည် သူ့အတွက် ကြည်နူးစေပြီး မျက်နှာကိုပြုံးစေ၏။

'မင်းကလည်း စိုးရိမ်တတ်လိုက်တာ ငါမိဘအိမ်ခိုနေတုန်းကနဲ့ ဘယ်တူတော့မလဲ၊ ကိုယ့်ထူကိုယ်ထဆိုတော့ ပင်ပန်းတာပေါ့'

'ဘာလဲ…ကိုယ့်ဘာသာ ချက်စားနေတာလား'

'ဟင့်အင်း…ချိုင့်ဆွဲစားတာ'

'အင်… ခွေးသူခိုး'

သူတို့နှစ်ယောက်ကြည်နူးစွာရယ်လိုက်ကြသည်။ သူမရယ်နိုင်တာ ကြာပြီဖြစ်သည်။

'မင်းကိုပြောရဦးမယ်…မိမိုး… မင်းကိုနေ့တိုင်းရှာနေတယ်နော်၊ မင်းမလာခင်လေးတင် ပြန်သွားတာ။ ဖုန်းဆက်တော့လည်း မင်းဖုန်းကဆက်သွယ်မှုဧရိယာအပြင်ဘက်ရောက်နေတယ်တဲ့…သနားပါတယ်ကွာ'

'မင်းက အကြောင်းမသိဘဲ သနားနေပြန်ပြီ၊ ငါကသူ့ထက်ပိုဆိုးတယ်ကွ…ဒါပေမဲ့…သူနဲ့တွေ့လို့မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ…သူလည်း မင်းကိုခင်ရှာသားပဲ'

သူကုလာချပေးသော အအေးခွက်ကိုသောက်လိုက်ရင်း ပြုံးသည်။


www.burmeseclassic.com

www.burmeseclassic.com



'သူက ခင်ရုံပါပဲကွာ၊ ခင်ရုံတောင် မင်းသူ့ကိုသနားနေရင် ချစ်နေတဲ့ ငါ့ကိုပိုပြီး မသနားသင့်ဘူးလား။ ငါကသူ့ချစ်သူမဟုတ်ပါဘဲ သူ့အနားမှာ နေရရင်… ထင်ပါတယ်… ငါသက်ဆိုးရော သက်ကောင်းပါရှည်မယ် မထင်ဘူး'

'အခုရော…မင်းပုံစံက လူမမာနဲ့နင်လားငါလားပဲ'

'အေး…အဲဒါသူနဲ့ဝေးလို့ ဒီလောက်ကျန်တာ၊ သူနဲ့နီးရင်ဒီထက်ပိုပိန်မှာ…ကဲပါ…ဒါတွေထားဟိုကောင်အဆီပိတ်လည်းမတွေ့ပါလား၊မတက်စဖူးအတန်းတွေဘာတွေ တက်နေတာလား'

သူ့အမေးက ငါးခူကိုမဲ့ရွဲ့သွားစေ၏။

'ဘယ်ကလာ…စောစောကပဲ ငါနဲ့အတူထိုင်နေတာ၊သက်သက်စံနဲ့သန္တာ အတန်းတက်တာကို သွားလိုက်ခေါ်နေတယ်လေ'

'မင်းတို့ကွာ…မင်းတို့ဘာသာပျက်စီးတာ အကြောင်းမဟုတ်ဘူး၊ လိမ္မာနေတဲ့ သူတို့ကိုမဖျက်ပါနဲ့ဟ'

သူက အသက်ငါးဆယ်အရွယ် လေသံနှင့်ဟန်အမူအယာကိုခဏဌားး၍ ငါးခူကိုဆုံးမ၏။

ဒါပေမဲ့…ငါးခူကနားမထောင်ပါ။ မထောင်ဆို မိဘတွေဆုံးမတာတောင် နာခံသူမဟုတ်။

'ဟောကောင်…ဆရာကြီးလာမလုပ်နဲ့ ဆရာမကြီးနဲ့ပေးတွေ့လိုက်မယ်မှတ်၊ မင်းဘာသိလဲ အခုတရားဝင်ဖြစ်သွားပြီးတဲ့နောက်ပိုင်း သူ့အနားမှာမရှိရင် ငါမနေတတ်တော့ဘူးကွ'

'ဟွန်း…အမြင်ကိုကတ်တယ်'

သူကအဖြစ်ပိုသည်းလာသော သူငယ်ချင်းများကိုမြင်ပြင်းကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ အေးလေ…ချစ်တော့လည်း သည်းကြမှာပေါ့ဟုဖြည့်တွေးပေး ပါသည်။

'ဒါနဲ့…မင်းအိမ်ကို တစ်ခါမှမပြန်ဘူးလား'

'ဟင့်အင်း…အိမ်ပြန်ရင် မိမိုးနဲ့တိုးမယ်၊ သူကအိပ်ချိန်နဲ့စာကျက် ချိန်ကလွဲပြီး ငါ့အမဲဘေးမှာချည်းပဲ၊ ဒီတော့ကွာ… ဒါလောက်အနေရေ အပြောပါနီးနေမှတော့ သူ့ကိုငါမချစ်ဘဲနေနိုင်ရိုးလား'

'အင်း… မင်းဒုက္ခကတစ်မျိုးပါလား'

'ဟုတ်တယ်… ငါ့ဒုက္ခက မရှိတဲ့ဒုက္ခ၊ မင်းတို့ဒုက္ခက ရှိတဲ့ ဒုက္ခ'

နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။ ထိုစဉ်မှာပဲ အဆီ ပိတ်နှင့်အတူ သန္တာဝင်းနှင့်သက်သက်စံရောက်လာကြသည်။

သူတို့က ငြိမ်းချမ်းကိုမျက်စောင်းပိုင်းထိုးကြ၏။ သက်သက်စံက သူ့ကိုမကျေမနပ်နှင့်ပြောသည်။

'ဟဲ့…ငမြွေထိုး…နင်…မိမိုးကို ရှောင်နေတယ်ဆို'

'ဟုတ်တယ်…နင်တို့ကို ငါကြိုပြောခဲ့သားပဲ'

သူ၏အဖြေက သက်သက်စံ၏အသံကို ပိုကျယ်စေသည်။

'နင်က အဲ့ဒီလိုလုပ်စရာလားဟဲ့…သူ့ခမျာသနားပါတယ်'

'မတတ်နိုင်ဘူး…သူငယ်ချင်းသံယောဇဉ်ဆိုတာ ခံစားရလည်း ခဏပါဟာ ကြာရင်ပျောက်သွားမှာပါ'

'ခက်တာပဲဟာ'

သက်သက်စံက မသက်မသာညည်းပြီး၊ သန္တာဝင်းအား ဆရာမကြီး အထာနှင့်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ငါကတော့ မထင်ဘူးနော်...မွှန်းမချင်းနားလည်သလိုပဲ'

'ဘာကိုလဲ'

'ဟဲ့...ဘာကမှာလဲ...နင့်အပေါ်မှာ သူ သူငယ်ချင်းထက်ပိုတယ် ဆိုတာကိုပေါ့'

သူကခါးခါးသီးသီးပဲ ခေါင်းရမ်းသည်။

'မဖြစ်နိုင်ဘူး...နင်ပြောသလို မဖြစ်ပါဘူးဟာ၊ သူ့မှာချစ်သူရှိနေတယ်လေ၊ သူကတစ်ယောက်ကနေ နှစ်ယောက်ဆင့်ပြီးထားပါ့မလား၊ ငါက ငယ်ပေါင်း... သူ့စိတ်ကိုသိတယ်။ သူက တစ်ယောက်ဆိုတစ်ယောက်ပဲ'

'နင်ပြောချင်တာက နင့်ဘက်ကမရှိးသားပေမယ့် သူ့ဘက်ကရှိးတယ်လို့ ထင်နေလား'

သူကခေါင်းကို အနိုင်အမာပဲစက်တပ်ထားသလို ညိတ်ပြသည်။ နောက်ပြီးမှ ပြန်ပြောပြသည်။

'ဒီလိုဟာ'

သူကအစချီပြီး ပြောပြသောကြောင့် ကျွန်လူတွေက ဟိုလိုမဟာဘဲ နားထောင်နေကြသည်။

'အဲ့ဒီနေ့က စာမေးပွဲဖြေခါနီးပြီ၊ ငါကလည်းသိတဲ့အတိုင်းစာအုပ်ကြည့်ရှုံနဲ့အိပ်ကငိုက်လာရော၊ ဒါနဲ့လမ်းထိပ်လက်ဖက်ရည်ဆိုင်အထွက်မှာ သူနဲ့ဇော်လတ်ကိုတွေ့လိုက်ရတယ်။ ငါက သူတို့နှစ်ယောက်အဆင်ပြေသွားပြီထင်တာ၊ အဲ့ဒီနေ့က သူကလည်းငါ့ကိုရှက်သလိုပုံစံနဲ့ပြောတယ်၊ နောက်နေ့မှာသူရယ်ငါရယ် သချိင်္ာကျူရှင်တက်ရမှာကို ကျူရှင်မသွားဘဲ ကန်ဘောင်ပေါ်ကိုသွားကြမယ်တဲ့'

www.burmeseclassic.com



သူကစကားကိုဖြတ်ပြီး အအေးကိုဆက်သောက်၍ ကျန်လူတွေက စိတ်မရှည်စွာ စောင့်နေကြသည်။

'ငါကမေးတယ်… ဘာသွားလုပ်မှာလဲဆိုတော့ သူကသူ့ချစ်သူနဲ့ ချိန်းထားလို့တဲ့၊ အဖော်လိုက်ခဲ့ပေးဖို့ ငါ့ကိုခေါ်တာတဲ့'

'ဒါဆို…မင်း…သူ့ဘဲကို တွေ့ဖူးတယ်ပေါ့'

'ဟင့်အင်း…မတွေ့ဖူးဘူး'

'ဟင်…ဘာကြီးလဲဟ'

သူက ဘာကြီးမှမဟုတ်ဘူးလို့ မပြောတော့ဘဲ သက်ပြင်းကိုချသည်။ ကျန်လူတွေကလည်း အတွေးကိုယ်စီနှင့်ဖြစ်၏။

'ဟုတ်တယ်…သူကသူ့ရည်းစားနဲ့ချိန်းတိုင်း ငါ့ကိုခေါ်တယ်၊ဒါပေမဲ့…ဒီငနာက တစ်ခါမှမလာဘူး၊ ကြာတော့ကွာ သူကမသိသာပေမယ့် ငါကမနေနိုင်ဘူး၊ နှစ်ယောက်တည်းလေ…နဂိုကမှ စိတ်ကသူ့ဆီခပ်ပါပါ နှစ်ယောက်တည်းဒီလိုထိုင်ပါများလာတော့ ငါဒုက္ခရောက်ပြီပေါ့'

လေးယောက်သား သူ့ကိုစာနာစွာ ဝိုင်းကြည့်ကြသည်။

'ဘေးနားမှာက သမီးရည်းစားအတွဲတွေချည်းပဲကွာ ငါတို့နှစ်ယောက်ကဘာလဲ…ဟိုကောင်မလေးနှစ်ယောက်ကထား၊မင်းတို့ပဲတွေးကြည့်ပါ ငါ့ရင်ထဲမှာဘယ်လောက်ခံရခက်လိုက်မလဲ။ ဒီကြားထဲကွာ သူကလည်း စကားတွေရွှန်းရွှန်းဝေအောင်ပြောတာကွ၊ ငါ့မှာ သူ့ကိုရည်းစားစကားမပြောမိအောင် မနည်းထိန်းခဲ့ရတယ်။ မင်းတို့မသိပါဘူး ငါ့ဒုက္ခကို ငါပဲသိတာ ကြာရင်မလွယ်ဘူး၊ သူ ငါ့ကိုဒုက္ခပေးပေါင်းလည်းများပြီ ဆယ်တန်းနှိုင်းကလည်း ငါမစားရအညှော်ခံကြီးလေ၊ အခုချိန်ထိလည်း ညှော်တုန်း…ကဲ… ဘယ်လောက်ဆိုးလဲကွာ…ဒီတော့…ငါရှောင်တာလွန်သလား'



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာပဲ ဘယ်သူမှဘာမှမပြောနိုင်ကြဘဲ တိတ်ဆိတ်သွားကြသည်။ ဆိတ်ဆိတ်နေခြင်းသည် သူ့အတွက်သူတို့စာနာကြောင်းကို ဝန်ခံရာရောက်နေတော့သည်။

+ + +

မိုးမြင့်သူကော်ရစ်တာတွင် ထိုင်ငိုင်နေပြီး အတန်းဖော်များဖြစ်သော သဇင်သင်းနှင့်ဝေသူခိုင်က ဘေးတွင်ထိုင်နေသည်။ အပေါင်းအသင်းတွေဖြစ်သောကြောင့် တစ်ယောက်မှိုင်လျှင်ကျန်လူများလည်း ဘာရယ်မသိဘဲ မှိုင်ကြ၏။

'မိုး…နင်ဘာဖြစ်နေလဲ…အခုတလော မှိုင်နေတာချည်းပဲ၊ပြဿနာရှိရင် ငါတို့နဲ့တိုင်ပင်လေ'

'ဘာမှမဟုတ်ပါဘူးဟယ်'

သဇင်၏အမေးကို သူမကမရေမရာဖြေသည်။ အမှန်တကယ်တွင် သူမနှင့်မြဲနေတတ်ခြင်းသည် တွဲလျှက်ဖြစ်သည်။ ဘယ်လိုခံစားမှုမျိုးမဆို ဘယ်သူ့ကိုမှမပြောဘဲ မျိုသိပ်ထားတတ်သည်။ ပြီးတော့…သူမဟန်ဆောင်ကောင်းသည်။ ထို့ကြောင့် သူမဘာဖြစ်နေလဲဆိုတာ ဘယ်သူမှမသိနိုင်ပါ။

'မဟုတ်ဘူးနော်…နင့်ကိုကြည့်ရတာ တစ်မျိုးပဲနော်'

ဝေသူခိုင်ကလည်း စကားကိုအစ်ထုတ်သည်။ သို့သော်သူမပြုံး၍



www.burmeseclassic.com

www.burmeseclassic.com



သာနေ၏။ ကျွန်နှစ်ယောက်က အချင်းချင်းမျက်စပစ်လိုက်ကြသည်။နောက်မှ …ဝေသူခိုင်က ပြောသည်။

'သိပြီ အခုတလော နင့်ဆီကို နင့်အကောင်မလာတာကြာပြီ၊အဲဒါကြောင့်နင်ဒီလိုဖြစ်နေတာမို့လား…ငါတို့သိတယ်နော်'

'ဟုတ်တယ် ကောင်မရေ…ညည်း…သူနဲ့ပတ်သတ်ပြီးငါတို့ကို ဘာမှမပြောပြသေးဘူးနော်'

ပြုံးနေသော သူမမျက်နှာတည်သွားပြီး၊ ရှက်ရိပ်သန်းသွား၏။

'ဟုတ်တယ်နော်…ငါနင်တို့ကို သူ့အကြောင်းတစ်ခါမှ မပြောပြဖူးဘူး'

'ဘာပဲဖြစ်ဖြစ်ဟာ…နင်နဲ့ငါတို့က ပေါင်းတာမကြာသေးပေမယ့် ညီအစ်မတွေလိုပဲလေ ဒီတော့…နင့်မှာဘာပြဿနာရှိလဲဆိုတာ ပွင့်ပွင့်လင်းလင်းတိုင်ပင်လေ၊ ဝေဒနာပဲဖြစ်ဖြစ် ပျော်စရာဘဲဖြစ်ဖြစ် ဖွင့်ပြောလိုက်ရင် ရင်ထဲပေါ့သွားမှာပါ'

သဇင်သင်းကပြောသောကြောင့် သူမပြောဖို့စိတ်ပါလာသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ သဇင်နှင့်ဝေသူခိုင်သည် သူမအပေါ်တွင် ကောင်းပါ၏။

'ဟုတ်တယ်မိုးရဲ…ပျော်စရာကိုရင်ထဲထားရင် တစ်ယောက်တည်းပဲပျော်ရမှာပေါ့၊ အေးလူတွေကိုဝေငှပြောပြရင် အေးလူတွေလည်းပျော်ရတာပဲလေ။ ဒီလိုပါပဲ…စိတ်ညစ်စရာတွေကို တစ်ယောက်တည်းကျိတ်ခံစားတာ နင့်ကိုယ်နင်ဒုက္ခပေးတာနဲ့အတူတူပဲ ဖွင့်ပြောမှပေါ့ဟ'

သဇင်သင်း၏စကားကို ဝေသူခိုင်က ထောက်ခံသည်။

'နင့်ရင်ထဲက ခံစားချက်တွေ ငါတို့ကိုပြောပြတာနင့်ကိုပေါ့စေတယ်လေ။ ကုစားနည်းတစ်မျိုးပေါ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ငါသိပါတယ်ဟာ…ဒီကိစ္စတွေကို ပြောဖို့အတွက် ဒီနေရာထက် စားသောက်ဆိုင်တစ်ဆိုင်ဆိုင်က ပိုကောင်းမယ်ထင်တယ်'

'ဒါပေါ့'

'ဒါဆို တို့…အေးဆေးတဲ့ဆိုင်တစ်ဆိုင်ကို သွားကြမယ်လေ'

+ + +



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

ဒီနေ့သည်ငြိမ်းချမ်းအတွက် ထူးဆန်းသောနေ့တစ်ရက်ဟုဆိုရမည်ဖြစ်သည်။ သူ့အတွက်တင်မကဘဲ တင်ကိုလတ်နှင့်ကျော်ဇင်ထွန်းတို့အတွက်လည်း ထူး၏။ထူးခြင်း၏အကြောင်းသည် တခြားတော့မဟုတ်ပါ အတန်းချိန်အကုန်တက်သောကြောင့်ပင် အရင်တုန်းကအတန်းတက်လျှင် တစ်ချိန်နှစ်ချိန်အများဆုံးတက်လျှင် သုံးချိန်ထက်မပိုပါ။

သို့သော်…ဒီနေ့တစ်ချိန်မှအလွတ်မပေးဘဲ တက်ကြ၏။ထို့ကြောင့်သူတို့အတွက်နေ့ထူးပင်။ အတန်းချိန်များပြီးသောအခါ သက်သက်စံတို့နှစ်ယောက်နှင့်အတူ ကန်တင်းထဲသို့ စနောက်ရယ်မောရင်းဝင်လာကြသည်။

ထိုင်နေကျဆိုင်သို့ရောက်သောအခါ ပို၍ထူးသောကိစ္စတစ်ခုကိုထပ်ကြုံရပြန်သည်။ တခြားမဟုတ်ပါ ဇော်လတ်နှင့်အတူ ကောင်မလေးတစ်ယောက်သူတို့ကို လာထိုင်စောင့်နေသောကြောင့်ဖြစ်သည်။ ဇော်လတ်နှင့်အပြောမနာဆိုမနာအဆင့်မဟုတ်ပေမယ့် ငယ်ပေါင်းတော့ဖြစ်သည်။

'စောင့်လိုက်ရတာကွာ…မင်းတို့ဒီနေ့ ဘုရားစူးအတန်းတွေတက်ပြီး၊ ဘုရားစူးစာတွေကြိုးစားနေကြတယ်ပေါ့လေ…အင်း…ကြုံရာမရှိကြုံရပါလား'



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ကွပ်နေသော ထိုင်နော၏စကားက သူတို့မျက်လုံးများကိုစောင်းစေ၏။ ဇော်လတ်က မျက်စောင်းဝိုင်းထိုးသောသူတို့ကို ဖြဲခနဲရယ်ပြသည်။

'မင်းက…လှိုင်သာယာကနေ ကျူးကျူးကျော်ကျော် တို့ဆီဘာလာလုပ်တာလဲကွ…ဟေ'

'အဟဲ…ငြိမ်းချမ်းဆိုတဲ့ မြွေထိုးကိုတွေ့ချင်လို့ပေါ့'

တင်ကိုလတ်၏အမေးကို ဇော်လတ်က ငြိမ်းချမ်းကိုမေးငေါ့ရင်း တုန့်ပြန်သည်။

'မင်းနဲ့ငါတွေ့စရာ ဘာအကြောင်းရှိလို့လဲ'

'ဟာ… ရှိပြီလားကွာ… ဒါပေမဲ့… မင်းအတွက်အကျိုးရှိသလို ငါ့အတွက်လည်း အကျိုးရှိ၊ နှစ်ယောက်ကောင်းဖို့အတွက်ပါကွ…ဟဲဟဲဟဲ'

ဇဝေဇဝါနှင့်ဖြစ်နေသောသူ့ကို ကိုလတ်တို့နှစ်တွဲကဝိုင်းကြည့်ကြသည်။ ဇော်လတ်ကောင်မလေးက စကားတစ်ခွန်းမှမပြောဘဲ နဂိုကတည်းကမှေးပုံရသော မျက်မှေးလေးနှင့်မှေးကြည့်နေသည်။ ရုတ်တရက်ကြည့်မည်ဆိုလျှင် အိပ်ငိုက်နေသည်ဟု မြင်ကြပေလိမ့်မည်။

'ဘာအတွက်လဲကွ'

သူကမေးတော့ ဇော်လတ်က အမြင်ကတ်စရာကောင်းလောက်အောင်ပြုံးသည်။ ပြီးမှ…

'ဟိုကောင်တွေကိစ္စ အဆင်ပြေသွားကာဟာ…အဓိကအကြောင်းရင်းက မင်းရဲ့ဖဲဗေဒင်ကြောင့်ပဲမို့လား'

'မင်းကို ဘယ်သူပြောလဲ'

'သက်သက်စံပေါ့'

'ဩော်'



www.burmeseclassic.com

www.burmeseclassic.com



သူက သက်သက်စံကို မျက်စောင်းထိုး၏။ သူ့အကြောင်းထိုကဲ့သို့ လျှောက်ပြောခြင်းကို သူမကြိုက်ပါ။

'ဩော်…တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်၊ဒါကငါ့ချစ်သူ— မေမိုးပြေးတဲ့'

'ဟင်…နာမည်က ဘယ်လိုလေးလဲဟဲ့'

သန္တာဝင်းက မနေနိုင်မထိုင်နိုင်မေးသောကြောင့် မျက်မှောင်လေး ခစ်ခနဲရယ်ရင်း ပြောပြသည်။

'မိုးပြေးကိုမွေးတော့ မိုးကရွာခနဲဆိုင်းမဆင့်ဗုံမဆင့်ရွာပြီး ပေါ် တိတ်သွားတယ်လေ။ အဲ့ဒီလိုမိုးပြေးရွာတာလေးနဲ့တိုက်ဆိုင်ပြီး မေမိုးပြေး လို့ပေးလိုက်ကြတာပါ'

'ဩော်…ဒီလိုကိုး'

မိုးရွာတာ ဆိုင်းတွေဗုံတွေဆင့်တတ်လားဟု သူတွေးလိုက်မိသေး ဒါပေမဲ့ အဆီပိတ်ခေါ် ကျော်စင်ထွန်းက တခွိခွိရယ်ရင်းပြောသည်။

'တော်သေးတာပေါ့နော်…မိုးပြေးလေးရွာလို့၊ မိုးကဆက်ရွာ မေမိုးဆက်တို့…မယ်ဝသုန်တို့ဖြစ်လာနိုင်စရာ အကြောင်းရှိတယ်'

'ဟ…အဲ့ဒါကတော်သေးတယ်…မိုးမပြေးဘဲ ခွေးတို့ကြောင် ဝက်တို့ နွားတို့ဖြတ်ပြေးရင် မေနွားပြေး၊ မေခွေးပြေး၊မေကြောင်ပြေး မဟုတ် မေဝက်ပြေးလို့မှည့်ကြမယ်ထင်တယ်'

'ယောကောင်တွေ… တော်ကြကွာ'

ငါးခူခေါ် တင်ကိုလတ်ရဲ့ပြက်လုံးက ထိုမျက်မှောင်လေးကို ပြူးသွားစေပြီး ဇော်လတ်အသံကိုပြုစေ၏။

'နင်တို့ကလည်း မစကြပါနဲ့ဟဲ့…စိတ်ဆိုးနေဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



သက်သက်စံကပြောတော့ မျက်မှေးလေးက…

'ရပါတယ်…အဟင်း'

ရှက်ပြုံးလေးနှင့်ပြော၏။ ဒါပေမဲ့ သန္တာဝင်းစကားကြောင့် သူမ အန်းတန်းတန်းဖြစ်သွားသည်။

'ညီမကိုပြောတာမဟုတ်ပါဘူး…ညီမလေးက သဘောထားပြည့်တယ်လေ…ဟိုကောင်ဇော်လတ်က အခုတောင်နှာခေါင်းနီနေပြီ၊ သူစိတ်ဆိုးမယ်လို့ပြောတာ'

'တော်ဟာ…လိုရင်းကိုမရောက်တော့ဘူး'

ဇော်လတ်ကို ခွင်ဝင်တုန်းနှိပ်ကွပ်ထားခြင်းပင်။ ထိုင်နေသည်လည်း ငြိမ်းချမ်းကဲ့သို့ ငြှိမ်ပင်ဖြစ်၏။ သူများတွေကို ပြောတုန်းကသွားဖြီးကြီးနှင့်ဖြစ်ပြီး သူ့အလှည့်ကျတော့ မျက်နှာကြီးရဲပြီး စိတ်ဆိုးနေသည်။

ဇော်လတ်က ငြိမ်းချမ်းကိုပြောသည်။

'ဒီတော့ကွာ…မင်းငါတို့ကို ဖေဒင်ဟောပေး…ဒီလိုဆိုမင်းလည်း ဖဲသမားဖေဒင်ဆရာဆိုပြီး နာမည်ကြီးပေါ့။ အဲ့ဒါမင်းရောငါရော နှစ်ယောက်ကောင်းမဟုတ်လား'

ငြိမ်းချမ်းမျက်နှာကြီး မဲ့သွားသည်။ ဒီငနာပြောရင် ဘယ်တော့မှ အကောင်းမပါဘူးဟု သူတွေးလိုက်သည်။

'ဟုတ်ပါတယ် ကိုငြိမ်းချမ်းရဲ့…မိုးပြေးက ဒီကိစ္စကိုအရမ်းစိတ်ဝင်စားတာပဲ ဟောပေးပါနော်'

သူသက်ပြင်းချလိုက်သည်။ သက်သက်စံ၏ကောင်းမှုနှင့် သူဖေဒင်ဟောစားရမလိုဖြစ်နေသည်။ နောက်မှ တစ်စုံတစ်ရာကိုသတိရပြီး သူကဇော်လတ်ကိုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီဇော်လတ်…ဒီကိစ္စကငါ့အတွက်မခက်ခဲပါဘူး၊ ဒါပေမဲ့…ဟောပြီးရင် မင်းကိုငါမေးစရာတစ်ခုရှိတယ် မင်းပြောပြမယ်ဆိုရင်ငါဟောပေးမယ်'

ဇော်လတ်က မျက်မှောင်တွန့်၍စဉ်းစားသည်။

'ငါမသိတဲ့အကြောင်းအရာတော့ အာမမခံဘူးနော်၊အေး…ငါသိရင်တော့ပြောပြမယ်'

'ok … ဖြစ်ပြီ…ဒါပေမဲ့…ငါ့ဆီမှာ ဖဲထုပ်မရှိဘူး'

'ငါ့မှာပါတယ်'

'ဒါပေမဲ့…ဆော့ပြီးသားဖဲထုပ်မဟုတ်ဘူးနော်၊ ဆော့ပြီးသားဆိုမမှန်ဘူး'

'အသစ်ပါကွ…ဖောက်တောင်မဖောက်ရသေးဘူး'

ထို့နောက် လုပ်ရိုးလုပ်စဉ်အတိုင်းပဲ သူကဖဲချပ်တွေကိုအစဉ်လိုက်စီ၏။

| (A) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) | (10) | (J) | (Q) | (K) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဟတ် | ဆောင့် | စပိတ် | ညှင်း | စပိတ် | စပိတ် | ဟတ် | ဆောင့် | ဟတ် | ညှင်း | ဆောင့် | ဆောင့် | ညှင်း |

'ရပြီ…ဒါပေမဲ့…ဒီဗေဒင်က ယုံကြည်မှုနဲ့ဆိုင်တယ် ယုံမှမှန်တယ် မယုံရင်မမှန်ဘူး'

'ယုံလို့ မေးတာပေါ့ကွ'

သူကကောင်မလေးကိုကြည့်ပြီး ပြောသင့်မပြောသင့်ချိန်ဆသည်။

'မင်းတို့နှစ်ယောက်ရဲ့ စိတ်သဘောထားချင်းကမင်းတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဖို့ ဆတူညီကြတယ်။ ဒီစပိတ်ဖဲသုံးချပ်နဲ့ဟာတ်(ထ်)ဖဲသုံးချပ်က မင်းတို့နှစ်ယောက်ရဲ့ဆန္ဒကိုရည်ညွှန်းနေတယ်။ ဉှင်းဖဲသုံးချပ်ဓာ မင်းတို့ကိုလိုလားတာကိုပြပြီးတော့ ထောင့်ဖဲလေးချပ်က မလိုလားတာကိုပြတာ'

'ဩော်…ဒါဆို…လောလောဆယ် ငါတို့အတွက်မကောင်းသေးဘူးပေါ့'

'အင်း…မလိုတဲ့ဘက်က ပိုများနေတော့ လောလောဆယ်မင်းတို့ကိစ္စမိဘတွေကို အသိမပေးတာကောင်းတယ်'

ဇော်လတ်တို့နှစ်ယောက် တိတ်သွားကြသည်။

'ဘယ်လိုသဘောရလဲ… ဒါပေမဲ့… စိတ်ထဲတော့မထားပါနဲ့၊ ဗေဒင်ဆိုတာ အပျော်သဘောပဲကောင်းတယ်'

'ဟာ…ကိစ္စမရှိပါဘူး…တို့ကိစ္စလူကြီးတွေကို အသိမပေးရုံပေါ့‥ကဲ…မင်းမေးမယ့်ကိစ္စကဘာလဲ'

+ + +

သူကခဏ ချိန်ဆကြည့်လိုက်သည်။ ကြာပြီဖြစ်သောကြောင့် ဇော်လတ်မေ့ချင်လည်းမေ့သွားနိုင်သည်။ ဒါပေမဲ့ သူကထိုနေ့ကဘာတွေပြောကြလဲဆိုတာ သိချင်နေ၏။

'မင်းမှတ်မိဦးမလား မသိဘူး… ငါတို့ဆယ်တန်းစာတွေကိုအသဲအသန်ကျက်ရတဲ့တစ်ရက်မှာ မင်းနဲ့မိမိုးကို ငါတို့လမ်းထိပ်မှာစကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ့လိုက်ရတယ်၊ ဘာတွေပြောနေကြလဲတော့ မသိဘူး။ သူကရုက်နေ သလိုပဲ မင်းကငါ့ကိုတွေ့တော့ နောက်ကြောင်းပြန်လှည့်သွားတယ်လေ အဲဒီနေ့က အကြောင်းတွေကို ငါသိချင်တယ်'

'ဪ...ဒီအကြောင်းလား...အဟဲ'

ဇော်လတ်က မျက်နှာအပျက်ပျက်နှင့် မျက်မှေးမလေးကို ကြည့် သည်။ မျက်မှေးမလေးက ဇော်လတ်ကိုမျက်စောင်းထိုး၏။ သူကတမင်ပဲ အတင်းမေးသည်။

'မင်း...မေ့နေလို့လား'

'မမေ့တော့မမေ့ဘူးပေါ့ကွာ...အဟဲ...ဒါပေမဲ့... ငါသိတဲ့ကိစ္စ ကိုသူမသိဘူးဟ...အဟဲ'

'ဪ...ဘာဖြစ်လဲကွာအရင်ကကိစ္စပဲ မသိသေးတော့သူလည်း သိရတာပေါ့'

'ငမွဲထိုး...ဟင်း...မင်းကတော့ မွှေပြန်ပြီ'

'ဘာကိစ္စလည်း ဟင်...ကိုဇော်...မိုးပြေးကိုဘာတွေလိမ်ထားတာ ရှိလဲ'

'ဟိုလေ...ဟို'

'ဟိုတွေ ဒီတွေလုပ်မနေနဲ့...ပြောပြနော်...ကြည့်စမ်း အကျင့်မ ကောင်းဘူး...ပြောဆို'

မျက်နှာရှစ်ခေါက်ချိုးခါနီးကောင်မလေးကို ဇော်လတ်ကချစ်ပုံ ထို့ကြောင့် မပြောချင်ပြောချင်နှင့်ပြောပြသည်။ အားလုံးကစိတ်ဝင်စားနား ထောင်နေကြသည်။

'အဟမ်း...အဲ့ဒီနေ့က မှတ်မှတ်ရရသောကြာနေ့ကွာ မင်းသိတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းငါက သူ့နောက်ကိုအသွားရောအပြန်ပါလိုက်တာပေါ့ကွာ၊ အသွားတုန်း ကငါ့ကိုဘာတစ်ခွန်းမှ ပြန်မပြောဘူး၊ ငါကလည်း ဖွဲ့ကရှိပြီးသား…အဟဲ'

ဇော်လတ်ကစကားကိုလျှို့ပြောပေမယ့် မျက်မှေးမရိပ်မိသောကြောင့် တဖြည်းဖြည်းမျက်နှာက မကောင်းတော့ပေ။

'ဒါပေမဲ့အပြန်ကျတော့သူက ငါ့ကိုစကားပြန်ပြောတာကွ၊ငါလည်း အဆင်ပြေပြီထင်တာ ဘယ်ဟုတ်မှာလဲ သူကသူ့မှာချစ်သူရှိကြောင်းပြောတာ လေ။ငါလည်း ဘယ်ယုံမှာလည်း…မယုံဘူး…နင်ဘယ်လိုသက်သေပြမလဲ ဆိုတော့ သူကရှက်ရယ်ရယ်တယ်…ဒီအချိန်မှာ မင်းကိုတွေ့တော့ သူပိုရှက် သွားပြီး ငါ့ကိုပြောတယ်၊ မယုံရင်မနက်ဖြန်ကျရင် ငါနဲ့ငါ့ချစ်သူ ကန်ဘောင် ပေါ်မှာချိန်းတွေ့ကြမှာလေ…မယုံရင်လာကြည့်ပေါ့တဲ့…ငါလည်းစိတ်ချ လာကြည့်မှာ ဘယ်အချိန်လဲမေးတော့ ညနေတဲ့။ မင်းနဲ့တဖြည်းဖြည်းနီးလာ တော့ ငါလည်းလှည့်ပြန်သွားတာပေါ့'

'နောက်နေ့ မင်းသွားကြည့်တော့ ဘယ်သူနဲ့တွေ့လဲ'

ငြိမ်းချမ်းက စိတ်ဝင်တစားမေးပြီး မျက်မှေးမကတော့ စိတ်ကောက် နေလေပြီ။ ကျန်လေးယောက်ကလည်း အတော်စိတ်ဝင်စားနေကြပြီ။ ဇော် လတ်က ငြိမ်းချမ်းကို ပြုံးကြည့်သည်။

'ဟ…ဘယ်သူနဲ့တွေ့ရမှာလဲ…မင်းနဲ့ပေါ့'

'ဘာ'

ငြိမ်းချမ်းနှင့်အတူ အားလုံးမျက်လုံးပြူးသွားကြသည်။ ပြီးမှငြိမ်းချမ်း က ရယ်လေသည်။

'ဟား…ဟား…ဟား မင်းကငါ့ကိုအထင်ကြီးနေပြန်ပြီ၊သူကတစ် ယောက်တည်းမို့ ငါ့ကိုအဖော်ခေါ်တာပါကွာ။ ငါကသူ့ချစ်သူမဟုတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား…ရယ်ရတယ်…ငမြွေထိုးရာ'

ဖော်လတ်က ခွက်ခွက်လန်ရယ်ပြန်သောကြောင့် အားလုံးသောမျက်လုံးတွေက သူ့ဆီစုပြုံရောက်သွားပြန်သည်။

'မင်းက ဘာရယ်တာလဲ'

ငြိမ်းချမ်းက ရုပ်တည်နှင့်မေးသောကြောင့် ဖော်လတ်ကပြောသည်။

'မင်းတော်တော်လိမ်တာပဲ…ငါ့ကိုညာလို့မရဘူး၊ အဲ့ဒီတစ်ညနေလုံး မင်းတို့နှစ်ယောက် စကားတွေပြောနေကြတာ မိုးချုပ်မှပြန်သွားကြတယ်လေ၊ ငါက မင်းနဲ့ချစ်နေတယ်ဆိုတာ မယုံလို့နောက်နေ့ထပ်မေးတယ်လေ'

'ဒီတော့…မိမိုးက ဘာပြောလဲဟင်'

သက်သက်စံက သိချင်ဇောနှင့်မေးတော့ ဖော်လတ်ကငြိမ်းချမ်းကို မလိုတမာနှင့်ကြည့်၏။

'ဘာပြောလဲဆိုတော့…ငါကမေးတာပေါ့ ငြိမ်းချမ်းနဲ့နင်ကချစ်နေကြတာလား မေးတယ်လေ၊ သူကခေါင်းညိတ်တယ်၊ ပြီးတော့…နင်မနေ့ကငါတို့ကိုမတွေ့ဘူးလားတဲ့၊ ကဲ…မရှင်းဘူးလား…ဒီထက်ရှင်းတဲ့အဖြေကိုမင်းတို့ရှာလေ'

အားလုံးက ငြိမ်းချမ်းကိုအံ့သြတကြီးဝိုင်းကြည့်ကြ၍ ငြိမ်းချမ်းခမေဝေါနှင့် ပေကြောင်ကြောင်လေးဖြစ်နေ၏။

'မဟုတ်ဘူးနော်… ဖော်လတ်၊ မင်း… တစ်ခုခုတော့လွဲပြီထင်တယ်'

'မလွဲဘူး သူငယ်ချင်းအတိအကျပဲ…ပြီးတော့…ကိုလတ်နဲ့ကျော်စင်ထွန်းရော သက်သက်စံနဲ့သန္တာဝင်းရော ငါမေးမယ် လောလောဆယ်ကွာ မိမိုးဘယ်ယောက်ျားလေးနဲ့တွဲနေလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငမွေ့ထိုး'

လေးယောက်သားတစ်သံတည်းထွက်လာကြသည်။

'ကဲ…ကိုးတန်းဆယ်တန်းကတည်းက မိမိုးတွဲခဲ့တာ မင်းပဲလေ… တခြားတစ်ယောက်ဆိုတာ သူ့ဘဝမှာဘယ်တုန်းကမျှားရှိခဲ့လို့လဲ'

'ဟုတ်တယ်…ဒါအရှင်းဆုံးပဲ'

အားလုံး၏စကားအဆုံးမှာပဲ ငြိမ်းချမ်းတစ်ကိုယ်လုံးလေထဲကြွတက်သွားသလို ခံစားရသည်။ စိတ်ထဲတွင်ပျော်ရွှင်ခြင်းနှင့်အတူ စိတ်မကောင်းခြင်းများကို တစ်ပြိုင်နက်တည်းခံစားလိုက်ရတော့သည်။

'ရှင်းပါတယ်… အတော့်ကိုရှင်းပါပြီ… လူညာကြီး… ရှင်ပြောတော့ အချစ်ဦးလည်းမင်းပါပဲ…အချစ်ဆုံးလည်း မင်းပါပဲဆို…အခုတော့ အလိမ်ပေါ်ပြီ'

မေမိုးပြေးမျက်နှာရှစ်ခေါက်ချိုးနှင့်အတူ မကျေမနပ်နှင့်ဇော်လတ်ကို ပြောပြီး ဆယ့်ခြောက်ခေါက်ကျိုးသွား၏။ ဇော်လတ်လည်း မျက်ပြူးဆံပျာနှင့်ချော့ရသည်။

'ဟိုလေ…အဲ့ဒီတုန်းက အပျော်ပါကွာ…တကယ်မတည်ပါဘူး… ယုံပါကွာ…မင်းတစ်ယောက်တည်းပဲ'

'အပိုတွေလာပြောမနေနဲ့…ရှင့်ကိုစိတ်ဆိုးတယ်၊ သွားမယ် ရှင်နဲ့ ကိစ္စပြတ်ပြီ'

'ဟာ…ဟေ့…နေဦးလေ'

ကောင်မလေးက ကောက်ချိတ်ပြီး ဆက်ကော့လတ်ကော့ထသွားသောကြောင့် ဇော်လတ်ကပြေးလိုက်သည်။ ခပ်လှမ်းလှမ်းရောက်မှ လှည့်အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငမြွေထိုး…မင်း အတော်ထောင်တဲ့ အကောင်'

လေးယောက်သားအဝေးရောက်သွားသော အတွဲကိုတစ်ချက်ကြည့်ပြီး သူ့ကိုဝိုင်းငေးကြ၏။ သူကဟီးခနဲရယ်သည်။

'အဟီး‥သူငယ်ချင်းတို့…ငါအတော်ထူတာပဲကွ နော်'

လေးယောက်သားသူ့ကိုကြည့်၍ ပြုံးစိစိဖြစ်လာကြပြီး…

'ငထူကောင်'

ဟုတစ်ညီတစ်ညွတ်တည်း အသံထွက်လာသည်။ ထို့နောက်သူတို့၏ ရွှင်မြူးသောရယ်သံများက ဆိုင်ထဲတွင်ညံသွားလေသည်။

+ + +



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

မိုးမြင့်သူတစ်ယောက်တည်း အိပ်ယာထဲတွင်အတွေးများနှင့်ချာက လည်လိုက်နေသည်။ သူမအစားပျက်၊ အအိပ်ပျက်နှင့်အတူ ကောင်းကောင်း အိပ်မရခဲ့သည်မှာ ကြာပေပြီ။ သူမငြိမ်းချမ်းကိုမကျေမနပ်နှင့်တတွတ်တွတ် ပြောနေ၏။ ဒါပေမဲ့ ငြိမ်းချမ်းကမရှိပါ။

'ယောကျ်ားဖြစ်ပြီး သတ္တိကိုမရှိဘူး၊ ငထူ၊ ငဖျင်း အဖြစ်မရှိတဲ့ အကောင်…ရေလာဖို့မြောင်းတင်မဟုတ်ဘူး သံပိုက်လိုင်းကြီးဆင်ပေးတာ တောင် သင်းကစီးရမယ်မှန်းမသိဘူး… မှန်းစရာကောင်းလိုက်တာ…အရမ်း ပဲ'

သူမ၏စကားကို သူနားမလည်နိုင်လောက်အောင်ထူသည်။

'ဒီအတိုင်းဆို မိန်းကလေးကဖွင့်ပြောရမှာလား နင်သေလိုက်တော့ နောရယ်၊ ငါဒီထက်ပိုပြီး နင့်ကိုဘာများပိုပြောရမလဲ။ ငါ့စကားတစ်ခွန်းရဲ့ အဓိပ္ပာယ်က ဘယ်အတိုင်းအတာထိရောက်တယ်ဆိုတာ နင်ဒီခေတ်ကြီးထဲမှာ နေပြီး မသိဘူးလား'

သူမဖက်လုံးကြီးနှင့်နံရံကိုပစ်လိုက်သည်။ ငြိမ်းချမ်းအပေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောချစ်ဒေါသသည် ဖက်လုံးနှင့်နံရံ၏ပေါ်သို့ ပုံကျသွားသည်။ သူမရှိသော နေ့ရက်များသည် သူမအတွက်အတွေးများနှင့်ပူလောင်လွန်းလှသည်။သူငယ် ချင်းများကိုရင်ဖွင့်ခဲ့ပြီးပေမယ့် ပေ့ါမသွားဘဲပိုဆိုးလာ၏။

'တီ…တီ…တီ'

ဖုန်းကမြည်လာသောကြောင့်ဖွင့်ပြီး ငြိမ်းချမ်းဆီကလားဟုမျှော်လင့် ချက်လေးနှင့်နံပါတ်ကိုကြည့်သည်။ တစ်ခါမှမမြင်ဖူးသော နံပါတ်တွေဖြစ် သောကြောင့် ဇဝေဇဝါနှင့်ဟဲလိုလိုက်၏။

'ဟဲလို'

'မမိုးမြင့်သူပါလား ခင်ဗျာ'

'ဪ…ဟုတ်ကဲ့'

'ဒီလိုပါ…ခင်ဗျားရဲ့ချစ်သူက မနက်ဖြန်ညနေစောင့်နေကျနေရာက စောင့်နေပါ၊ ဒီတစ်ခါ သူတကယ်လာခဲ့ပါ့မယ်တဲ့…ဒါပါပဲ ခင်ဗျာ'

'ဟဲလို…ဟဲလို'

ပြောချင်ရာပြောပြီး ဖုန်းချသွားသောကြောင့် သူမစိတ်ပိုရှုပ်သွား သည်။

'နာမည်ကိုအသေအချာမေးပြီးမှပဲ တလွဲပြောသွားတယ်နေပါဦး… ငါ့ချစ်သူက ငြိမ်းချမ်းကလွဲပြီး တခြားဘယ်သူရှိလို့လဲ…အဟိ…ရယ်ချင် တယ်'

'တီ…တီ…တီ'

နောက်တစ်ကြိမ်လာသော ဖုန်းသည်လည်း သူမ မသိ၏။

'ဟဲလို'

'ဟဲလို…မမိုးမြင့်သူလားရှင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်ရှင့်'

'ဩော်…အစ်မချစ်သူက…မနက်ဖြန် သူတကယ်လာမယ်ဆိုတာ ပြောခိုင်းလိုက်လို့ပါ၊ စိတ်ချလက်ချ စောင့်နေပါတဲ့'

'ဟဲလို…ဟဲလို'

သူ့ဘာသာပြောချင်ရာပြောပြီး ဖုန်းပိတ်သွားသောကြောင့် သူမစိတ် ရှုပ်သွား၏။

'ဘယ်လိုတွေလဲ… ဘယ်သူကများ ငါ့ကိုစနေလဲ… တော်ပြီ… ပိတ်အိပ်တာပဲ အေးတယ်'

ဖုန်းကိုပိတ်၍ စောင်ကိုခေါင်းမြီးခြုံလိုက်တော့သည်။ တကယ်အိပ် ပျော်သွားလားတော့ မသိပါ။

+ + +

ငြိမ်းချမ်းစိတ်လှုပ်ရှားစွာနှင့် ဖုန်းဒိုင်ခွက်ထဲက နာရီကိုတစ်ချက် ထုတ်ကြည့်သည်။ ဇော်လတ်နှင့်မေမိုးပြေးက ပြုံးလိုက်ကြသည်။

'စိတ်ချပါကွာ…သူစောင့်နေမှာပါ'

'ဟုတ်ပါတယ်…ကိုဇော်ကအရင်ဆက်တယ်၊ကိုဇော်က မိုးပြေးဆီ ဖုန်းဆက်ပြီးပြောခိုင်းမှ မိုးပြေးကထပ်ပြောတယ်…သူစောင့်နေမှာပါ'

'ဒီကောင်က အဲ့ဒီလိုပဲ…မလိုတဲ့နေရာဆို အရမ်းဇွဲစပ်သေချာတာ လိုတဲ့နေရာကျတော့…တလွဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ကမဲ့ရွဲ့ပြီးပြော၍ ကျော်ဇင်ထွန်းနှင့်သက်သက်စံ၊ သန္တာဝင်းက မျက်စောင်းဝိုင်းထိုးသည်။

'အေးကွာ…အခုလိုင်ငါ့ကိုကူညီတာကျေးဇူးပါပဲ၊ဇော်လတ် မင်းနဲ့သာမဆုံခဲ့ရင် သူနဲ့ငါချစ်ရက်နဲ့ဝေးနေကြတော့မှာ…ကျေးဇူးတကယ်တင်တာပါ'

'မလိုဂါဘူးကွာ…ငါတို့အချင်းချင်းတွေ အမြင်ကြည်ရင်ပြီးတာပဲ…အဟဲ…မင်းသွားတော့လေ'

'အေး…ဒါဆိုလည်းလစ်ပြီ'

ဘယ်ကတည်းက သွားချင်နေလဲမသိသော ငြိမ်းချမ်းကချက်ချင်းအဝေးကိုရောက်သွား၍ ကိုလတ်ကလှမ်းပြောသည်။

'ဟော့ကောင်…ဒီတစ်ခါ မလွဲစေနဲ့နော်'

နောက်ပိုင်းက လှောင်ရယ်သံများကြောင့် ငြိမ်းချမ်းတစ်ချိုးတည်းပြေးတော့သည်။

+ + +

ခုံတန်းတွင် မိုးမြင့်သူတစ်ယောက်တည်းထိုင်နေသည်။ ဘေးခုံတန်းကပလူးနေသောအတွဲများကို မနာလိုစွာကြည့်သည်။ သူမသည်လည်း သို့ကဲ့သို့ကြည်နူးချင်သည်။ သို့သော်…သူမသက်ပြင်းကိုချလိုက်လေ၏။ သူမငြိမ်းချမ်းကိုမျှော်နေမိသည်။ သူရှိလျှင် သူမဘဝပြည့်စုံသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မိမိုး'

'ဟယ်...နှင် ငါ့ဆီလာတယ်'

'ဒါပေါ့'

သူမဝမ်းသာသွားတော့သည်။သူကသူမအေးတွင် ဝင်ထိုင်ပြီးအဓေး ကိုငေးသည်။ သူမ၏မျက်နှာတွင် စိတ်ချမ်းမြေ့ခြင်း ကြည်နူးခြင်းများတွဲခို နေလေ၏။

'နှင်...ဘာလို့ငါ့ဆီပြန်လာလဲ'

'ငါ... နှင်တစ်ယောက်တည်း ပျင်းနေမှာစိုးလို့ပါ၊ ပြီးတော့...ဟိုး အရင်ကတည်းက...ငါကနှင်နဲ့အတူရှိနေခဲ့တာပဲ'

ကောင်မလေးက ကောက်ကာငင်ကာ ထပြောသည်။

'ငါပျော်လိုက်တာဟယ်'

ပြီးနောက်...သူမကကလေးငယ်တစ်ယောက်လိုပြုံး၍ သူ့ကိုကြည့် သည်။ သူကလည်း သူမအပြုံး၏အဓိပ္ပာယ်ကို သဘောပေါက်သွားပြီဖြစ် သည်။ ထို့ကြောင့်...

'နှင်ဘယ်သူ့ကိုစောင့်နေတာလဲဟင်'

'အင်း...ငါ့ချစ်သူကိုပေါ့'

'ရောက်လာပြီလား'

'အဲ'

သူမဘာပြန်ပြောရမှန်းမသိဘဲ ယောင်တောင်တောင်ဖြစ်နေ၍ သူက အပြုံးနှင့်ပြောသည်။

'မိမိုး...နှင်သူ့ကို စောင့်မနေနဲ့တော့'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကိုယ်စား…ငါလာခဲ့တာလေ'

သူမခဏတော့ မျက်လုံးလေးဝိုင်းသွား၏။နောက်တော့မှ ရှက်သွားပြီး ခေါင်းငုံ့သွားသည်။ ဆက်ပြောသော သူ၏စကားများက သူမနားကိုချိုစေ၏။

'ဟုတ်တယ်…နင့်ကို ငါအရမ်းချစ်တယ် မိမိုး'

'ဟွန်း…ဘယ်သူမြှောက်ပေးလိုက်တာလဲ'

'အံမာ…ရည်းစားစကားပြောတာပဲ ဘယ်သူမှမြှောက်မပေးလဲ ပြောတတ်တယ်လေ'

သူမက သူ့ကိုဝံ့ဝံ့စားစားလေးကြည့်ပြီး ပြုံးသည်။

'မသိပါဘူး…အရင်ကနင်…အဖြစ်မှမရှိဘဲ'

'စကားမလွှဲနဲ့ဟာ…နင်ငါ့ကိုဘယ်လိုသဘောထားလဲ'

'အပေါင်း…ဒီလိုပါပဲ'

သူမ၏အဖြေကြောင့် သူကမျက်စောင်းထိုး၏။

'ဘာ ဒီလိုပါပဲလဲ'

'ဩော်…အရင်လိုပါပဲလို့'

'ဟော…ကြည့်…ပြောလေရှုပ်လေ…ဘာအရင်လိုပဲလဲ'

သူ့အမေးကြောင့် သူမကရယ်သည်။ သူကမကျေမနပ်နှင့်ကြည့်နေ၏။

'နင်ဟာလေ…အတော်ထူတယ်…ငါကတော်လာပြီမှတ်တာ ထုတုန်းပဲ…သိလား'

'ငါက ဘာထူလို့လဲ'

'ဒီပတ်ဝန်းကျင်ဟာ ချစ်သူတွေချည်းပဲလေ၊ နင်နဲ့ငါမှာအတူတိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါတို့လည်းဘာတွေလဲ၊ နင်ဟိုးအရင်ကတည်းက ဒါကိုစဉ်းစားခဲ့ ရမှာ'

'ဟာ... ဟုတ်သား...ဒါဆိုနင်'ငါ့ကို...ဒီကိုစခေါ်ကတည်းက ချစ်သူလို့ သဘောထားခဲ့တာပေါ့နော်'

သူ့ဝမ်းသာအားရပြောတော့ သူမကခေါင်းညိတ်သည်။

'အင်း... နင်သဘောပေါက်လာပြီပဲ'

'ဒါပေါ့... ငါကတော်တာကို'

သူမက ခေါင်းရမ်း၏။

'ဒါပေမဲ့...နင်ဒီလိုတော်လာဖို့ ငါအကြာကြီးစောင့်ခဲ့ရတယ်...နင် ထူတာက ထူတာပဲ'

'ဒီအတွက် ငါဘာပြန်လျော်ပေးရမလဲ'

'ငါမတောင်းဆိုခဲ့ဘူးနော်'

သူက ပြုံးပြုံးလေးဖြစ်နေသောသူမကို ငေးကြည့်သည်။ ထို့နောက် ... သူမ၏လက်လေးကို လှမ်းဆွဲလိုက်သည်။

BURMESE CLASSIC

'နင် ငါ့ကိုချစ်လားဟင်'

'အင်း...နင် ငါ့ကြောင့်အရိုက်ခံရပြီးကတည်းက ငါနင့်ကိုချစ်ခဲ့ တာပဲ'

သူပြုံးလိုက်သည်။

'ဒါပေမဲ့...နင်ငါ့ကိုမမီပါဘူး...ငါက ငယ်ငယ်ကတည်းက ချစ်ခဲ့ တာ'

'ဟုတ်ပဲနဲ့'

သူကမျက်စောင်းထိုးကြည့်နေသော သူမမျက်နှာအေးကိုကပ်ပြီး တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်မဟုတ်ဆိုတာ…ငါအခုပဲ သက်သေပြမယ်လေ'

'ဒါလည်း…ငါမတောင်းဆိုဘူးနော်'

'အင်…ဟာ…သိဘူးဟာ… ပြမှာပဲ၊ ဒီလိုမျိုးသက်သေပြဖို့ စောင့်နေခဲ့ရတာကြာလှပြီ'

'နင့်ကိုဘယ်သူက စောင့်ခိုင်းလို့လဲ၊ ပြီးတော့…ဒါကဘာနယ်မြေ လဲ'

'ချစ်သူ့နယ်မြေရိယာလေ…ဒါဆို…'

ငြိမ်းချမ်းမျက်နှာ ဝင်းခနဲဖြစ်သွားသည်။ ပြီး…မိုးမြင့်သူကိုရင်ခွင် ထဲ အတင်းဆွဲသွင်းတော့သည်။

မိုးမြင့်သူခမျာ… ပြုံးချိုကျေနပ်နေသည့် နှုတ်ခမ်းနှစ်လွှာမှ စကား တစ်ခွန်းသာ ပြောလိုက်နိုင်ရှာသည်။

'ခုမှ… ဖွတ်…'

ချစ်မျှားရှင်



www.burmeseclassic.com